# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# စတုတ္ထပုံမှန်အစည်းအဝေး
# (၁၆) ရက်မြောက်နေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (၁၆) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း- | ၄ |
| ၆ | (က) ဦးမြင့်သိန်း၊ ဝက်လက် မဲဆန္ဒနယ်၏ နှစ်စဉ်စိုက်ပျိုးစရိတ်ချေးငွေများကို မဆပ်သူတစ်ဦးတစ်ယောက်ကြောင့် နောင်နှစ်တွင် ချေးငွေထုတ်မပေးပါသဖြင့် ငွေကျေပြီးသော တောင်သူများကို ဆက်လက်ထုတ်ပေးပါရန် တောင်းခံခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း | ၄ |
| ၇ | (ခ) ဒေါ်ခင်သန်းနု၊ မင်းတုန်း မဲဆန္ဒနယ်၏ မင်းတုန်းမြို့နယ် အမှတ်(၃) ရပ်ကွက်အတွင်းရှိ တံတားများ ပျက်စီးနေမှုအပေါ် အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၉ |
| ၈ | (ဂ) ဦးအုန်းလွင်၊ ညောင်တုန်း မဲဆန္ဒနယ်၏ ငွေချေးအဖွဲ့တွင် ဝင်ရောက်ငွေချေးယူပါက တိုးရင်းပေါင်းပြန်ဆပ်ရသောအခါ ပြန်လည် ပေးဆပ်ခြင်း မပြုနိုင်တော့ဘဲ ပြဿနာများစွာ ရင်ဆိုင်နေရပါသဖြင့် ကျေးလက်ဒေသအတွင်း ငွေချေးအဖွဲ့အစည်းများအား စီမံဆောင်ရွက် ပေးနိုင်ခြင်းရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၁ |
| ၉ | (ဃ) ဦးအောင်စိုးမင်း၊ ရွာငံ မဲဆန္ဒနယ်၏ ရွာငံ-ပြဒါးလင်းဂူလမ်းအား ရာသီမရွေးသွားလာနိုင်ရန် ကတ္တရာလမ်း သို့မဟုတ် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၆ |

(င) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၏ ကျောက်တန်းမြို့၊ ခရမ်းမြို့နှင့် သုံးခွမြို့တို့တွင်ပေါ်ထွန်းလာသော သောင်ထွန်းမြေ ဧကကို ပြန်လည်စိစစ်တိုင်းတာ၍ ပြည်သူများကို ပွင့်လင်းမြင်သာစွာ
၁၀ ကြေညာပေးပါရန်၊ ပုစွန်မွေးမြူရေးကဲ့သို့သော လုပ်ငန်းများကို ပြန်လည် ၂၀
စိစစ်၍ စည်းမျဉ်းဥပဒေများနှင့် ညီ၊ မညီ စစ်ဆေးကြပ်မတ်ရန်၊ သောင်ထွန်းမြေများကို စုပေါင်းလယ်ယာများ လုပ်ကိုင်ခွင့်ပြုပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

(စ) ဦးမြင့်ငွေ၊ ကျောက်ကြီး မဲဆန္ဒနယ်၏ ကျောက်ကြီးမြို့နယ်၊ ငထွေစုတ် ကျေးရွာအုပ်စုအတွင်း ဖြတ်သန်းစီးဆင်းနေသော ငါးဖျင်းသလက်ခေါက်
၁၁ မြောင်းကြီးအားဖြတ်လျက် ကွန်ကရစ်တံတားတစ်စင်း တည်ဆောက် ပေးရန် ၂၄
အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

ဒေါ်အေးအေးမူ(ခ)၊ ဒေါ်ရှားမီး၊ ကလေး မဲဆန္ဒနယ်က "အဂတိလိုက်စားမှု (လာဘ်ပေးလာဘ်ယူမှု) ကျဆင်းရန်အတွက် အစိုးရရုံးများနှင့် ပြည်သူလူထု ဆက်ဆံရေးပြေပြစ်ရန် အစိုးရရုံးများက အကြောင်းပြချက် မခိုင်လုံဘဲ
၁၂ ရုံးချိန်းခဏခဏ မပြောင်းရန်အတွက် ထိန်းသိမ်းကြပ်မတ်ပေးရန် လိုအပ် ၂၇
သော အရေးယူမှု၊ အမိန့်၊ ဥပဒေများ ချမှတ်ပေးပါရန် နိုင်ငံတော် အစိုးရအား တိုက်တွန်းကြောင်း" အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေး ရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း

အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

၁၃ (သို့မဟုတ်) ၃၆

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

ဦးကျော်မင်း၊ လက်ပံတန်း မဲဆန္ဒနယ်က တင်သွင်းသည့် "နိုင်ငံတစ်ဝန်းရှိ ယနေ့ အထိ စားကျက်မြေအဖြစ် တည်ရှိနေသော စားကျက်မြေများနှင့် စပ်လျဉ်းပြီး ဒေသခံပြည်သူလူထု၏ဆန္ဒသဘောထားများကိုရယူကာ စိုက်ပျိုး မြေအဖြစ်သို့ လည်းကောင်း၊ ရွာမြေအဖြစ်သို့လည်းကောင်း၊ စားကျက်မြေ
၁၄ အဖြစ်သို့ လည်းကောင်း သို့မဟုတ် အခြားနည်းအသုံးပြုမှု တစ်ခုခု ၃၇
အတွက်လည်းကောင်း လက်တွေ့ကျကျ အသုံးပြုနိုင်ရေး အတွက် ရှင်းလင်း တိကျသော မူဝါဒဆောလျင်စွာ ချမှတ်အကောင်အထည် ဖော်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရကို အကြံပြုတိုက်တွန်းကြောင်း" အဆိုကို အောက်ပါ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

| | | |
|---|---|---|
| ၁၅ | အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၇၆ |
| ၁၆ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ | ၈၄ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

# (၁၆)ရက်မြောက်နေ့ အစီအစဉ်

# [ ၈–၃–၂၀၁၇ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးမြင့်သိန်း၊ ဝက်လက် မဲဆန္ဒနယ်၏ **နှစ်စဉ်စိုက်ပျိုးစရိတ်ချေးငွေများကို မဆပ်သူတစ်ဦးတစ်ယောက်ကြောင့် နောင်နှစ်တွင် ချေးငွေထုတ်မပေးပါသဖြင့် ငွေကျေပြီးသော တောင်သူများကို ဆက်လက်ထုတ်ပေးပါရန် တောင်းခံခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်ခင်သန်းနု၊ မင်းတုန်း မဲဆန္ဒနယ်၏ **မင်းတုန်းမြို့နယ် အမှတ်(၃) ရပ်ကွက်အတွင်းရှိ တံတားများ ပျက်စီးနေမှုအပေါ် အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအုန်းလွင်၊ ညောင်တုန်း မဲဆန္ဒနယ်၏ **ငွေချေးအဖွဲ့တွင် ဝင်ရောက်ငွေချေးယူပါက တိုးရင်းပေါင်းပြန်ဆပ်ရသောအခါ ပြန်လည်ပေးဆပ်ခြင်းမပြုနိုင်တော့ဘဲ ပြဿနာများစွာ ရင်ဆိုင်နေရပါသဖြင့် ကျေးလက်ဒေသအတွင်း ငွေချေးအဖွဲ့အစည်းများအား စီမံဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအောင်စိုးမင်း၊ ရွာငံ မဲဆန္ဒနယ်၏ **ရွာငံ–ပြဒါးလင်းဂူလမ်းအားရာသီမရွေးသွားလာနိုင်ရန် ကတ္တရာလမ်း သို့မဟုတ် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၏ **ကျောက်တန်းမြို့၊ ခရမ်းမြို့နှင့် သုံးခွမြို့တို့တွင်ပေါ်ထွန်းလာသော သောင်ထွန်းမြေကေကို ပြန်လည်စိစစ်တိုင်းတာ၍ ပြည်သူများကို ပွင့်လင်းမြင်သာစွာ ကြေညာပေးပါရန်၊ ပုစွန်မွေးမြူရေးကဲ့သို့သော လုပ်ငန်းများကို ပြန်လည်စိစစ်၍ စည်းမျဉ်းဥပဒေများနှင့် ညီ၊ မညီ စစ်ဆေးကြပ်မတ်ရန်၊ သောင်ထွန်းမြေများကို စုပေါင်းလယ်ယာများ လုပ်ကိုင်ခွင့်ပြုပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမြင့်ငွေ၊ ကျောက်ကြီး မဲဆန္ဒနယ်၏ **ကျောက်ကြီးမြို့နယ်၊ ငထွေစုတ်ကျေးရွာအုပ်စုအတွင်း ဖြတ်သန်းစီးဆင်းနေသော ငါးဖျင်းသလက်ခေါက်မြောင်းကြီးအားဖြတ်လျက် ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါ်အေးအေးမူ(ခ)၊ ဒေါ်ရှားမီး၊ ကလေး မဲဆန္ဒနယ်က **"အဂတိလိုက်စားမှု (လာဘ်ပေးလာဘ်ယူမှု) ကျဆင်းရန်အတွက် အစိုးရရုံးများနှင့် ပြည်သူလူထု**

**ဆက်ဆံရေးပြေပြစ်ရန် အစိုးရရုံးများက အကြောင်းပြချက် မရှိဘဲ ရုံးချိန်းခဏခဏ မပြောင်းရန်အတွက် ထိန်းသိမ်းကြပ်မတ်ပေးရန် လိုအပ်သော အရေးယူမှု၊ အမိန့်၊ ဥပဒေများ ချမှတ်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း”** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ဦးကျော်မင်း၊ လက်ပံတန်း မဲဆန္ဒနယ်က တင်သွင်းသည့် **“နိုင်ငံတစ်ဝန်းရှိ ယနေ့အထိ စားကျက်မြေအဖြစ် တည်ရှိနေသော စားကျက်မြေများနှင့် စပ်လျဉ်းပြီး ဒေသခံပြည်သူလူထု၏ဆန္ဒသဘောထားများကိုရယူကာ စိုက်ပျိုးမြေအဖြစ်သို့လည်းကောင်း၊ ရွာမြေအဖြစ်သို့လည်းကောင်း၊ စားကျက်မြေအဖြစ်သို့လည်းကောင်း သို့မဟုတ် အခြားနည်းအသုံးပြုမှုတစ်ခုခုအတွက်လည်းကောင်း လက်တွေ့ကျကျ အသုံးပြုနိုင်ရေးအတွက် ရှင်းလင်းတိကျသော မူဝါဒဆောလျင်စွာ ချမှတ်အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရကို အကြံပြုတိုက်တွန်းကြောင်း”** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးရန်လင်း၊ ကျိုက်လတ် မဲဆန္ဒနယ်၊

(ခ) ဦးနေမျိုးထွန်း၊ ထန်းတပင် မဲဆန္ဒနယ်၊

(ဂ) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၊

(ဃ) ဦးကျော်မြင့်၊ တိုက်ကြီး မဲဆန္ဒနယ်၊

( င ) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၊

( စ ) ဦးဘုန်းမြင့်အောင်၊ ဒိုက်ဦး မဲဆန္ဒနယ်၊

(ဆ) ဦးခင်အေး၊ နတ်တလင်း မဲဆန္ဒနယ်၊

( ဇ ) ဦးတင်ထွေး၊ ဝေါ မဲဆန္ဒနယ်၊

(ဈ) ဦးသိန်းထွန်း၊ သာပေါင်း မဲဆန္ဒနယ်၊

(ည) ဦးအောင်ဝင်း၊ မှော်ဘီ မဲဆန္ဒနယ်၊

( ဋ ) ဒေါက်တာဦးအေးကြူ၊ လပွတ္တာ မဲဆန္ဒနယ်၊

( ဌ ) ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၊

( ဍ ) ဒေါ်စိုးနွယ်အေး၊ တံတားဦး မဲဆန္ဒနယ်၊

( ဎ ) ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်၊

(ဏ) ဗိုလ်မှူးစိန်ထွန်း၊ တပ်မတော်သားကိုယ်စားလှယ်၊

(တ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၊

(ထ) ဒေါက်တာဦးမြင့်သိန်း၊ ညောင်လေးပင် မဲဆန္ဒနယ်၊

( ဒ ) ဦးဝင်းမြင့်အောင်၊ ဒီပဲယင်း မဲဆန္ဒနယ်၊

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# (၁၆)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်
## (၂၀၁၇ ခုနှစ်၊ မတ်လ ၈ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

# ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၈၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၂၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ မတ်လ ၈ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က စုစည်းတင်ပြ သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၀ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၃ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့-

(၁) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျုံဆန်မိုင် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၂) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၃ ရက်၊

(၃) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၃ ရက်၊

(၄) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ခွင့် ၁ ရက်၊

(၅) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စောအစည်းအဝေးပြီးဆုံးသည်ထိ၊

(၆) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် ၃ ရက်၊

(၇) လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း ခွင့် ၁ ရက်၊

(၈) ရေးမဲဆန္ဒနယ်မှ ဒေါက်တာအောင်ထွန်းခိုင်(ခ)ဦးချိန်ဝင်း ခွင့် ၁ ရက်၊

(၉) ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ခွင့် ၁ ရက်၊

(၁၀) ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ခွင့် ၁ ရက်၊

(၁၁) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် ခွင့် ၁ ရက်၊

(၁၂) မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းစန်သိန်း ခွင့် ၃ ရက်၊

(၁၃) မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် ခွင့် ၁ ရက်၊

(၁၄) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊

(၁၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွဋ်သိန်း ခွင့် ၁ ရက်၊

(၁၆) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမိုးကျော် ခွင့် ၂ ရက်၊

(၁၇) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၁ ရက်၊

(၁၈) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ် ခွင့် ၃ ရက်၊

(၁၉) လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး ခွင့် ၁ ရက်၊

(၂၀) ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး ခွင့် ၁ ရက်၊

(၂၁) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခ)မောင်တင်သစ် ခွင့် ၁ ရက်၊

(၂၂) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၃ ရက်နှင့်

(၂၃) ဒေါပုံမဲဆန္ဒနယ်မှ ဦးဒွေးဝင်းအောင်(ခ)ဦးပြုံးချို ခွင့် ၃ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၂၃ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၂၃ ဦး စုစုပေါင်း ခွင့်ပန်ကြားထားသူ ၄၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

မူကြမ်း

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**နှစ်စဉ်စိုက်ပျိုးစရိတ်ချေးငွေများကို မဆပ်သူတစ်ဦးတစ်ယောက်ကြောင့် နောင်နှစ်တွင် ချေးငွေထုတ်မပေးပါသဖြင့် ငွေကျေပြီးသော တောင်သူများကို ဆက်လက်ထုတ်ပေးပါရန် တောင်းခံခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်သိန်း(ဝက်လက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့

အကြောင်းအရာကတော့ တောင်သူလယ်သမားများ စိုက်ပျိုးစရိတ်ချေးငွေနှင့်ပတ်သက်ပြီး မှန်မှန်ကန်ကန်တာဝန်ကျေပေးဆပ်သောတောင်သူများကို ငွေဆက်လက်ထုတ်ချေးပေးရန်နှင့် ပေးဆပ်ရန်ပျက်ကွက်သူများကို အရေးယူပေးရန်နှင့်စပ်လျဉ်းပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်မေးမြန်းရတဲ့အကြောင်းအရင်းကတော့ နိုင်ငံတော်မှ နှစ်စဉ်တောင်သူလယ်သမားများကို စိုက်ပျိုးစရိတ်ချေးငွေများ ဝိုင်းကြီးချုပ်စနစ်နဲ့ အဖွဲ့လိုက်ထုတ်ချေးပေးနေပါတယ်။ မိမိတို့အဖွဲ့ ယခင်တုန်းက ၁၀ ဦး၊ ယခု သုံးဦးထဲမှ တစ်ဦးဦးက မပေးဆပ်ခဲ့လျှင် တာဝန်ကျေပေးဆပ်ထားတဲ့တောင်သူများလည်း နောက်နှစ်ချေးငွေများ ထုတ်ယူခွင့်ဆုံးရှုံးရပါတယ်။ မြို့နယ်စိုက်ဘဏ်ကလည်းပဲ တာဝန်မကျေသောသူများကို အရေးမယူ၊ တောင်သူအချင်းချင်းလည်း အမုန်းမခံလိုသောကြောင့် အလွဲသုံးစားလုပ်နေသူများ အတင့်ရဲနေခြင်းဖြစ်ပါတယ်။ တချို့တောင်သူများ၊ ရပ်/ကျေးစိုက်ဘဏ်တာဝန်ရှိသူများနှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ဇကစာရင်းများ လိမ်လည်ပြီးတော့ ငွေအမြောက်အမြားထုတ်ယူသုံးစွဲ ပြန်မဆပ်သောကြောင့် တောင်သူများ ချေးငွေမရရှိတော့ပါ။ ဥပမာ-တချို့ဝါရင့်အုပ်ချုပ်ရေးမှူးများက မိမိတို့ကျေးရွာအုပ်စုငွေချေးတောင်သူများထံမှ ဘဏ်ချေးငွေဆပ်ရန်ငွေများတောင်းယူပြီး မြို့နယ်သို့သွားမဆပ်ဘဲ မိမိကိုယ်ကျိုးအတွက် အသုံးပြုသောကြောင့် တောင်သူများမှာ ငွေလည်းဆုံး၊ စိုက်ဘဏ်မှာအကြွေးစာရင်းပေါ် နောက်နှစ်ချေးငွေမရမိအေးသုံးခါနာဖြစ်ပြီးတော့ ဒုက္ခရောက်နေကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မှန်ကန်ပြီးတာဝန်ကျေသောတောင်သူလယ်သမားများရဲ့အခွင့်အရေးများဆုံးရှုံးနစ်နာနေပါတယ်။ ဒါကြောင့် တောင်သူများရဲ့အဓိကလိုအပ်ချက်ကတော့ ရင်းနှီးငွေပဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ စိုက်ပျိုးစရိတ်ချေးငွေကို အကြောင်းအမျိုးမျိုးဖြင့် အလွဲသုံးစားလုပ်နေသူများအား ဥပဒေကြောင်းအရ ကြပ်မတ်အရေးယူပေးပါရန်နှင့် ချေးငွေတာဝန်ကျေသော တောင်သူလယ်သမားများကို ဆက်လက်ပြီးတော့ ငွေထုတ်ချေးပေးပါရန် သိရှိလိုပါ၍ ပြည်သူလူထုရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။ ။**

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်းရဲ့ ယခုလိုတောင်သူလယ်သမားများရဲ့အကျိုးကို ရှေးရှုပြီး ထုတ်ချေးထားတဲ့ စိုက်ပျိုးစရိတ်ချေးငွေနှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ် ပြန်လည်ဖြေကြားပေးမှာ ဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ တောင်သူလယ်သမားတွေကို စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးတဲ့အခါမှာ တောင်သူများရဲ့ပိုင်ဆိုင်တဲ့ပစ္စည်းများ၊ အိုးအိမ်ခြံမြေများကို အာမခံရယူထားခြင်းမရှိဘဲ ၎င်းတို့နှစ်သက်သူအချင်းချင်းပူးတွဲပြီး အာမခံတဲ့ Group Liability စနစ်ကိုကျင့်သုံးပြီး စိုက်ပျိုးစရိတ်တွေကို နှစ်စဉ်ထုတ်ချေးပေးလျက်ရှိပါတယ်။ အဲဒီလို အစုအဖွဲ့အာမခံစနစ်နဲ့ချေးတဲ့ စိုက်ပျိုးစရိတ်အခြေအနေအပေါ်မှာ ပြန်လည်သုံးသပ်ကြည့်ရင် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့အထိ စာရင်းတွေအရ ၂၀၁၂ ခုနှစ် မိုးရာသီမှစပြီး ၂၀၁၅ ခုနှစ်ဆောင်းချေးငွေအထိ အချိန်စေ့ရောက်ပြီး တောင်သူလယ်သမားများ ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိသေးတဲ့ ကြွေးကျန်က နိုင်ငံတော်မှာ ကျပ် ၅၅ ဘီလီယံကျော် ရှိနေဆဲဖြစ်ပါတယ်။ တောင်သူတွေရဲ့ ချေးငွေပေးဆပ်မှုအပေါ်မှာမူတည်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ မြန်မာ့စီးပွားရေးဘဏ်ကို ပြန်လည်ပေးဆပ်ရတာဖြစ်ပါတယ်။ သတ်မှတ်ချိန်မဆပ်နိုင်လို့ရှိရင် မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ ဘဏ်ရဲ့စည်းမျဉ်းစည်းကမ်းတွေအရ နောက်ချေးငွေအတွက် ထပ်မံခွင့်ပြုပေးနိုင်ခြင်းမရှိတဲ့အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့လည်း လုပ်ငန်းများဆောင်ရွက်ရာမှာ အခက်အခဲကြုံတွေ့နေရမှုများ ဖြစ်ပေါ်လျက်ရှိပါတယ်။ ဘဏ်အနေနဲ့ အလွန်များပြားတဲ့ ငွေပမာဏဖြစ်တဲ့ ဘီလီယံပေါင်းများစွာသော နိုင်ငံတော်ငွေကြေးအတွက် ဖြစ်နိုင်သရွေ့အတိုင်းအတာအတွင်းမှာ တောင်သူတွေအပေါ် ၎င်းတို့အချင်းချင်း ပူးတွဲအာမခံမှုကိုသာ ရယူထုတ်ချေးထားရခြင်းဖြစ်ပါတယ်။ ချေးငွေရယူဖို့ အစုအဖွဲ့ဖွဲ့တဲ့နေရာမှာ မိမိတို့အချင်းချင်း အမှန်တကယ်တာဝန်ယူနိုင်သူ၊ တာဝန်ခံနိုင်သူနဲ့ ဖွဲ့စည်းနိုင်ဖို့အတွက်လည်း လိုအပ်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ တောင်သူတွေစိုက်ပျိုးတဲ့မြေဧက၊ မြေအမျိုးအစားအပေါ်မှာမူတည်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) အထောက်အထားကို ရယူထုတ်ချေးပါတယ်။ သီးနှံအမျိုးအစားအလိုက် စိုက်ပျိုးတဲ့ဧကနှင့်ပတ်သက်ပြီး စိုက်ပျိုးရေးဦးစီးဌာနရဲ့ထောက်ခံချက်ကို ရယူထုတ်ချေးခြင်းဖြစ်ပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေတွေကို အကြောင်းအမျိုးမျိုးကြောင့် အလွဲသုံးစားလုပ်မှုများ သိရှိပေါ်ပေါက်လာပါက ဥပဒေကြောင်းအရလည်းပဲ အရေးယူဆောင်ရွက်

မူကြမ်း

လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူနှင့် ကျေးလက်ဒေသအုပ်ချုပ်ရေးမှူးများ ဧကစာရင်းလိမ်လည်မှုမှာ ပါဝင်ပတ်သက်တယ်ဆိုပါက သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲထံ ဆက်သွယ်တင်ပြပြီး လုပ်ငန်းဆောင်ရွက်မှုမှ မသမာမှုရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်းလည်း တင်ပြအပ်ပါတယ်။ တောင်သူလယ်သမားများ ချေးငွေပြန်လည်ပေးဆပ်ရာမှာလည်းပဲ သက်ဆိုင်ရာမြို့နယ်ဘဏ်ခွဲကို ငွေချေးသူကိုယ်တိုင်လာရောက်ပေးဆပ်ရတဲ့စနစ် ဖြစ်ပါတယ်။ ငွေပေးဆပ်ရာမှာ ငွေလက်ခံခွင့်မရှိတဲ့တစ်ဦးဦးကို ပေးဆပ်ခဲ့ခြင်းကြောင့် ငွေကြေးဆုံးရှုံးမှု တစ်စုံတစ်ရာမပေါ်ပေါက်ဖို့အတွက်လည်းပဲ ပေးဆပ်သူအနေနဲ့ ဂရုပြုရန်လိုအပ်မှာဖြစ်ပါတယ်။ ပေါ်ပေါက်မှုရှိပါက ချေးငွေကို နောက်တစ်ကြိမ်မပျက်မကွက်ထပ်မံပေးဆပ်ပါမယ်လို့ ငွေချေးသူက ဝန်ခံကတိပြုကြောင်းကိုလည်းပဲ ချေးငွေစာချုပ်ရဲ့စည်းကမ်းချက်များမှာ ဖော်ပြထားပါတယ်။ ဒါ့အပြင် ငွေပေးဆပ်ရာမှာ ဘဏ်ခွဲရဲ့ငွေလက်ခံကောင်တာမှာ လာရောက်ပေးဆပ်ပြီး တရားဝင်ငွေရပြေစာကို ရယူသိမ်းဆည်းထားဖို့လည်းပဲ လိုအပ်မှာဖြစ်ပါတယ်။ ချေးငွေထုတ်ချေးစဉ်ကပဲ မြို့နယ်ဘဏ်ခွဲတွေက တောင်သူလယ်သမားများကို အစဉ်အမြဲပညာပေးနှိုးဆော်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဘဏ်မန်နေဂျာများအနေနဲ့ မြေခွန်တော်ဥပဒေအရ အရေးယူဆောင်ရွက်ခွင့်ရှိသည်ဆိုသော်လည်းပဲ ကြွေးကျန်သူတွေရဲ့အိုးအိမ်ပစ္စည်းတွေကို နို့တစ်ထုတ်၊ ဝရမ်းကပ်၊ လေလံတင်ရောင်းချရာမှာ တရားရုံး၊ အုပ်ချုပ်ရေးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်ရမှုမျိုးရှိပါတယ်။ လက်တွေ့မှာ အဲဒီလိုဆောင်ရွက်နိုင်ဖို့အတွက် အဘက်ဘက်မှ စိစစ်ရတဲ့အခြေအနေရှိပါတယ်။ ဘဏ်အနေနဲ့ တောင်သူများရဲ့အခက်အခဲကို စာနာသောအားဖြင့် ဖြစ်နိုင်သရွေ့ စောင့်ဆိုင်းကောက်ခံလျက်ရှိပါတယ်။ တစ်ဖက်မှလည်းပဲ ကောက်ခံရရှိခြင်းမရှိသူများကို ဥပဒေနှင့်အညီ စီမံဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့်မို့လို့ စိုက်ပျိုးစရိတ်ချေးငွေများကို အကြောင်းအမျိုးမျိုးကြောင့် အလွဲသုံးစားလုပ်သူတွေကို ဥပဒေကြောင်းအရ ကြပ်မတ်စီမံဆောင်ရွက်လျက်ရှိပါကြောင်းနှင့် တာဝန်ကျေလယ်သမားများကို ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ငွေထုတ်ချေးပေးနိုင်ရေးအား စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းကို ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမြင့်သိန်း(ဝက်လက်မဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။ အခုလိုဖြေကြားပေးတဲ့အတွက် ဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဒီမှာ ငွေကြေးတွေရရှိဖို့ရာအတွက် စိုက်/ဘဏ်ကနေပြီးတော့ အပြစ်ပေးအရေးယူတယ်လို့ ဝန်ကြီးက လည်းဖြေသွားပါတယ်။ ဒါတွေ အားနည်းချက်တွေရှိနေလို့ ဒီမှာအကြွေးတွေကျန်နေတာဖြစ်ပါတယ်။ ဝက်လက်မြို့နယ်မှာဆိုရင် ငွေချေးတဲ့တောင်သူဟာ ၂၄၀၀၀ ကျော်ရှိပါတယ်။ ၂၀၁၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်၊ ၂၀၁၅ ခုနှစ် သုံးနှစ် ကြွေးဟောင်းလက်ကျန်က ဘယ်လောက်ရှိလဲဆိုရင် ကျွန်တော်တို့မြို့နယ် မှာ ၈၆၈.၉ သိန်းရှိပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုလုံးအတွက် သုံးနှစ်အကြွေးကျန်က သိန်းပေါင်း ၃၉၄၈၈.၉ သိန်းရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာဆိုရင် မြို့နယ် ၃၇ မြို့နယ်ကို ပျမ်းမျှတွက်ကြည့်ရင် တစ်မြို့နယ်ကို သိန်း ၁၀၈၀ လောက် အကြွေးတင်နေပါတယ်။ အခုလို တစ်နိုင်ငံလုံးမှာရှိတဲ့ မြို့နယ်တိုင်းမှာ အခုလိုအကြွေးတွေတင်နေရင် အစိုးရအနေနဲ့ အိတ်ပေါက်နဲ့ ဖားကောက်နေသလို ကျွန်တော်တို့နိုင်ငံ ဆက်လက်ပြီးတော့ အဆင်မပြေ ဆင်းရဲနေဦးမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီကြွေးဟောင်းတွေကို ဘယ်လိုနည်းလမ်းနဲ့ ပြန်လည်ပြီးတော့ တောင်းယူမလဲဆိုတာကို သိချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ ဆက်စပ် မေးခွန်းမေးမြန်းပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးကို ကျေးဇူးတင်ပါတယ်။ လက်ရှိအားဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရဲ့ပြဋ္ဌာန်းထားတဲ့ဥပဒေမှာ လိုအပ်ချက်၊ အားနည်းချက်တွေလည်း ရှိပါတယ်။ ဒါကြောင့်မို့လို့ ယခုလာမယ့် ဧပြီလ ၁ ရက်နေ့ကစပြီး ဆက်စပ်ရာလုပ်ငန်း ဝန်ကြီးဌာနဖြစ် တဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကို လယ်ယာဖွံ့ဖြိုးရေးဘဏ်အား လွှဲပြောင်းပေးပြီး Structure Reform ခေါ်တဲ့ ဘဏ်ရဲ့ ပြုပြင်ပြောင်းလဲမှုပိုင်းကိုဆောင်ရွက်သွားဖို့လည်း စီစဉ်ထားရှိကြောင်း အလျဉ်းသင့်၍ တင်ပြဖြေဆိုအပ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာလည်းပဲ နိုင်ငံတော်က ဝန်ထုပ် ဝန်ပိုးမဖြစ်စေဖို့အတွက် ပုဂ္ဂလိကနှင့် အစိုးရ တွဲဖက်ဆောင်ရွက်မယ့် အခြေအနေမျိုးကိုလည်း ဆက်လက်စီမံဆောင်ရွက်သွားမယ့်အခြေအနေရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**မင်းတုန်းမြို့နယ် အမှတ်(၃)ရပ်ကွက်အတွင်းရှိ တံတားများပျက်စီးနေမှုအပေါ် အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းနု(မင်းတုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်သန်းနု ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ မင်းတုန်းမြို့မှာ ရပ်ကွက်လေး ကွက်ရှိပါတယ်။ ရပ်ကွက်လေးကွက်ထဲမှာ အမှတ်(၃)ရပ်ကွက်ဟာ မင်းတုန်းမြို့ရဲ့ အလယ်ဗဟို အချက်အခြာကျတဲ့ ရပ်ကွက်ဖြစ်ပါတယ်။ အ.ထ.က ကျောင်း၊ မြို့နယ်ဆေးရုံကြီး၊ မြို့မဈေးကြီး၊ စိုက်ပျိုး ရေးရုံး၊ ပြန်ကြားရေးရုံး၊ မြေစာရင်းရုံးနဲ့ စည်ပင်ရုံးများလည်းရှိပြီး လူအသွားအလာများတဲ့ ရပ်ကွက် ဖြစ်ပါတယ်။ ထိုအမှတ်(၃)ရပ်ကွက်မှာ လမ်းမတော်လမ်းတစ်လမ်းတည်းကိုသာ အသုံးပြုနေကြရပါ တယ်။ လမ်းတစ်လမ်းတည်းရှိတဲ့အတွက် ဈေးသွားဈေးပြန်များ၊ ကျောင်းသွားကျောင်းပြန်များ၊ ဆေးရုံ သွားသူများ၊ ရုံးသွားသူများ၊ ဆိုင်ကယ်များ၊ ကားများဖြင့် ရှုပ်ထွေးခြင်းကြောင့် မကြာခဏဆိုသလို Accident များ ဖြစ်တက်ပါတယ်။ သို့ဖြစ်ပါ၍ မြို့ပတ်လမ်းတစ်လမ်းရှိဖို့ မဖြစ်မနေလိုအပ်နေပြီ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါ။ ဒီလမ်းတွေကတော့ မင်းတုန်းမြို့ရဲ့ တစ်ခု တည်းသော လမ်းမတော်လမ်း ဖြစ်ပါတယ်။ အခုနေ့ဆိုရင် ကျွန်မတို့ အမှတ်(၃)ရပ်ကွက်ရဲ့ လမ်းမကြီး မှာ လူများစည်ကားရှုပ်ထွေးနေမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် စာမေးပွဲဖြေရက်ဖြစ်လို့ပါ။ စာမေးပွဲဖြေဆိုသူများနှင့် သူတို့ရဲ့မိဘများဟာ အကြိုအပို့နဲ့ ဥဒဟိုသွားလာနေကြမှာ ဖြစ်ပါတယ်။ ဒီတံတားကတော့ ကျွန်မရဲ့မေးခွန်းထဲမှာ မေးထားတဲ့ အမှတ်(၃)ရပ်ကွက်အတွင်း တစ်နေရာနှင့် တစ်နေရာ ဆက်သွယ်သွားလာနေသော တံတားများပျက်စီးနေတဲ့ ပုံဖြစ်ပါတယ်။ ဒီတံတားသုံးစင်းထဲ မှာ မြို့ပတ်လမ်းဖြစ်တဲ့ အမှတ်(၂)ရပ်ကွက်မှ အမှတ်(၄)ရပ်ကွက်ကိုဆက်သွယ်ထားတဲ့ ကမ်းနားလမ်း (ရွှေဂူလမ်း) လို့လည်းခေါ်ပါတယ်။ အဲဒီရွှေဂူဘုရားလမ်းပေါ်မှာရှိတဲ့ ၄၅ ပေရှည်တဲ့ တံတားနှစ်စင်း အား အလျင်အမြန်တည်ဆောက်ပေးစေလိုပါတယ်။ ဒီတံတားနှစ်စင်းမှာ လူသွားလူလာများသလို ဒီတံတားနှစ်စင်းကောင်းသွားမယ်ဆိုရင် မြို့ပတ်လမ်းအတွက်လည်း အခြေအနေကောင်းသွားမှာပါ။

ဒီတံတားတွေဟာ လွန်ခဲ့တဲ့နှစ် ၄၀ ကျော်ကကိုယ်ထူကိုယ်ထနဲ့ တည်ဆောက်ခဲ့တဲ့ တံတားလေးတွေပဲ ဖြစ်ပါတယ်။ ဒီတံတားတွေဟာ စည်ပင်ပိုင်နယ်နိမိတ်ထဲမှာရှိနေသော်လည်း စည်ပင်ရဲ့အခွန်ငွေနဲ့လုံးဝ မတည်ဆောက်နိုင်တဲ့အတွက် ပြည်သူ့လွှတ်တော်ကို တင်ပြမေးမြန်းရခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တံတားနှစ်စင်းမှာ အရေးပေါ်မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်နေပါသဖြင့် ဆောင်ရွက်ပေးနိုင် ခြင်းရှိ/မရှိကို သိရှိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ အကယ်၍ ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့် အချိန်တွင် ဆောင်ရွက်ပေးနိုင်ပါမည်လဲ။ ဆောင်ရွက်မပေးနိုင်ပါက အဘယ်ကြောင့်လဲဆိုတာ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့ကိုယ်စား မေးမြန်းရခြင်းပဲဖြစ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်း ဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနုရဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနု မေးမြန်းတဲ့ တံတားသုံးစင်ဟာ ရွှေဂူတံတား(၁)၊ ရွှေဂူ တံတား(၂)နှင့် မြောက်ပြင်တံတားများဖြစ်ပါတယ်။ သစ်သားတံတားအမျိုးအစားဖြစ်ပြီး မင်းတုန်း မြို့နယ်ရဲ့ အမှတ်(၃)ရပ်ကွက်အတွင်း တည်ရှိကြောင်းသိရပါတယ်။ ၁၉၇၈ ခုနှစ် မင်းတုန်းမြို့နယ်ပတ် လမ်းကို မြို့နယ်ပါတီကောင်စီကဦးဆောင်ပြီး ကိုယ်ထူကိုယ်ထဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါ တယ်။ အမှတ်(၃)ရပ်ကွက် ရွှေဂူလမ်းမှာ သစ်သားတံတားနှစ်စင်း၊ မြို့ပတ်လမ်းမှာ မြောက်ပြင် ကျေးရွာနှင့် ဆက်သွယ်သွားလာဖို့အတွက် သစ်သားတံတားတစ်စင်း စုစုပေါင်းသစ်သားတံတား သုံးစင်းအား ကိုယ်ထူကိုယ်ထ တည်ဆောက်ခဲ့ကြောင်း သိရှိရပါတယ်။

၁၉၈၃ ခုနှစ်မှာ ပုသိမ်-မုံရွာကားလမ်းနှင့် မင်းတုန်းမြို့ကို ဆက်သွယ်တဲ့လမ်း ၄ မိုင် ၆ ဖာလုံကို မြေသားလမ်းအဖြစ် ဖောက်လုပ်ခဲ့ပြီးတော့ ၁၉၈၅-၁၉၈၆ ခုနှစ်မှာ အမာခံကျောက်ချောလမ်း၊ ၁၉၈၆- ၁၉၈၇ ခုနှစ်တွင် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့တဲ့အတွက် အဆိုပါတံတား များအား

အသုံးပြုမှုနည်းပါးသွားခဲ့ကြောင်း သိရှိရပါတယ်။ အသုံးပြုမှုနည်းပါးသော်လည်းပဲ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်မှာ ရွှေဂူတံတားအမှတ်(၁) ကိုလည်းကောင်း၊ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှာ ရွှေဂူတံတား(၂)ကိုလည်းကောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပြင်ဆင်ထိန်းသိမ်းခဲ့ပါတယ်။ ရွှေဂူတံတားအမှတ်(၁)ကတော့ အလျား၊ အနံ၊ အမြင့် ၄၈ ပေ x ၁၄ ပေ x ၁၆ ပေရှိပြီးတော့ ကွန်ကရစ်တံတားအဖြစ် အသစ်ပြန်လည်တည်ဆောက်မည်ဆိုရင် ခန့်မှန်းကုန်ကျငွေကျပ် ၇၆.၈ သန်းကုန်ကျမည်ဖြစ်ပါတယ်။ ရွှေဂူတံတားအမှတ်(၂)ကတော့ အလျား၊ အနံ၊ အမြင့် ၄၅ ပေ x ၁၄ ပေ x ၁၀ ပေရှိပြီး ကွန်ကရစ်တံတားအဖြစ် အသစ်ပြန်လည်တည်ဆောက်မည်ဆိုရင် ခန့်မှန်းကုန်ကျငွေကျပ် ၇၂ သန်းကုန်ကျမှာ ဖြစ်ပါတယ်။ မြောက်ပြင်တံတားကို အသစ်ပြန်လည်တည်ဆောက်မည်ဆိုရင် အလျား၊ အနံ၊ အမြင့် ၃၀ ပေ x ၂၀ ပေ x ၁၀ ပေကွန်ကရစ်တံတား တစ်စင်းနှင့်ကျောက်ရိုးစီမြေထိန်းနံရံနှစ်ဖက်ပြုလုပ်ပြီး မြေသားလမ်းမြေနီဖို့ခြင်း ပေ ၁၀၀ ခန့် ဆောင်ရွက်ရမည်ဖြစ်ပြီး ခန့်မှန်းကုန်ကျငွေကျပ် ၆၂ သန်း ကုန်ကျမှာဖြစ်ပါတယ်။

မင်းတုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ မင်းတုန်းမြို့၊ အမှတ်(၂)ရပ်ကွက်မှာ မျှော်စင်လမ်းကွန်ကရစ်တံတားတစ်စင်း၊ အမှတ်(၃)ရပ်ကွက်မှာ စံပြလမ်းကွန်ကရစ်တံတားတစ်စင်း စုစုပေါင်းကွန်ကရစ်တံတား နှစ်စင်းကို ငွေကျပ်ရှစ်သန်းနဲ့ လျာထားဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ မင်းတုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဝင်ငွေလျာထားချက်ကတော့ ကျပ် ၇၆.၇၂၇ သန်းဖြစ်ပြီး ငွေလုံးငွေရင်းအသုံးစရိတ် လျာထားချက်ကတော့ ကျပ် ၅၉.၁ သန်းဖြစ်ပါတယ်။ အဆိုပါအသုံးစရိတ်တွေဟာ မြို့ပေါ်ရပ်ကွက်များမှာရှိတဲ့ ဘက်စုံဖွံ့ဖြိုးစေရေးလုပ်ငန်းမှာ မျှဝေသုံးစွဲရတဲ့အတွက် မေးမြန်းချက်ပါတံတားသုံးစင်း ပြန်လည်တည်ဆောက်ခြင်းအတွက် အဖွဲ့ရန်ပုံငွေဖြင့် လျာထားဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ချေးငွေအဖွဲ့တွင် ဝင်ရောက်ငွေချေးယူပါက တိုးရင်းပေါင်းပြန်ဆပ်ရသောအခါ ပြန်လည်ပေးဆပ်ခြင်း မပြုနိုင်တော့ဘဲ ပြဿနာများစွာရင်ဆိုင်နေရပါသဖြင့် ကျေးလက်ဒေသအတွင်း ငွေချေးအဖွဲ့အစည်းများအား စိစစ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိမေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအုန်းလွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအုန်းလွင်(ညောင်တုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို လေးစားစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ဒီမေးခွန်းကို ကြယ်ပွင့်ပြမေးခွန်းအဖြစ်မေးရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော့်မဲဆန္ဒနယ်မှာ အုပ်ချုပ်ရေးမှူးတွေရဲ့ ဒေသခံငွေချေးယူတဲ့သူတွေနဲ့ ငွေချေးအဖွဲ့အစည်းများနဲ့ တရားမဝင်ငွေချေးလုပ်ကိုင်နေသူများအကြား အမုန်းပွားစရာများတဖြည်းဖြည်းကြီးပွားလာပါသဖြင့် ကြိုတင်ကာကွယ်နိုင်ရန်မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမေးခွန်းကို မမေးခင် ကျွန်တော့်မဲဆန္ဒနယ်က ရွှေမြန်မာသမဝါယမအသင်းရဲ့ဖြစ်စဉ်လေးတစ်ခုကို ကျွန်တော်တင်ပြချင်ပါတယ်။ ဒါက ပြင်ပငွေချေးတဲ့သူတွေနဲ့ ငွေချေးအဖွဲ့အစည်းတွေ ဘယ်လိုပတ်သက်လာသလဲဆိုတာ ကျွန်တော်တင်ပြလိုခြင်းဖြစ်ပါတယ်။ အဲဒီတော့ ရွှေမြန်မာသမဝါယမအသင်းမှာ မူလစချေးငွေက တစ်သိန်းဖြစ်ပါတယ်။ အဲဒီမှာ အသင်းသားစုဆောင်းငွေဆိုပြီးတော့ တစ်သောင်းနုတ်ယူလိုက်တဲ့အခါမှာ အသင်းသားတကယ်လက်ဝယ်ရရှိတာက ကိုးသောင်းပဲဖြစ်ပါတယ်။ အဲဒီတော့ ဒီရွှေမြန်မာသမဝါယမအသင်းရဲ့မူက ပထမခြောက်လပတ်မှာ တိုးရင်းပေါင်းပြန်ဆပ်ရမှာဖြစ်ပါတယ်။ အဲဒီတော့ အသင်းသားက ဒီကိုးသောင်းကို ပြန်မဆပ်နိုင်တော့ဘူး။ တစ်သိန်းပေါ့။ တစ်သိန်းနဲ့အတိုး ကိုးထောင်နဲ့ဆိုတော့ ခြောက်လအတွက် တစ်သိန်းကိုးထောင်ကို ပြန်မဆပ်နိုင်တဲ့အခါကျတော့ သူက ဘယ်လိုဖြစ်သလဲဆိုတော့ အပက(၃) နဲ့တရားစွဲမယ်လို့ပြောပါတယ်။ အဲဒီတော့ အသင်းသားက ကြောက်ပြီးတော့ ပြင်ပငွေချေးတဲ့သူဆီကနေပြီးတော့ တစ်သိန်းနဲ့ကိုးထောင်ကို ပြေးယူပြီးတော့ပြန်ဆပ်ရပါတယ်။ ဆိုတော့ ပြင်ပငွေချေးတဲ့သူအတိုးက ၁၀ ကျပ်တိုးနဲ့ တစ်သောင်းနဲ့ကိုးရာကျပါတယ်။ အဲဒီပထမခြောက်လပတ်ပြည့်တဲ့အခါမှာတင် အသင်းသားကို ပြင်ပငွေချေးတဲ့သူက စုစုပေါင်း ၂၉၉၀၀ ကျပ်အကြွေးတင်သွားပါတယ်။ အဲဒီတော့ ဒုတိယခြောက်လပတ်ပြန်ဆပ်တဲ့အခါကျတော့လည်း ဒီအတိုင်းပဲ။ ပထမပြန်ဆပ်ဖို့ချေးယူတဲ့ တစ်သိန်းကိုးထောင်ရယ်၊ ပထမအကြိမ်တင်ရှိတဲ့ ငါးလအတိုးရယ်ဆိုရင် စုစုပေါင်း ပေါင်းလိုက်တဲ့အခါမှာ ဒုတိယအကြိမ်ချေးယူတဲ့အတိုးက စုစုပေါင်း ၁၅၀၃၈၅ ကျပ်ဖြစ်တဲ့အတွက် ဒုတိယခြောက်လပတ်ပြည့်တဲ့အချိန်မှာ အဲဒီပြင်ပချေးယူတဲ့လူက စုစုပေါင်း အဲဒီအသင်းသားပေါ်မှာ ၆၄၂၈၅ ကျပ်အကြွေးတင်သွားပါတယ်။ အဲဒီလိုနဲ့ စတုတ္ထအကြိမ်ရောက်တဲ့အချိန်မှာ ပြင်ပအကြွေးရှင်က အသင်းသားပေါ်မှာ ၁၄၉၃၀၃ ကျပ်အကြွေးတင်သွားပါတယ်။ ဒါက ကျွန်တော်ဖြစ်စဉ်လေးကိုပြောပြတာပါ။

မူကြမ်း

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ အသေးစားငွေချေး လုပ်ငန်းများဖြစ်တဲ့ Pact Myanmar, Micro- Finance Myanmar, Fortune Insulator, BRAC Myanmar, KFA စသည်ဖြင့်ငွေချေးအဖွဲ့အစည်းပေါင်းများစွာ ခွင့်ပြုချက်ယူပြီးလုပ်ကိုင်လျက် ရှိပါတယ်။ ငွေချေးအဖွဲ့အစည်းပေါင်းများစွာရဲ့ရည်ရွယ်ချက်မှာ ဒေသတွင်းတစ်နိုင်တစ်ပိုင်လုပ်ကိုင်စားသောက်နိုင်စေရန်၊ ဥပမာ မုန့်ဟင်းစားဆိုင်၊ အအေးဆိုင်၊ မုန့်မျိုးစုံဆိုင်စသည်ဖြင့်အနည်းဆုံး ကြက်၊ ဝက် မွေးမြူတဲ့အထိလုပ်ကိုင်လိုလျှင် အရင်းအနှီးမတည်ပေးတဲ့သဘောနဲ့ ဝင်ရောက်လုပ်ကိုင်သဖြင့် ကျေးဇူးလည်းတင်ပါတယ်။ ကြိုလည်းကြိုဆိုပါတယ်။ ဒါပေမဲ့ ငွေချေးလုပ်ငန်းနှစ်ခုကနေ သုံးခုထက် ပိုပြီး ငွေချေးရန်ကြိုးစားလာတဲ့အခါ ပြဿနာစတက်ပါတယ်။ ငွေချေးလုပ်ငန်းအများစုဟာ ဝိုင်းကြီးချုပ်စနစ်နဲ့ လည်ပတ်လျက်ရှိပါတယ်။ ငွေချေးပမာဏနှစ်သိန်း၊ သုံးသိန်းမှအစ တစ်ဦးချင်း ချေးငွေငါးသိန်းထိ ချေးပေးထားပြီးတော့ အတိုးနှုန်းမှာ တစ်ကျပ်ခွဲကနေပြီးတော့ နှစ်ကျပ်ခွဲထိ အစားစားတွေ့ရပါတယ်။ ငွေစချေးယူပြီး နှစ်ပတ်တစ်ကြိမ်၊ တစ်လတစ်ကြိမ် တိုးရင်းပေါင်းကို တစ်နှစ်လုံးအတွက် အကြိမ်ရေခွဲပြီးဆပ်ရပါတယ်။ အကယ်၍ အဖွဲ့ဝင်များထဲမှ တစ်ဦးတစ်ယောက်က ပြန်မဆပ်နိုင်လျှင် ကျန်အဖွဲ့ဝင်များက စုပြီးစိုက်ဆပ်ကြရပါတယ်။ ယခုအခါ ရပ်ကွက်ကျေးရွာအတွင်း ငွေချေးအဖွဲ့အစည်းလေးခုမှ ရှစ်ခုအထိဝင်ရောက်နေပြီး ဝင်လာသမျှငွေချေးအဖွဲ့အစည်းများ အတွက် အဖွဲ့ဝင်ဝင်ပြီးငွေချေးပါလျှင် အချိန်တန်တိုးရင်းပေါင်းပြန်ဆပ်ရသောအခါ ပင်ပငွေရင်းကို မဆပ်နိုင်တော့ဘဲ အပြင်မှအရပ်တိုးဖြင့် လှည့်ချေးပြီးဆပ်ကြရပါတယ်။ တစ်ခါ ငွေချေးအဖွဲ့အစည်းများမှ ငွေချေးပြီးတော့ ပြန်လည်ထုတ်ယူပြီး အရပ်တိုးကိုလှည့်ဆပ်ကြရပါတယ်။ နောက်ဆုံးမှာ ထိုသူများမှာအကြွေးသံသရာလည်ပြီး ပြန်မဆပ်နိုင်တော့ဘဲ အုပ်ချုပ်ရေးမှူးများထံ တိုင်ကြ ရန်ဖြစ်ကြပါတယ်။ တချို့လည်း လွတ်ရာရှောင်တိမ်းသွားကြပါတယ်။ ဒီပြဿနာက သာမန်ကိစ္စလေးလို့ ထင်ရပေမယ့် ထိုတိမ်းရှောင်သောသူများမှာ မူလကလူရိုးလူကောင်းများဖြစ်သော်လည်း ငွေမဆပ်နိုင်လို့ပြေးရပြီဆိုလျှင် အဲဒီလူအများစုဟာ ဒုစရိုက်တစ်ခုခုကိုစတင်ကျူးလွန်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ငွေချေးအဖွဲ့အစည်းများမှာလည်း တစ်နိုင်တစ်ပိုင်လုပ်ကိုင်နိုင်စေရေးအတွက် တွန်းအားပေးတဲ့ရည်ရွယ်ချက်ပျောက်ဆုံးနေပြီးတော့ ဒေသတွင်းမလိုလားအပ်သော ရန်လိုမှု၊ အမုန်းပွားမှုများ ဖြစ်ပေါ်နေပါသဖြင့် ကျွန်တော်မေးလိုတဲ့မေးခွန်းမှာ ဒေသတွင်းတည်ငြိမ်မှုမထိခိုက်စေဘဲ ကျေးလက်ဒေသတွင်း ငွေချေးအဖွဲ့အစည်းများ ကြီးကြပ်စီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်

ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနအား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဧရာဝတီ တိုင်းဒေသကြီး၊ ညောင်တုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းလွင်ရဲ့ ဒေသတွင်း တည်ငြိမ်မှုကို မထိခိုက်စေဖို့ ကျေးလက်ဒေသတွေအတွင်းမှာ ငွေချေးအဖွဲ့အစည်းတွေကို စီမံ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိမေးခွန်းအပေါ် ပြန်လည်ဖြေကြားပါမယ်။

မိမိတို့ရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ လက်ရှိအခြေအနေမှာ သမဝါယမအသင်းရဲ့ အသင်းဝင်တွေကို ငွေထုတ်ချေးခြင်းလုပ်ငန်း၊ မြစိမ်းရောင်(အသားကဏ္ဍ) ကျေးရွာရန်ပုံငွေထူထောင်ပေးခြင်းလုပ်ငန်း၊ မြစိမ်းရောင်(ငါးကဏ္ဍ) ကျေးရွာရန်ပုံငွေထူထောင်ပေး ခြင်းလုပ်ငန်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သီးနှံစိုက်ပျိုးထုတ်လုပ်မှု ဘဏ်ချေးလုပ်ငန်းတို့ကို စီမံ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သမဝါယမချေးငွေနှင့်စပ်လျဉ်းပြီး တင်ပြရလျှင် အဲဒီချေးငွေဟာ သမဝါယမဦးစီးဌာနအနေနဲ့ ထုတ်ချေးခြင်းမဟုတ်ဘဲ သမဝါယမအသင်းမှ ၎င်းရဲ့အသင်းသားတွေ ကိုထုတ်ချေးတဲ့ချေးငွေဖြစ်ပါတယ်။ သမဝါယမအသင်းမှ ချမှတ်ထားတဲ့ အခြေခံမူတွေအနက် အသင်းဟာ အသင်းသား၊ အသင်းဝင်များရဲ့အကျိုးကို ဦးတည်ဆောင်ရွက်ခြင်းဖြင့် ယင်းတို့ရဲ့လူနေမှု အဆင့်အတန်းမြင့်မားရေးကို ရှေ့ရှုဆောင်ရွက်သွားရန်ဆိုတဲ့ အခြေခံမူတစ်ရပ်ပါဝင်ပါတယ်။ သို့ဖြစ်တဲ့အတွက် အသင်းအနေနဲ့ အသင်းသားတွေရဲ့ အကျိုးစီးပွားဖြစ်ထွန်းဖို့လိုအပ်တဲ့ အရင်းအနှီး အတွက်ချေးငွေထုတ်ချေးပေးခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

သမဝါယမအသင်းတွေက ဆောင်ရွက်လျက်ရှိတဲ့ ချေးငွေလုပ်ငန်းများမှာ ခြောက်လတစ်ကြိမ် တိုးရင်းပေါင်းပြန်ဆပ်တဲ့စနစ်၊ နေ့စဉ်ဆပ်စနစ်၊ လစဉ်ဆပ်စနစ်များနဲ့ ထုတ်ချေးဆောင်ရွက်ပေးလျက် ရှိပါတယ်။ ကောက်ယူတဲ့အတိုးနှုန်းဟာလည်းပဲ ပေးသွင်းရန်ကျန်တဲ့ ချေးငွေပမာဏပေါ်မှာသာ ကောက်ခံတဲ့ Effective Rate နဲ့သာ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ သမဝါယမချေးငွေလုပ်ငန်း ဆောင်ရွက်မှုပုံစံဟာ ခြောက်လတစ်ကြိမ်တိုးရင်းပြန်ဆပ်ခြင်း၊ အကြေပြန်ဆပ်ပြီးရင် နောက်တစ်ကြိမ်

ပြန်ထုတ်ပေးခြင်း၊ အသင်းသားတစ်ဦးချင်းနှင့် ဝိုင်းကြီးချုပ်ရဲ့တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ သမဝါယမ အသင်းအဆင့်ဆင့်ရဲ့ တာဝန်ခံမှုတို့နဲ့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြစိမ်းရောင်(အသားကဏ္ဍ)စီမံကိန်းနဲ့ ကျေးလက်နေ ပြည်သူများဆင်းရဲမှုလျှော့ချရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားစေဖို့ တစ်နိုင်တစ်ပိုင် မွေးမြူရေး လုပ်ငန်းတွေ ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာရန်ပုံငွေထူထောင်ပေးခြင်းကိုဆောင်ရွက်ထားခြင်း ဖြစ်ပါတယ်။ အဲဒီအတွက် အတိုးနှုန်းကို သက်ဆိုင်ရာကျေးရွာကြီးကြပ်မှုကော်မတီရဲ့ဆန္ဒနှင့်အညီ လစဉ် ငါးမူးကနေ တစ်ကျပ်ခွဲနှုန်းဖြင့် အတိုးငွေကို သုံးလတစ်ကြိမ်ပေးသွင်းရမှာ ဖြစ်ပါတယ်။ ကြက်၊ ဘဲ၊ သိုး၊ ဆိတ်၊ ဝက်အား တစ်နှစ်လျှင် ကျွဲ၊ နွား အားအများဆုံးသုံးနှစ်သတ်မှတ်ပြီး သတ်မှတ်ကာလ ပြည့်ရင် ကော်မတီကို မူလမတည်ငွေ ပြန်လည်ပေးသွင်းရပါတယ်။ ကော်မတီက အခြားမွေးမြူ လုပ်ကိုင်လိုသူတို့ထံ လက်ဆင့်ကမ်းဖြန့်ဖြူးပေးခြင်းဖြင့် မွေးမြူရေးလုပ်ငန်း တိုးတက်စေအောင် ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။

မြစိမ်းရောင်ကျေးရွာဖွံ့ဖြိုးရေး(ငါးကဏ္ဍ)အနေနဲ့လည်းပဲ ကျေးရွာတစ်ရွာမှာ အရင်းမပျောက် မတည်ရင်းနှီးငွေကျပ်သန်း ၃၀ စီ တည်ထောင်ပေးပြီး ကျေးလက်နေပြည်သူများ စီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ မိသားစုဝင်ငွေ တိုးတက်နိုင်ရေး အတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီလုပ်ငန်းတွေက အသေးစားချေးငွေလုပ်ငန်းများ မဟုတ်ဘဲ ကျေးလက်ဒေသမှာ ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် အရင်းအနှီးများ မတည်ထူထောင် ပေးခြင်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရဲ့ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အနေနဲ့လည်းပဲ သီးနှံစိုက်ပျိုးထုတ်လုပ်မှုဘဏ်ချေးငွေ ထုတ်ချေးပေးခြင်းဟာလည်းပဲ စိုက်ပျိုးထုတ်လုပ်မှုအတွက် အရင်းအနှီးချို့တဲ့တဲ့ လုပ်ကွက်ငယ် ၁၀ ဧကအောက် တောင်သူများအတွက် ထုတ်ချေးပေးခြင်းဖြစ်ပါတယ်။ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး နိုင်ငံတော်ရဲ့အဓိကသီးနှံဖြစ်တဲ့ စပါးသီးနှံကိုအဓိကထားပြီး သီးနှံစိုက်စရိတ်များ ထုတ်ချေးပေးခြင်း ဖြစ်ပါတယ်။ ကောက်ခံတဲ့အတိုးနှုန်းက ရှစ်ရာခိုင်နှုန်းဖြစ်ပါတယ်။

ချေးငွေထုတ်ချေးတဲ့ ဌာနများ၊ အသင်းအဖွဲ့များအနေနဲ့ ချေးငွေဆိုင်ရာစည်းကမ်း၊ သတ်မှတ်ချက်များကို ချေးငွေရယူတဲ့အဖွဲ့အစည်းတွေကို သိရှိနားလည်အောင် ရှင်းလင်းပြောကြား

ခြင်းကို ဆောင်ရွက်ပေးပါတယ်။ ချေးငွေလုပ်ငန်းတွေကို ကြပ်မတ်မှုလျှော့ချခြင်း သို့မဟုတ် ချေးငွေရယူသူကို တစ်နည်းနည်းကန့်သတ်ခြင်းကိုဆောင်ရွက်လို့ရှိရင် အမှန်တကယ်အရင်းအနှီးလိုအပ်တဲ့ သူတွေအတွက် နစ်နာဖွယ်ရာရှိလာမှာဖြစ်ပါတယ်။

အထက်ပါတင်ပြချက်တွေဟာ မိမိဝန်ကြီးဌာနမှလည်းကောင်း၊ ဝန်ကြီးဌာနနှင့်ဆက်နွယ်တဲ့ ဌာနမှထုတ်ချေးသော ငွေအမျိုးအစားများဖြစ်ပါတယ်။ မိမိဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်လျက်ရှိတဲ့ ချေးငွေများနဲ့ပတ်သက်ပြီး သက်ဆိုင်ရာဌာနအလိုက် ၎င်းတို့ရဲ့ရည်ရွယ်ချက်အတိုင်း အောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့ စနစ်တကျကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကျန်ငွေချေးအဖွဲ့အစည်းများနဲ့ ချေးငွေလုပ်ငန်းဆောင်ရွက်တဲ့ဌာနတွေဟာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီရဲ့ ကြီးကြပ်ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်းနှင့် ငွေချေးယူခြင်းကိစ္စနှင့်ပတ်သက်ပြီး ကာယကံရှင်၏ဆန္ဒနှင့်လိုအပ်ချက်ပေါ်မူတည်ပြီး ကိုယ်ပိုင်ဆုံးဖြတ်ဆောင်ရွက်ရမည့်ကိစ္စရပ်သာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရှာင်-ပြဒါးလင်းဂူလမ်းအား ရာသီမရွေးသွားလာနိုင်ရန် ကတ္တရာလမ်း သို့မဟုတ် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရှာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိုးမင်း(ရှာငံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှာငံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမင်း ဖြစ်ပါတယ်။ ရှာငံမြို့နယ်အတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးစေရန်အတွက် များစွာအထောက်အကူပြုမည့် ရှာင်-ပြဒါးလင်းဂူလမ်းအား ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ မေးခွန်းမေးမြန်းမှာဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခရီးသွားရာသီတွင် ရှာငံမြို့နယ်သို့ ပြည်တွင်းပြည်ပခရီးသွားများသည် မြသပိတ်ရေပြာအိုင်၊ တောကျယ်ရေတံခွန်၊ အလယ်ချောင်ရေတံခွန်နှင့်

မိန်းမရဲသခင်မတောင်သို့ လာရောက်လည်ပတ်သူများ များပြားလျက်ရှိပါတယ်။ ရှောင်မြို့နယ်အတွင်း သွားရောက်လည်ပတ်နိုင်သည့် ပြဒါးလင်းဂူ၊ ကျောက်ကူဒိဒလပင်ရေတံခွန်၊ ကျောက်ငှက်ဆွာပြား ရေတံခွန်၊ ထီးလှိုင်ပုံလွှားငှက်တွင်း၊ ဆင်ခေါင်းအင်း၊ ဆင်ခေါင်းရေထွက်၊ ဆင်ခေါင်းရေတံခွန်၊ ရေလှ ရေတံခွန်၊ ပင်လယ်ရေမျက်နှာပြင်အမြင့်ပေ ၇၇၅၂ ပေမြင့်သော အရှေ့မြင်၊ အနောက်မြင်တောင် စသည့် လည်ပတ်စရာများစွာရှိပါတယ်။ ရှောင်မြို့နယ်ဟာ သဘာဝတောတောင်၊ စိမ့်စမ်းရေတံခွန်များ ထူးခြားစွာတည်ရှိနေပါသဖြင့် အပျိုစင်ဒေသဟု မီဒီယာများမှ တင်စားခေါ်ဝေါ်ကြပါတယ်။ ပြဒါးလင်းဂူဟာ ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှောင်မြို့နယ်၊ ပန်းလောင်နှင့် ပြဒါးလင်းဂူ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း တည်ရှိပါတယ်။ ရှောင်မြို့မှအနောက်ဘက် ၁၂ မိုင် ခန့်ကွာဝေးပါတယ်။ ပြဒါးလင်းဂူဟာ ကျောက်ခေတ်လူသားများ နေထိုင်ခဲ့သည့် အချက်အလက် အထောက်အထား အခိုင်အလုံရှိသည့် မြန်မာနိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းအမွေ အနှစ်ဖြစ်ပါတယ်။ ပြဒါးလင်းဂူရှိ ကျောက်ခေတ်နံရံဆေးရေးပန်းချီများမှာ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးအထိ ထင်ပေါ်ကျော်ကြားပြီး လာရောက်လေ့လာလျက်ရှိပါတယ်။ ကျောက်ခေတ် လူသားများနေထိုင်ခဲ့သည့် ပြဒါးလင်းဂူဟာ ၁၉၆၁ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ပါတယ်။ ကျောက်ခေတ် လူသားများ အခြေချနေထိုင်မှုနှင့် ယဉ်ကျေးမှုတို့ကို ပြဒါးလင်းဂူအမှတ်(၁)တွင် သုတေသနပြုလုပ်နိုင် ခဲ့ပြီး တူးဖော်မှုအရ ကျောက်ခေတ်သုံးလက်နက်များ ၁၆၀၀ ကျော်နှင့် ကျောက်ခေတ်ဂူ နံရံဆေးရေး ပန်းချီ ၁၂ ပုံတို့ကို မှတ်တမ်းတင်ထိန်းသိမ်းနိုင်ခဲ့ပါတယ်။ ၁၉၇၀ ခုနှစ်တွင် နယူးဇီလန်နိုင်ငံ နယူကလေရာသုတေသနဗိမ္မာန်မှ Carbon-solid စမ်းသပ်ချက်အရ ပြဒါးလင်းဂူဒေသအတွင်း တွေ့ရှိ ရသော မီးသွေးများမှာ လွန်ခဲ့သောနှစ်ပေါင်း ၇၇၄၀ ခန့် ကာဗွန်ပါအရိုးမှာ လွန်ခဲ့သောနှစ်ပေါင်း ၆၅၀၀ ခန့် ကာဗွန်မဲ့ပစ္စည်းများမှာ လွန်ခဲ့သောနှစ်ပေါင်း ၁၃၄၀၀ ခန့်မျှ သက်တမ်းများရှိကြောင်း မှတ်တမ်းများအရ သိရှိရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မဲဆန္ဒနယ်ဖြစ်သော ရှောင်မြို့နယ်အတွင်းရှိ မြသပိတ်ရေပြာအိုင်၊ တောကျယ်ရေတံခွန်၊ အလယ်ချောင်ရေတံခွန်နှင့် မိန်းမရဲသခင်မတောင် စသည့် နေရာများသို့ မန္တလေးမြို့နှင့် ကလောမြို့ရှိ ခရီးသွားဝန်ဆောင်မှုကုမ္ပဏီများ စီစဉ်မှုဖြင့် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက် အထူးအစီအစဉ်များကို မော်တော်ယာဉ်များဖြင့် ပြည်တွင်းပြည်ပခရီးသွားများ လာရောက် လည်ပတ်လျက်ရှိပါတယ်။ ရှောင်မြို့နယ်သို့ ရောက်ရှိလာတဲ့ ခရီးသွားဧည့်သည်အများစုဟာ ပြဒါးလင်းဂူကို စိတ်ဝင်တစား သွားရောက်လိုသော်လည်း ပြဒါးလင်းဂူသွားလမ်းမှာ မြေသားလမ်းဖြစ်

ခြင်း၊ တောင်တက်တောင်ဆင်းအကွေ့အကောက်များခြင်း၊ မိုးများသောဒေသဖြစ်သည့်အတွက် အန္တရာယ်ရှိနိုင်သဖြင့် မိုးရာသီတွင် သွားလာနိုင်ခြင်းမရှိ ဖြစ်နေပါတယ်။ ပြဒါးလင်းဂူလမ်းအား ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်၏ထောက်ပံ့ငွေဖြင့် စည်ပင်သာယာရေးဦးစီးဌာနမှ ခွင့်ပြုငွေ ကျပ်သန်း ၂၀ ဖြင့် ရွာငံ-မျှားကလေး ကျောက်ချောလမ်းခင်းခြင်း ၂ မိုင်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေ ၂၇၇.၆၆၂ သန်းဖြင့် မြေသားလမ်း ၅ မိုင် ၂ ဖာလုံ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေ ၃၂၉.၄၀၅ သန်းဖြင့် မြေသားလမ်း ၅ မိုင်ဖောက်လုပ်ပြီးဖြစ်ပါတယ်။ ရွာငံဒေသသည် မိုးများတဲ့ ဒေသဖြစ်တဲ့အတွက် မြေသားလမ်းမှာ ပျက်စီးလွယ်ပြီးတော့ ရာသီမရွေးသွားလာနိုင်ခြင်း မရှိပါဘူး။ ရွာငံ-ပြဒါးလင်းဂူလမ်းအား ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် ဆောလျင်စွာ အဆင့်မြှင့်တင် ဆောင်ရွက်ပေးခြင်းဖြင့် ခရီးသွားဧည့်သည်များ ပိုမိုများပြားလာမှာဖြစ်ပြီး ဓနုဒေသရှိ ရွာငံ-ပင်းတယ ခရီးသွားလုပ်ငန်းများမှာလည်း လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရွာငံမြို့နယ် အတွင်း ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည့် ရွာငံ-ပြဒါးလင်းဂူလမ်းအား ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်း သို့မဟုတ် ကတ္တရာလမ်း အဖြစ် အမြန်ဆုံး အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ သိရှိလို၍ မဲဆန္ဒရှင်ပြည်သူ များကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမင်းရဲ့မေးခွန်းကို ပြန်လည်ဖြေကြားပေးပါမယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်အတွင်းရှိ ရွာငံ-ပြဒါးလင်းဂူလမ်း အရှည် ၁၂ မိုင် ၂ ဖာလုံရဲ့ လက်ရှိ အခြေအနေမှာ ကျောက်ချောလမ်း ၂ မိုင်နှင့် မြေသားလမ်း ၁၀ မိုင် ၂ ဖာလုံဖြစ်ပါတယ်။ မြေသားလမ်း ၁၀ မိုင် ၂ ဖာလုံကို ကျောက်ချောလမ်းဆောင်ရွက်မယ်ဆိုရင် ငွေကျပ်သန်း၇၉၀ ကျော်

ကုန်ကျမည်ဖြစ်ပါတယ်။ ရှာငံ-ပြဒါးလမ်းဂူလမ်း အရှည် ၁၂ မိုင် ၂ ဖာလုံကို ကတ္တရာလမ်း ဆောင်ရွက် မယ်ဆိုရင် ငွေကျပ်သန်း ၁၄၅၀ ကျော် ကုန်ကျမှာဖြစ်ပါတယ်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်ခုလုံးမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီး ဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၃၅၅ သန်းကျော်နှင့် ကတ္တရာလမ်း ၁ မိုင် ၂ ဖာလုံ၊ ကျောက်ချောလမ်း ၁ မိုင် ၁ ဖာလုံ၊ မြေသားလမ်း ၃ မိုင်နှင့် Box Culvert (၂၁)စင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ရှာငံမြို့နယ်အနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၇၁.၆၈ သန်းနှင့် ကျောက်ချောလမ်း ၁ မိုင် ၁ ဖာလုံ၊ မြေသား လမ်း ၃ မိုင်နှင့် Box Culvert (၇)စင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျေးလက်လမ်း၊ တံတား လုပ်ငန်းများနှင့်ပတ်သက်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကစ၍ လမ်း၊ တံတားလုပ်ငန်းများအတွက် ဒေသန္တရလမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကနေပြီး အတည်ပြုထားတဲ့ စံချိန်စံညွှန်းများ ရဲ့စံနှုန်းများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီမံဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ လမ်း၊ တံတားလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းအရ ပြည်နယ်/တိုင်းဒေသကြီးတွေက ဦးစားပေးရေးဆွဲတင်ပြလာတဲ့ လုပ်ငန်းတွေအပေါ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေနဲ့ စိစစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှာငံမြို့နယ်အတွင်း ရှာငံ-ပြဒါးလင်းဂူလမ်းအရှည် ၁၂ မိုင် ၂ ဖာလုံဟာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခြင်းမရှိခဲ့တဲ့အတွက် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါသော်လည်းပဲ နှစ်အလိုက် ပြည်နယ်/တိုင်းဒေသကြီးတွေရဲ့ ဦးစားပေးလျာထားတင်ပြမှုအပေါ် မူတည်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါ တယ်။

**ကျောက်တန်းမြို့၊ ခရမ်းမြို့နှင့် သုံးခွမြို့တို့တွင်ပေါ်ထွန်းလာသော သောင်ထွန်းမြေဇကကို ပြန်လည်စိစစ်တိုင်းတာ၍ ပြန်သူများကို ပွင့်လင်းမြင်သာစွာ ကြေညာပေးပါရန်၊ ပုစွန်မွေးမြူရေးကဲ့သို့သော လုပ်ငန်းများကို ပြန်လည်စိစစ်၍ စည်းမျဉ်းဥပဒေများနှင့်ညီ/မညီ စစ်ဆေးကြပ်မတ်ရန်၊ သောင်ထွန်းမြေများကို စုပေါင်းလယ်ယာများ လုပ်ကိုင်ခွင့်ပြုပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ မုတ္တမပင်လယ်ကွေ့အနီးမှာ တည်ရှိနေတဲ့ ကျောက်တန်း၊ ခရမ်း၊ သုံးခွမြို့နယ်တွေမှာဖြစ်ပေါ်နေတဲ့ သောင်ထွန်းမြေတွေကို စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်းပြီးတော့ မေးခွန်းမေးသွားမယ့် ကျောက်တန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး ဖြစ်ပါတယ်။ Power Point အသုံးပြုပြီး တင်ပြခွင့်ပြုပါရှင်။ ရန်ကုန်တိုင်းဒေသကြီးတောင်ပိုင်းခရိုင်မှာတည်ရှိတဲ့ ခရမ်းမြို့၊ သုံးခွမြို့နှင့် ကျောက်တန်းမြို့များဟာ မုတ္တမပင်လယ်ကွေ့အနားမှာတည်ရှိပြီး သဘာဝကပေးထားတဲ့ ပင်လယ်ရေသယံဇာတ၊ မြေသယံဇာတလက်ဆောင်ရရှိထားတဲ့နေရာတွေဖြစ်ပါတယ်။ ပင်လယ်ထွက်ပေါက်မှာတည်ရှိတဲ့အတွက်ကြောင့် အမျိုးသားလုံခြုံရေးအတွက်လည်း အချက်အခြာကျတဲ့နေရာဖြစ်ပါတယ်။ ပင်လယ်ပြင်နှင့်ထိစပ်လျက်ရှိပြီး နှစ်စဉ်သောင်ထွန်းမြေများ ဇကထောင်ချီရရှိနေပေမဲ့ အဲဒီရဲ့ ရေသယံဇာတ၊ မြေသယံဇာတကို အကျိုးခံစားခွင့်မရရှာတဲ့ဒေသခံပြည်သူများကတော့ မြေမဲ့၊ ယာမြေ ဆင်းရဲတွင်းနက်သည်ထက်နက်နေတာဝမ်းနည်းဖွယ်တွေ့မြင်ရပါတယ်ရှင်။ Power Point မှာ ကျွန်မ စာသင်ကျောင်းလေး တင်ပြထားပါတယ်။ အဲဒီစာသင်ကျောင်းလေးတွေဟာဆိုရင် ပင်လယ်ပြင်နဲ့အနီးမှာရှိနေတဲ့ သောင်ထွန်းမြေတွေများစွာပိုင်ဆိုင်တဲ့နေရာမှာ မှီတင်းနေထိုင်နေရတဲ့ ကျွန်မတို့ရဲ့ကလေးတွေ သင်ကြားနေရတဲ့စာသင်ကျောင်းလေးတွေပါ။ အဲဒီနေရာမှာရှိနေတဲ့ ပြည်သူတွေရဲ့ဘဝအခြေအနေကို တင်ပြလိုခြင်းဖြစ်ပါတယ်ရှင်။ အဆိုပါသောင်ထွန်းမြေပေါ်မှာ ရေငန်ပုစွန်မွေးမြူခွင့်၊ မြေယာအသုံးချခွင့်ရနေသူအများစုကတော့ ဒေသခံမဟုတ်တဲ့ အာဏာပိုင်နဲ့နီးစပ်တဲ့သူတွေဖြစ်နေပါတယ်။ ဒေသခံတွေဟာ မြေယာအသုံးပြုခွင့်လျှောက်ထားသော်လည်းပဲ မရရှိခြင်းကြောင့် သယံဇာတကြောင့် ဒေသဖွံ့ဖြိုးရမယ့်အစား အဲဒီသယံဇာတကြောင့်ပဲ ပြဿနာများတွေဖြစ်နေရပါတယ်။ အစိုးရအပြောင်းအလဲဖြစ်ခါနီးအချိန်မှာ ဒေသခံများကန့်ကွက်နေတဲ့ကြားကနေပြီးတော့ ပုစွန်ကန်မွေးမြူခွင့်ကို ကုမ္ပဏီတစ်ခုအား ချထားတဲ့အတွက်ကြောင့်မို့လို့ သုံးခွမြို့နယ် ကသာမြိုင်ကျေးရွာမှပြည်သူများ ကန့်ကွက်ဆန္ဒပြခဲ့ကြပါသေး

တယ်။ ကျောက်တန်းမြို့နယ်မှာလည်း ယခု လတ်တလောမှာကို ဘယ်ကုမ္ပဏီကို ဘယ်ရွေ့ဘယ်မျှ လုပ်ကိုင်ခွင့်ချထားပေးတယ်ကို မသိဘဲနဲ့ မြေတူးစက်တွေနဲ့ မြေယာပြုပြင်ခြင်းတွေ ဆောင်ရွက်နေတဲ့ အတွက်ကြောင့် မြေယာလုပ်ကိုင်ခွင့် အသုံးပြုခွင့်လျှောက်ထားတဲ့ ကျေးရွာသူ ကျေးရွာသားများ မကျေမနပ်ဖြစ်နေကြရပါတယ်။

ပုစွန်ကန်များကို ကျေးရွာမှ ပင်လယ်ကိုသွားရာနေရာမှာ လုပ်ကိုင်ခွင့်ချထားပေးတဲ့အခါမှာ ကျေးရွာမှာ မှီတင်းနေထိုင်ပြီးတော့ ပင်လယ်ကိုအမှီပြုလုပ်ကိုင်စားသောက်နေရတဲ့ ဒေသခံတွေက မြေယာအသုံးချခွင့်မရတာမဟုတ်တော့ဘဲနဲ့ ပင်လယ်ကိုထွက်ပြီးတော့ ငါးဖမ်းခြင်း၊ ကဏန်းထောင်ခြင်းလုပ်ခွင့်မှာ ဆုံးရှုံးရပါတယ်။ နဂို မိမိတို့ရဲ့ မူလအသက်မွေးဝမ်းကျောင်းဖြစ်တဲ့ ပင်လယ်ဘက်ကို ထွက်ပြီးတော့ ရေလုပ်ငန်းလုပ်တဲ့အခါမှာ အဲဒီပုစွန်ကန်တွေအပေါ်မှာဖြတ်လျှောက်ရတဲ့အတွက် ဖြတ်လျှောက်မိလို့ ထောင်ကျခဲ့တဲ့ သာဓကတွေလည်း ရှိခဲ့ပါတယ်။ ထို့အပြင် ရေငန်ပုစွန်မွေးမြူရေး လုပ်ကိုင်ထားသူအချို့ဟာ မိမိတို့ တရားဝင်လုပ်ကိုင်ခွင့်ရထားတဲ့မြေဧကအပြင် ပင်လယ်ဘက်မှာ နှစ်စဉ်ထွန်းလာတဲ့ သောင်မြေတွေပါ တိုးချဲ့လုပ်ကိုင်ခြင်းများရှိနေပါသဖြင့် ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၁)ကတော့ မုတ္တမပင်လယ်ကွေ့အနီးမှာတည်ရှိတဲ့ ကျောက်တန်းမြို့၊ ခရမ်းမြို့၊ သုံးခွမြို့တွေမှာ ပေါ်ထွန်းနေတဲ့ သောင်ထွန်းမြေဧကကို ပြန်လည်စိစစ်တိုင်းတာပြီး ပြည်သူများကို ပွင့်လင်းမြင်သာစွာ ကြေငြာပေးဖို့ဖြစ်ပါတယ်။ ဒီမြေတွေကို တရားမျှတစွာစီမံခန့်ခွဲဖို့အတွက် မြေပြင်ပေါ်မှာရှိနေတဲ့ ပကတိအခြေအနေကိုတိုင်းတာဖို့က မဖြစ်မနေလိုအပ်လို့ဖြစ်ပါတယ်။ နံပါတ် (၂) မေးခွန်းကတော့ လက်ရှိသောင်ထွန်းမြေပေါ်မှာ စီးပွားရေးလုပ်ကိုင်ခွင့်ပြုထားတဲ့ ပုစွန်မွေးမြူရေး လုပ်ငန်းကဲ့သို့သော လုပ်ငန်းများကို ပြန်လည်စိစစ်ပြီးတော့ စည်းမျဉ်း၊ ဥပဒေနှင့်ညီ/မညီ၊ သတ်မှတ်ထားတဲ့ဧကဟုတ်/မဟုတ်ကို ပြန်လည်စိစစ်ပေးဖို့ ဖြစ်ပါတယ်။ သောင်ထွန်းမြေများအနီးမှာ နေထိုင်တဲ့ ဒေသခံများကိုလည်း စနစ်တကျပြန်ပြီးခွဲဝေပေးခြင်း သို့မဟုတ် စုပေါင်းလယ်ယာကဲ့သို့သော လယ်ယာလုပ်ငန်းများကို ခွင့်ပြုလုပ်ကိုင်ပေးခြင်းအစီအစဉ်ရှိ/မရှိ မေးမြန်းလိုခြင်းဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးအနေနဲ့ မေးခွန်းသုံးခုကို မေးမြန်းထားတာ တွေ့ရှိရပါတယ်။ အဆိုပါမေးခွန်းအပေါ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမမေးခွန်း ဖြစ်တဲ့ မုတ္တမပင်လယ်ကွေ့အနီးမှာတည်ရှိတဲ့ ကျောက်တန်း၊ ခရမ်း၊ သုံးခွမြို့နယ်တို့မှာ ပေါ်ထွန်းလာတဲ့သောင်ထွန်းမြေဧကကို ပြန်လည်စိစစ်တိုင်းတာပြီး ပြည်သူများကို ပွင့်လင်းမြင်သာစွာ ကြေညာပေးရန် မေးခွန်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမြေစာရင်းလက်စွဲဥပဒေ အပိုဒ် ၉၀၈ နှင့် ၁၉၁၁ ခုနှစ်၊ မြန်မာနိုင်ငံတော် မြေခွန်အမိန့်ဆင့်ဆိုချက်များ အပိုဒ် ၄၀၊ ၄၁ တို့အရ ကျွန်းမြေတွေမှာ မြေရင့်/မြေနု နယ်နိမိတ်ခွဲပြီး မြေပုံပေါ်မှာဖော်ပြဖို့အတွက် ပြဋ္ဌာန်းထားရှိပါတယ်။ မြေရင့်ဆိုတာက တော့ နှစ်စဉ်ရေမြုပ်ပေမဲ့လည်းပဲ မြေအနေအထားနှင့် မြေသားပြောင်းလဲမှုမရှိ၊ ပေါ်ထွန်းနေတဲ့ကာလ မှာလည်း နှစ်ပရိစ္ဆေဒ ကြာမြင့်နေပြီဖြစ်တဲ့ကျွန်းတွေကို မြေရင့်လို့ သတ်သတ်မှတ်မှတ်ခေါ်ဆိုနိုင် ပါတယ်။ နှစ်စဉ်မြေအနေအထားနှင့် မြေသားပြောင်းလဲနေတဲ့ ရင့်မာခြင်းမရှိသေးတဲ့ ပေါ်ထွန်းနေတဲ့ ကာလမှာလည်း မကြာသေးသောကျွန်းကိုတော့ မြေနုကျွန်းလို့ သတ်မှတ်ခေါ်ဆိုပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်အတွင်း ကျောက်တန်း၊ ခရမ်း၊ သုံးခွမြို့နယ်များမှာရှိတဲ့ မုတ္တမပင်လယ်ကွေ့အနီး ပေါ်ထွန်းလာတဲ့ သောင်တိုးမြေတွေကို တောင်သူများ လုပ်ပိုင်ခွင့်ပြုပေးနိုင် ဖို့အတွက် မြေပြင်ကွင်းဆင်းစိစစ်ဆောင်ရွက်ပြီး မြေနု၊ မြေရင့်ခွဲခြားပြီးမှသာ မြေတိုင်းတာ၍ မြေပုံများ ရေးဆွဲဆောင်ရွက်ရမှုရှိမည်ဖြစ်ပါတယ်။ မြေရင့်အဖြစ်တည်ရှိနေတဲ့ မြေဧရိယာတွေကိုတော့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေနှင့်အညီ လုပ်ကိုင်ခွင့်/အသုံးပြုခွင့်လျှောက်ထား မှုအပေါ်မှာ စိစစ်လုပ်ကိုင်ခွင့် ခွင့်ပြုပေးသွားမှာဖြစ်ပါတယ်။

Google Map တွေအပေါ်မှာ မုတ္တမပင်လယ်ကွေ့မှာပေါ်ထွန်းနေတဲ့ သောင်တိုးမြေဧရိယာ တွေကို တွေ့ရှိနေရပေမဲ့လည်းပဲ ထိုဧရိယာတွေဟာ ဂြိုလ်တုမှရိုက်ကူးထားတဲ့အချိန်ကာလအပေါ် မှာမူတည်ပြီး ဧရိယာများကွာခြားမှု ဖြစ်ပေါ်နိုင်ပါတယ်။ အဲဒီဧရိယာတွေကို မြေနုမြေရင့် ခွဲခြားမရနိုင် ခြင်းကြောင့် ၂၀၁၇-၂၀၁၈ ခုနှစ် ပွင့်လင်းရာသီမှာ မြေနု၊ မြေရင့်ခွဲခြားဖို့ ဦးစွာမြေပြင်ကွင်းဆင်း စိစစ်ဆောင်ရွက်သွားရန် ရှိမှာဖြစ်ပါတယ်။ မြေရင့်ဧရိယာတွေကိုသာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မြေတိုင်းရာသီအတွင်း မြေပြင်ကွင်းဆင်းတိုင်းတာနိုင်ရေး မြေတိုင်းစီမံချက်များရေးဆွဲပြီး ရန်ပုံငွေရရှိမှု

အပေါ်မူတည်ပြီးတော့ မြေတိုင်းတာခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

မေးခွန်း(၂)ဖြစ်တဲ့ လက်ရှိသောင်ထွန်းမြေတွေအပေါ်မှာ စီးပွားရေးလုပ်ကိုင်ခွင့်ပြုထားတဲ့ ပုစွန်မွေးမြူရေးကဲ့သို့သော လုပ်ငန်းတွေကိုပြန်လည်စိစစ်ပြီး စည်းမျဉ်း၊ ဥပဒေများနှင့်ညီ/မညီ စစ်ဆေးကြပ်မတ်ရန်ကိစ္စ မေးမြန်းထားပါတယ်။ ကျောက်တန်းမြို့နယ်၊ မုတ္တမပင်လယ်ကွေ့မှာရှိတဲ့ ကမ်းကောသောင်ထွန်းမြေများဖြစ်တဲ့ မရမ်းဖွဲ့ဘာကမ်းပတ်တာအပြင်ဘက်မှာရှိတဲ့ မြေတွေဟာ သဘာဝပုစွန်မွေးမြူရေးလုပ်ငန်းဆောင်ရွက်ဖို့အတွက် ကျေးရွာအုပ်စု ခုနစ်အုပ်စုမှာ လူဦးရေ ၁၂ ဦး၊ ဧရိယာ ၂၃၃၇.၈၉ ဧကကို ယခင် ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက် လ/န-၃၉ ခွင့်ပြုမိန့်ချထားပေးခဲ့ကြောင်း သိရှိရပါတယ်။ ယနေ့အထိ ခွင့်ပြုတဲ့နည်းလမ်း အတိုင်း ဆောင်ရွက်လုပ်ကိုင်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။

၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေအရ ၂၀၁၆ ခုနှစ်မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီအနေနဲ့ ကျေးရွာအုပ်စုခုနစ်အုပ်စု၊ လူဦးရေ ၁၂ ဦး၊ ဧရိယာ ၃၂၉၈.၀၈ ဧကကို သဘာဝမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုခဲ့ပါတယ်။ လုပ်ကိုင်ခွင့်ရရှိတဲ့သူက တစ်ဦးရှိပြီးတော့ ဧက ၁၀၀၀ မှာ သတ်မှတ်ကာလအတွင်း ဆောင်ရွက်လျက် ရှိပြီး၊ ကျန်ရှိတဲ့လုပ်ပိုင်ခွင့်ရရှိသူ ၁၁ ဦးအနေနဲ့ကတော့ ဧရိယာဧက ၂၉၉၈.၀၈ ဧကမှာ သတ်မှတ် ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ခရမ်းမြို့နယ်၊ ရေကျော်ကျေးရွာအုပ်စုရှိ မုတ္တမပင်လယ်ကွေ့ကပေါ်ထွန်းလာတဲ့ မြေလွတ်၊ မြေရိုင်းတွေကို ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေအရ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ ကနေပြီးတော့ ဒေသခံတောင်သူနှစ်ဦး၊ ဧရိယာဧက ၄၅၀ ကို သဘာဝပုစွန်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုခဲ့ပါတယ်။ ခွင့်ပြုတဲ့နည်းလမ်းအတိုင်း ဆောင်ရွက်လုပ်ကိုင်လျက်ရှိကြောင်း သိရှိ ဖြေကြားအပ်ပါတယ်။

သုံးခွမြို့နယ်၊ မုတ္တမပင်လယ်ကွေ့မှာရှိတဲ့ ကမ်းကောသောင်ထွန်းမြေရိုင်းတွေအပေါ်မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့က ယခင်ဥပဒေအရ မွေးမြူရေးလုပ်ငန်း အတွက် Winner Brother ကုမ္ပဏီကို ဧက ၅၀၀ ခွင့်ပြုခဲ့ပါတယ်။ ၃၄၈ ဧကကို အကောင်အထည်

ဖော်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ၁၅၂ ဧက ဖော်ထုတ်ရန် ကျန်ရှိနေပါတယ်။ ထိုသို့ ဒေသအာဏာပိုင်ကနေပြီး မွေးမြူရေးလုပ်ငန်းအတွက် ၁၇ ဦး၊ ဧရိယာဧက ၁၀၀၀ ခွင့်ပြုခဲ့ရာမှာ တပ်ရင်း၊ တပ်ဖွဲ့နှစ်ခုအား ခွင့်ပြုထားတဲ့ဧရိယာ ၁၀၀ ဧကမှာ ဆောင်ရွက်ရန်ကျန်ရှိလျက်ရှိပါတယ်။ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေအရ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့မှာ တစ်ဦး၊ ဧရိယာ ၂၅၀ ဧကကို မွေးမြူရေးလုပ်ငန်းအတွက် ခွင့်ပြုမိန့်ချထားပေးခဲ့ပါတယ်။ လုပ်ငန်းအကောင်အထည်ဖော်မှု သတ်မှတ်ကာလကျော်လွန်ခြင်းမရှိသေးတဲ့အခြေအနေ ဖြစ်ပါတယ်။ မြေလွတ်၊ မြေရိုင်းများအား လုပ်ကိုင်ခွင့်ပြုထားမှုများနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာဦးစီးဌာနများမှလည်း စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

မေးခွန်း(၃)ဖြစ်တဲ့ မုတ္တမသောင်ထွန်းမြေရိုင်းကို အနီးစပ်ဆုံးမှာ နေထိုင်တဲ့ဒေသခံတွေ စနစ်တကျပြန်လည်ခွဲဝေစိုက်ပျိုးစေနိုင်ရေး သို့မဟုတ် စုပေါင်းလယ်ယာများ လုပ်ကိုင်ခွင့်ပြုပေးရန် အခြေအနေနှင့်ပတ်သက်ပြီး မေးမြန်းထားမှုကို ဖြေကြားပါမယ်။ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲရေးနည်းဥပဒေ အပိုဒ် ၃ အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေး လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဓာတ်သတ္တုလုပ်ငန်း၊ အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်တဲ့ အခြားလုပ်ငန်းတွေကို ဗဟိုကော်မတီကို လျှောက်ထားနိုင်ပါကြောင်းနှင့် နည်းဥပဒေ ၃ နည်းဥပဒေခွဲ (စ)မှာ ကျေးလက်ဒေသတောင်သူများနှင့် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ကိုင်လိုသူများလည်း လျှောက်ထားနိုင်ပါကြောင်း ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် မုတ္တမသောင်ထွန်း မြေရိုင်းတွေကို အနီးစပ်ဆုံးမှာ နေထိုင်သူဒေသခံများအနေနဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လျှောက်ထားလုပ်ကိုင်နိုင်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။

**ကျောက်ကြီးမြို့နယ်၊ ငထွေစုတ်ကျေးရွာအုပ်စုအတွင်း ဖြတ်သန်းစီးဆင်းနေသော ငါးဖျင်းသလက်ခေါက်မြောင်းကြီးအားဖြတ်လျက် ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ငွေ(ကျောက်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့်

ကြွရောက်လာကြသောဧည့်သည်တော်အပေါင်းတို့အား မင်္ဂလာပါလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ငွေဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ငထွေစုတ်ကျေးရွာအုပ်စုတွင် ဖြတ်သန်းစီးဆင်းနေသော ငါးဖျင်းသလက်ခေါက်မြောင်းကြီးအားဖြတ်လျက် ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် မည်သည့်အချိန်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ငါးဖျင်းသလက်ခေါက်မြောင်းကြီးသည် စစ်တောင်းမြစ်ရဲ့အရှေ့ဘက်ခရစိန်ဗျက်ကျယ်အင်းကြီးရဲ့တောင်ဘက်မှ နောင်ကုန်းတံတားကိုဖြတ်ပြီး ကျောက်ကြီးချောင်းမှတစ်ဆင့် စစ်တောင်းမြစ်ထဲသို့ဖြတ်သန်းစီးဆင်းပါတယ်။ ဒါကြောင့် စစ်တောင်းမြစ်နှင့် ငါးဖျင်းသလက်ခေါက် မြောင်းကြီးကြားမှာရှိတဲ့ ငထွေစုတ်၊ ဆေးပုလဲ၊ မိတ်သလင်အစရှိတဲ့ရွာတွေဟာ အရှေ့ဘက်ရှိ တောင်ငူ-မုပ္ပလင်လမ်းမကြီးသို့ရောက်ရှိရန် အကျယ်ပေ ၁၀၀ ခန့်ရှိ ငါးဖျင်းသလက်ခေါက်မြောင်းကြီးအား ဖြတ်သန်းရမည်ဖြစ်ပါတယ်။ ဒီငါးဖျင်းသလက်ခေါက်မြောင်းကြီးအား ဖြတ်သန်းရန်အတွက် ငထွေစုတ်ကျေးရွာ ကိုယ့်အားကိုယ်ကိုးတံတားတစ်စင်းကို ၁၉၅၀ ခုနှစ်က တည်ဆောက်ခဲ့ပြီးတော့ ပြုပြင်ထိန်းသိမ်းကာအသုံးပြုခဲ့ပါတယ်။ သို့သော်လည်းပဲ ယင်းတံတားဟာ ၁၉၉၃ ခုနှစ်တွင် ရေတိုက် စားပြီးတော့ပျက်စီးသွားခဲ့ပါတယ်။ ၁၉၉၃ ခုနှစ် မတ်လမှာ နောက်တံတားတစ်စင်းကိုတည်ဆောက်ကာ ဒီနေ့အချိန်ထိ အသုံးပြုနေခဲ့ရပါတယ်။ သို့သော်လည်း ၎င်းတံတားဟာ စနစ်တကျဆောက်လုပ်ထားတဲ့ တံတားမဟုတ်ခြင်း၊ သစ်သားကိုယ်ထည်ဖြင့် အသားများဆွေးမြည့်နေခြင်း၊ အသုံးပြုသည့်ကာလမှာ နှစ် ၂၀ ကျော်ကြာမြင့်နေခြင်းတို့ကြောင့် ခရီးသွားပြည်သူများအတွက် အန္တရာယ်ဖြစ်လာနိုင်ပါတယ်။ ထို့အပြင် ရွာချင်းဆက်ဒေသများမှ ကုန်စည်များကိုသယ်ဆောင်ရန် ကား၊ ဝွန်ဒေါင်း၊ လှည်းအစရှိတဲ့ ယာဉ်များဖြတ်သန်းသွားလာနိုင်ရန် ကွန်ကရစ်တံတားဖြစ်ရန် လိုအပ်နေပါတယ်။ အကယ်၍ နိုင်ငံတော်မှနေပြီးတော့ ကွန်ကရစ်တံတားတစ်စင်းတည်ဆောက်ပေးမယ်ဆိုပါက စစ်တောင်းမြစ်နှင့် တောင်ငူ-မုပ္ပလင်လမ်းမကြားရှိကျေးရွာပေါင်း ၁၅ ရွာမှပြည်သူများ၊ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ အဆင်ပြေစွာသွားလာနိုင်မယ့်အပြင် ဒေသထွက်ကုန်ပစ္စည်းများဖြစ်ကြသော စပါး၊ ပဲမျိုးစုံ၊ ငါးပိ၊ ငါးခြောက် စသည်များကိုလည်း ကုန်ကျစရိတ်နည်းစွာဖြင့် ကူးသန်းရောင်းဝယ်နိုင်မည် ဖြစ်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ငထွေစုတ်ကျေးရွာအုပ်စုအတွင်းဖြတ်သန်းစီးဆင်းနေသော ငါးဖျင်း

သလက်ခေါက်မြောင်းကြီးအား ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိနှင့် မည်သည့်အချိန်တွင် ဆောက်လုပ်ပေးမည်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြင့်ငွေရဲ့ မိမိဒေသအကျိုးစီးပွားရှေးရှုပြီး ယခုလို မေးခွန်း မေးမြန်းတဲ့အပေါ်မှာ ကျေးဇူးတင်ရှိပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်၊ ငထွေစုတ်ကျေးရွာအုပ်စုအတွင်း ဖြတ်သန်းစီးဆင်းနေတဲ့ ငါးဖျင်းသလက်ခေါက်မြောင်းကြီးကိုဖြတ်ပြီး ကျောက်ကြီး-မုန်းလမ်းမကြီးနှင့်ဆက်သွယ်ထားတဲ့ ငထွေစုတ်ရွာအဝင်လမ်းပေါ်မှာရှိတဲ့ သစ်သား တံတား (ပေ ၁၆၀ x ၁၄ ပေ x ၂၅ ပေ)ဟာ ကျေးရွာသူကျေးရွာသားများရဲ့ ကိုယ်ထူကိုယ်ထ တည်ဆောက်ထားသောတံတားဖြစ်ပါတယ်။ ယခုအခါ နှစ် ၂၀ ကျော် ကြာမြင့်လာပြီဖြစ်တဲ့အလျောက် တိုင်၊ ယက်မ၊ ဆင့်နှင့် ကြမ်းခင်းတွေ ပေါက်ပြဲဆွေးမြည့်ပြီး ပျက်စီးလျက်ရှိကြောင်း သိရှိရပါတယ်။ သစ်သားတံတားကို ကွန်ကရစ်တံတားအဖြစ် တည်ဆောက်မယ်ဆိုရင် ငွေကျပ် ၃၂၀ သန်း ကုန်ကျမှာ ဖြစ်ပါတယ်။ တံတားကြောင့် ကျေးရွာအုပ်စုသုံးအုပ်စု၊ ကျေးရွာခုနစ်ရွာ၊ အိမ်ခြေ ၉၈၅ အိမ်၊ လူဦးရေ ၅၃၀၀ ကျော် အကျိုးပြုမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ မိမိတို့ ကျေးလက်ဒေသဖွံ့ဖြိုး ရေးဦးစီးဌာနအနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း ၁၂၃၀၀ နဲ့ ကွန်ကရစ်လမ်း ၅ မိုင် ၇ ဖာလုံ၊ ကတ္တရာလမ်း ၈ မိုင် ၃ ဖာလုံ၊ ကျောက်ချောလမ်း မိုင် ၆၀ ၄ ဖာလုံ၊ ဂဝံ/မြေနီလမ်း ၅၆ မိုင် ၇ ဖာလုံနှင့် မြေသားလမ်း ၃၄ မိုင် ၁ ဖာလုံ၊ ကွန်ကရစ်တံတား ၂၅ စင်း၊ သစ်သားတံတား ၈၁ စင်းနှင့် ရေပြွန် ၈၅ စင်းနှင့် ရေကျော် ၁၂ စင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ကျောက်ကြီးမြို့နယ်အတွင်းမှာတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေ နဲ့ ကျပ်သန်းပေါင်း ၃၄၂.၆၃၇ သန်း အကုန်အကျခံပြီး ကွန်ကရစ်လမ်း ၂ မိုင် ၆ ဖာလုံနှင့် ကွန်ကရစ် တံတားလေးစင်းကို လျာထားဆောင်ရွက်ပေးလျက်ရှိပါတယ်။

ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမှမေးမြန်းတဲ့ ကျောက်ကြီးမြို့နယ်၊ ငထွေစုတ်ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ကျောက်ကြီး-မုန်းလမ်းမကြီးနှင့်ဆက်သွယ်ထားတဲ့ ငထွေစုတ်ကျေးရွာအဝင်လမ်းပေါ်မှာရှိတဲ့သစ်သားတံတားဟာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခြင်းမရှိခဲ့ကြောင်း သိရှိရပါတယ်။ သို့ဖြစ်တဲ့အတွက် လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိသော်လည်းပဲ နှစ်အလိုက် တိုင်းဒေသကြီးရဲ့ ဦးစားပေးလျာထားတင်ပြမှုအပေါ်မှာမူတည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၊ ကလေးမဲဆန္ဒနယ်က အဂတိလိုက်စားမှု(လာဘ်ပေးလာဘ်ယူမှု) ကျဆင်းရန်အတွက် အစိုးရရုံးများနှင့် ပြည်သူလူထုဆက်ဆံရေးပြေပြစ်ရန် အစိုးရရုံးများက အကြောင်းပြချက်မခိုင်လုံဘဲ ရုံးချိန်းခဏခဏမပြောင်းရန်အတွက် ထိန်းသိမ်းကြပ်မတ်ပေးရန် လိုအပ်သော အရေးယူမှု၊ အမိန့်၊ ဥပဒေများချမှတ်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီးက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီးအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ဖြစ်ပါတယ်။ အဂတိလိုက်စားမှု(လာဘ်ပေးလာဘ်ယူမှု) ကျဆင်းရန်အတွက် အစိုးရရုံးများနဲ့ပြည်သူလူထုဆက်ဆံရေးပြေပြစ်ရန် အစိုးရရုံးများကအကြောင်းပြချက်မခိုင်လုံဘဲ ရုံးချိန်းခဏခဏမပြောင်းရန်အတွက်

ထိန်းသိမ်းကြပ်မတ် ပေးရန်လိုအပ်သောအရေးယူမှု အမိန့်၊ ဥပဒေများချမှတ်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့်တင်သွင်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့နိုင်ငံမှာ အဂတိလိုက်စားမှုဖြစ်ရတဲ့အကြောင်းများစွာထဲက မိမိလက်လှမ်းမီတဲ့အကြောင်းအချက်များကိုသာ အဓိကထားဆွေးနွေးအဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ကျွန်မဒီအဆိုကိုတင်သွင်းရခြင်းကတော့ လာဘ်ပေးလာဘ်ယူမှုအနည်းဆုံး တိုင်းပြည်များကို လေ့လာကြည့်တဲ့အခါ ဌာနတွင်းဆက်ဆံရေး၊ ရုံးဌာနနှင့်ပြည်သူကြားဆက်ဆံရေး၊ အရပ်သားပြည်သူအချင်းချင်းဆက်ဆံရေးအထိ ယဉ်ကျေးပြေပြစ်စေရန်လိုအပ်တဲ့အမိန့်၊ ဥပဒေတွေပြဋ္ဌာန်းပြီး အစိုးရက ဖိဖိစီးစီးကြပ်မတ်အရေးယူတာတွေတွေ့ရတာကြောင့်ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာလည်း အခြားလာဘ်ပေးလာဘ်ယူမှုအနည်းဆုံး တိုင်းပြည်များကဲ့သို့ အစိုးရကဖိဖိစီးစီးကြပ်ကြပ်မတ်မတ်ဆောင်ရွက်ရန် ခက်ခဲတဲ့ ကိစ္စမဟုတ်ဘူးဆိုတာလည်း အကြွင်းမဲ့ယုံကြည်ပါတယ်။ အမှန်တကယ်လည်း လိုအပ်နေတဲ့ကိစ္စဖြစ်သည့်အပြင် ကမ္ဘာမှာသိက္ခာရှိရှိရပ်တည်နေသော နိုင်ငံတစ်နိုင်ငံဖြစ်စေချင်ကြတာဟာ အစိုးရ၊ နိုင်ငံသူနိုင်ငံအားလုံးရဲ့ဆန္ဒဖြစ်မယ်လို့ ကျွန်မယုံကြည်မိပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ နိုင်ငံအခြေခံမူများ အခန်း(၁) ပုဒ်မ ၄ မှာ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌တည်သည်ဟု ဖော်ပြထားသည့်အတိုင်း နိုင်ငံသားများဟာ နိုင်ငံတော်အချုပ်အခြာအာဏာပိုင်ရှင်မူလဖြစ်တယ် ဆိုတာကိုတွေ့ရပါတယ်။ ပုဒ်မ ၆ ပုဒ်မခွဲ(င)တွင်လည်း နိုင်ငံတော်၌တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီညွတ်ခြင်းတည်းဟူသော လောကပါလတရားပိုမိုထွန်းကားရေးလို့ပါရှိသည့်အတိုင်း ဝန်ထမ်းနှင့်ပြည်သူကြားမှာ ညီမျှခြင်းတည်းဆိုတဲ့လောကပါလတရား ပိုမိုထွန်းကားရန်အတွက် အစိုးရမှကြပ်မတ်ပေးရန်အထူးလိုအပ်ပါတယ်။ ဥပဒေစိုးမိုးမှုရှိတဲ့နိုင်ငံများမှာ အစိုးရရုံးတွေအနေနဲ့ ပြည်သူလူထုမည်သူ့ကိုမဆိုခိုင်လုံတဲ့အကြောင်းပြချက်ရှိရင် တွေ့ခွင့်ငြင်းပယ်နိုင်ပါတယ်။ တွေ့ခွင့်ပေးမည်ဆိုရင်တော့ eye to eye contact မျက်လုံးခြင်းတစ်တန်းတည်းရှိတဲ့အနေအထားနဲ့ တွေ့ဆုံရာမှာလည်း နှုတ်စကားမှာသာမကကိုယ်အမူအရာပါ တစ်ဖက်သားအားရိုင်းပြခြင်း၊ အထင်သေးနှိမ့်ချခြင်းလုံးဝလုပ်ခွင့်မရှိပါ။ အထောက်အထားခိုင်ခိုင်လုံလုံနဲ့တိုင်ကြားခြင်း၊ တရားစွဲဆိုခြင်းလုပ်ပါက အရေးယူရမည့်ဥပဒေတွေကို တိတိကျကျရှင်းရှင်းလင်းလင်း ပြဋ္ဌာန်းထားကြတာတွေ့ရပါတယ်။ ယဉ်ကျေးပြေပြစ်စွာမဆက်ဆံတတ်သူများကို Anti-Social Behaviour ရှိသူများအဖြစ်သတ်မှတ်ပြီး ယဉ်ကျေးလိမ္မာတတ်စေခြင်း၊ ပရဟိတလုပ်ငန်းလုပ်စေခြင်းစတဲ့ ပညာပေးအရေးယူခြင်းမှစပြီးတော့မှ ထောင်ဒဏ်ပေးတဲ့အထိ

အရေးယူကြတာတွေ့ရတယ်။ အရပ်သားပြည်သူများကိုလည်း ရုံးများတွင်ယဉ်ကျေးစွာဆက်ဆံရန် ထိန်းသိမ်းကြပ်မတ်တာတွေလည်း တွေ့ရပါတယ်။ ဥပမာ ဆေးရုံတွေမှာဝန်ထမ်းများကိုဆက်သွယ်ရန်၊ ရက်အရန်လွယ်ရန်နှင့် ကျေနပ်မှုမရှိပါက တိုင်ကြားနိုင်ရန် မြင်သာတဲ့နေရာ ဝန်ထမ်းတွေရဲ့ဓာတ်ပုံ၊ အမည်၊ အဆင့်စတာတွေ ကပ်ထားပေးပါတယ်။ အဲဒီလိုပဲ လူနာအဆောင်တိုင်းရဲ့မြင်သာတဲ့နေရာတွေမှာ ကျန်းမာရေးဝန်ထမ်းများအား ရိုင်းစိုင်းစွာမဆက်ဆံရ၊ ဆက်ဆံပါက မည်သူ့ကိုမဆို အရေးယူ တရားစွဲမည်ဖြစ်ကြောင်း သတိပေးစာကပ်ထားကြပါတယ်။ ဒီလို ထိန်းသိမ်းကြပ်မတ်တာတွေကြောင့် အရပ်သားတွေအနေနဲ့ ရုံးသွားရတာ မိမိခင်မင်ရင်းနှီးတဲ့သူဆီအလည်သွားပြီး အကူအညီတောင်းတဲ့ သဘောလောက်သာ သဘောထားကြတာ တွေ့ရပါတယ်ရှင်။ ရုံးနှင့်ဆက်ဆံဖို့ ကြားပွဲစားမလိုသလို လာဘ်ထိုးဖို့မလိုတာလည်းတွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့တိုင်းပြည်နဲ့ပတ်သက်လို့ ဌာနတွင်းဝန်ထမ်းအချင်းချင်းဆက်ဆံရေးကို ဦးစွာဆွေးနွေးလိုပါတယ်။ တချို့အရာရှိ၊ အရာထမ်းတွေဟာ ရုံးလုပ်ထုံးလုပ်နည်းအတိုင်း စာဖြင့် တိုင်တန်းရင် ပြင်းထန်စွာအရေးယူခံရမှာစိုးလို့ဆိုတဲ့အကြောင်းပြချက်နဲ့ မိမိလက်အောက်ဝန်ထမ်းများကို မကြားဝံ့မနာသာဆဲဆိုခြင်း၊ ကိုယ်ထိလက်ရောက်ထိုးကြိတ်ရိုက်နှက်ခြင်းတွေ လုပ်နေတာ တွေ့ရပါတယ်။ ဒါကြောင့် ဝန်ထမ်းအမှားလုပ်ရင် စည်းမျဉ်းစည်းကမ်းအတိုင်း အရေးယူရန်နှင့် ထိန်းကျောင်းကြပ်မတ်ရန် လိုအပ်ပါတယ်။ ရိုင်းစိုင်းတဲ့ ဝန်ထမ်းတွေကို ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းအတိုင်း အရေးယူရမည့်အပြင် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပြီး သင်တန်းတက်စေခြင်းနည်းလည်း သုံးသင့်ကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။ အရပ်သားပြည်သူတွေနှင့် ဆက်ဆံရာမှာ တချို့ရုံးတွေမှာ ဧည့်သည်ထိုင်ဖို့ ခုံမထားတာ တွေ့ရသလို အချို့ရုံးတွေကျတော့ ခုံတော့ထားပါရဲ့။ ထိုင်ခွင့်ပေးမှ ထိုင်ရပါတယ်။ အရပ်သားပြည်သူတွေဟာ မည်သည့်အစိုးရဌာန၊ မည်သည့်အဆင့်မဆို လက်အောက်ငယ်သား ကျေးကျွန်များ မဟုတ်ကြောင်း အားလုံးသတိထားရပါမယ်။ ရုံးကိုလာတဲ့ အရပ်သားပြည်သူတွေကို အပြောအဆို၊ အမူအယာနှင့် အပေါ်စီးကဆက်ဆံခြင်း၊ ဆဲဆိုအော်ငေါက်ခြင်းတွေလုပ်နေတာ တွေ့ရပါတယ်။ ဒါကြောင့် ဖြစ်နိုင်ရင် ရုံးနှင့်မပတ်သက်ချင်ကြဘူး။ သွားလည်းမသွားချင်ကြတာ တွေ့ရပါတယ်။ ၂၀၁၃ ခုနှစ်၊ မတ်လ ၈ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း(၄) တာဝန်နှင့်အခွင့်အရေးများ(၁)မှာ ပြည်သူကိုရိုသေလေးစားခြင်းလို့ ပါပေမယ့် ဥပဒေသက်ရောက်မှုအားနည်းတယ်။ တစ်နည်းပြောရရင် ဥပဒေစိုးမိုးမှုနည်းတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ရုံးချိန်းဆိုတာ ဝန်ထမ်းမှ မိမိအဆင်ပြေဆုံးအချိန်ကိုရွေးပြီး ချိန်းဆိုတာဖြစ်ပါတယ်။ ဒါပေမဲ့ ခိုင်လုံတဲ့အကြောင်းပြချက်မရှိဘဲ မကြာခဏ ပြောင်းတတ်ကြတာတွေ့နေရပါတယ်။ သူတို့အကြောင်းပြလေ့ရှိတာကတော့ အစည်းအဝေးရှိလို့ မအားဘူးဆိုတာပဲ ဖြစ်ပါတယ်။ နေ့တိုင်းနီးပါး တစ်နေကုန်အစည်းအဝေးရှိတာလားလို့ မေးရမလိုဖြစ်နေပါပြီ။ အလုပ်ပျက်ခံပြီး တစ်နေကုန် ရုံးမှာလာစောင့်ရ။ တချို့ပြည်သူတွေဆိုရင် ညအိပ်ခရီးလာရနဲ့ ညနေစောင်းရောက်မှ မအားလို့ ဘယ်နေ့၊ ဘယ်အချိန်လာပါဆိုပြီးတော့ တာဝန်မဲ့စွာ ပြောင်းချိန်းတတ်ကြလို့ ဒုက္ခရောက်တဲ့သူတွေ အလွန်များတာကို တွေ့ရပါတယ်။ စာရွက်စာတမ်းကိစ္စပြီးလို့ လက်မှတ်ထိုးဖို့ပဲ ကျန်တော့တာတောင် ဘယ်နှစ်ကြိမ် ရုံးချိန်းပြောင်းမလဲဆိုတာ မှန်းလို့မရကြပါဘူးရှင်။ နိုင်ငံ့ဝန်ထမ်းဥပဒေအခန်း(၄) တာဝန်နှင့် အခွင့်အရေးများ (င)တွင် မိမိအားပေးအပ်ထားသော တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ခြင်း၊ အခန်း(၄) (ည)မှာ တာဝန်အရအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းမှ ရှောင်ကျဉ်ခြင်းကို လက်တစ်လုံးခြား ပျက်ကွက်ကြတာတွေ့နေရပါတယ်ရှင်။ ရုံးသွားရရင် လူ့ဂုဏ်သိက္ခာချိုးခံရတာ၊ ရုံးချိန်းခဏခဏပြောင်းတာတွေကြောင့် အရပ်သားပြည်သူတွေ လာဘ်ထိုးကြရပါတယ်။ တိုက်ရိုက်လာဘ်ထိုးတာ၊ ရုံးဝန်ထမ်းတစ်ဦးဦးဆီကတစ်ဆင့် လာဘ်ထိုးတာ၊ ရုံးတွေရဲ့ လူယုံပွဲစားတွေကတစ်ဆင့် လာဘ်ထိုးတာ စတဲ့နည်းတွေနဲ့ လာဘ်ထိုးကြရတာတွေ့ရပါတယ်။ နိုင်ငံတကာမှာရော၊ ကျွန်မတို့ရဲ့တိုင်းပြည်မှာပါ အဖွဲ့အစည်းတိုင်းမှာ ပြဿနာရှာတတ်တဲ့လူတစ်စုဆိုတာ အမြဲ ရှိပါတယ်။ ယဉ်ကျေးပြေပြစ်တဲ့ ဆက်ဆံရေးထူထောင်ကြတော့မယ်ဆိုရင် ဝန်ထမ်းများနည်းတူ အရပ်သားပြည်သူများကိုလည်း လိုအပ်ရင် အရေးယူရပါမယ်။ ဝန်ထမ်းကကောင်းမွန်စွာဆက်ဆံတာတောင် ကြမ်းတမ်းတဲ့စကား၊ ဆဲဆိုခြိမ်းခြောက်တာတွေနဲ့ ကိုယ်ထိလက်ရောက်ကျူးလွန်တာတွေကို အရပ်သားကလုပ်ရင် ထိရောက်တဲ့အရေးယူမှု လုပ်ရပါမယ်။ လူအများနဲ့ဆက်ဆံတဲ့ဌာနတွေမှာ ကြုံတွေ့နေရတာများပါတယ်ရှင်။ အထူးသဖြင့် ညအချိန်မတော် တာဝန်ထမ်းဆောင်ရတဲ့ အမျိုးသမီးဆရာဝန်၊ သူနာပြုဆရာမများရှိရာ ဆေးရုံတွေမှာ သောက်စားမူးယစ်တဲ့လူနာစောင့်တွေက ကျူးလွန်တတ်ကြပါတယ်။ သိပ်မကြာခင်က စစ်တွေဆေးရုံမှာ ညတာဝန်ကျ အမျိုးသမီးဆရာဝန်ကို ဆဲဆိုခြိမ်းခြောက်လို့ တရားစွဲတာကြားရပါတယ်။ တရားမစွဲပေမယ့် အလားတူအဖြစ်အပျက်တွေများစွာ ရှိပါတယ်ရှင်။ သက်ဆိုင်ရာလူကြီးများက မိမိလက်အောက်ဝန်ထမ်းများကို ပြဿနာရှာတတ်တဲ့ လူတစ်စုရန်က ကာကွယ်ပေးဖို့လည်း လိုပါတယ်။ ဆေးရုံကို ကျွန်မ ဥပမာထားပြီးပြောရတာကတော့ ဝန်ထမ်းချင်းတူပေမယ့် ဆဲဆိုခြိမ်းခြောက်၊ ကိုယ်ထိလက်ရောက် ကျူးလွန်စော်ကားကြလို့ ကျန်းမာရေး

ဝန်ထမ်းတွေ ကြောက်လန့်နေမယ်။ စိတ်ဆိုးဒေါသထွက်နေမယ်ဆိုရင် သူတို့ကုတဲ့လူနာတွေအပေါ် အာရုံစူးစိုက်မှုနည်းမယ်။ လုပ်ပေးနိုင်မယ့် အင်အားပါကျပြီး လူနာအတွက်များစွာ ထိခိုက်နိုင်လို့ပါ ရှင်။ ဆေးရုံဝန်ထမ်းနှင့် ပတ်သက်လာရင် ဝန်ထမ်းသာမက လူနာတွေအတွက်ပါ အဓိကထားစဉ်းစား ရပါမယ်။ နိုင်ငံတကာမှာတော့ Zero Tolerance Policy ထားပြီး ဆေးရုံဝန်ထမ်းတွေကို ဆဲဆို ခြိမ်းခြောက်တဲ့လူတွေကို ချက်ချင်းဖမ်းချုပ်ပြီး ထိရောက်တဲ့အရေးယူမှု၊ တရားစွဲဆိုမှုတွေလုပ်တာ တွေ့ရပါတယ်ရှင်။ ဆေးရုံဝန်ထမ်းတွေ စိတ်ဓာတ်ပုံမှန်ပြန်ရောက်အောင် အားပေးနှစ်သိမ့်မှုလုပ်တဲ့ နည်းနဲ့ လူနာတွေပြုစုကုသမှု လစ်ဟင်းမသွားအောင် စီမံဆောင်ရွက်တာ လေးစားဖွယ်ကြားသိရပါ တယ်။

နိဂုံးချုပ်အားဖြင့် ယခင်ကတည်းက အစိုးရရုံးများနှင့် ပြည်သူလူထုဆက်ဆံရေးပြေပြစ်အောင် ကြွေးကြော်သံ၊ ဆောင်ပုဒ်တွေနဲ့အတူ ကြိုးစားခဲ့ဖူးပါတယ်။ ရလဒ်ကတော့ အားလုံးအသိပါ။ ဒါကြောင့် လာဘ်ပေးလာဘ်ယူကျဆင်းရန်အတွက် (၁) ဝန်ထမ်းနှင့် ဧည့်သည်များ မျက်လုံးတစ်တန်းတည်း အနေအထားနဲ့ ဆက်ဆံရန်၊ စကားပြောရန်၊ (၂) မိမိလက်အောက်ဝန်ထမ်းများအား ကိုယ်ထိ လက်ရောက်ကျူးလွန်တတ်သူများ၏ရန်မှ အရေးယူပေးရန်၊ (၃) ဆက်ဆံရေးရိုင်းစိုင်းကြမ်းတမ်းသော ဝန်ထမ်း၊ အရပ်သားပြည်သူများအား ထိရောက်စွာအရေးယူပေးရန်၊ (၄) ရုံးချိန်းများလိုသည်ထက် ပို၍ ပြောင်းတတ်သော ဝန်ထမ်းများအား အရေးယူပေးရန်၊ ၎င်းတို့အတွက် လိုအပ်သော အမိန့်များ၊ ညွှန်ကြားချက်၊ ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းပေးရန်နှင့် မလိုက်နာသော ဝန်ထမ်းများအား အလွယ်တကူ တိုင်ကြားနိုင်မည့်နေရာသတ်မှတ်ပေးရန် လိုပါမည်။ ၎င်းပြဋ္ဌာန်းချက်များအား ပြည်သူလူထုမှ ခံစားခွင့် ရရန်၊ တစ်နည်းပြောရရင် တရားဥပဒေစိုးမိုးမှုရှိရန်၊ အောက်ခြေအထိဆင်းပြီး လက်တွေ့ကျကျ ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအား အလေးအနက်ထားပြီး တိုက်တွန်းအပ်ပါတယ်ရှင်။ ဒါကြောင့် ဥက္ကဋ္ဌမှတစ်ဆင့် အဂတိလိုက်စားမှု(လာဘ်ပေးလာဘ်ယူမှု)ကျဆင်းရန်အတွက် အစိုးရရုံးများနှင့် ပြည်သူလူထုဆက်ဆံရေးပြေပြစ်ရန် အစိုးရရုံးများက အကြောင်းပြချက်မခိုင်လုံဘဲ ရုံးချိန်းခဏခဏ မပြောင်းရန်အတွက် ထိန်းသိမ်းကြပ်မတ်ပေးရန် လိုအပ်သောအရေးယူမှု၊ အမိန့်၊ ဥပဒေများ ချမှတ်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ အားလုံးကို ဘုရားသခင်ကောင်းချီးပေးပါစေ။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပေးတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။ ဒေါ်အေးအေးမူ တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဒေါ်ပြုံး(အင်းတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ ကျွန်မလေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ အင်းတော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ပြုံး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင် ဒေါ်အေးအေးမူရဲ့အဆိုကို အနှစ်ချုပ်ကြည့်မယ်ဆိုရင် နိုင်ငံ့ဝန်ထမ်းများရဲ့ဌာနတွင်းမှသော်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် သာမန်အရပ်သားပြည်သူကြားမှလည်းကောင်း၊ အရပ်သားပြည်သူအချင်းချင်းကြားမှသော်လည်းကောင်း ရှိနေတဲ့ဆက်ဆံရေးများကို အဂတိတရားနည်းပါးစွာ တာဝန်သိမှု၊ တာဝန်ယူမှု ပြည့်ဝစွာ ဆက်ဆံပြောဆိုလုပ်ကိုင်ရန် လိုအပ်ကြောင်းထောက်ပြပြီး ပြုပြင်လိုတဲ့ ရည်ရွယ်ချက်များနဲ့ တင်သွင်းသွားတာဖြစ်ကြောင်း ကျွန်မယုံကြည်တဲ့အတွက် ထောက်ခံခြင်းဖြစ်ပါတယ်။ အဆိုရှင်က သာမန်ပြည်သူများနဲ့ နိုင်ငံ့ဝန်ထမ်းကြားမှ လာဘ်ပေးလာဘ်ယူပြုလုပ်မှု ဆက်ဆံရေးပေါ်လည်ကြောင်း တင်ပြခဲ့ပါတယ်။ ဒါ့အပြင် အဂတိလိုက်စားမှုနည်းတဲ့နိုင်ငံများမှာ နိုင်ငံ့ဝန်ထမ်းဌာနအတွင်း ရုံးဌာနနဲ့ပြည်သူကြား၊ ပြည်သူအရပ်သားအချင်းချင်းကြား ဆက်ဆံရေးမှာယဉ်ကျေးပျူငှာစွာ ပြေပြစ်စေရန်အတွက် လိုအပ်သောအမိန့်များ၊ နည်းဥပဒေများ ပြဋ္ဌာန်းပြီး အစိုးရမှ ဖိဖိစီးစီးကြပ်မတ်ဆောင်ရွက်နေပါတယ်လို့ဆိုထားပါတယ်။ ကျွန်မတို့နိုင်ငံမှာလည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတွေ၊ နိုင်ငံဝန်ထမ်းဥပဒေတွေ အပါအဝင် ဝန်ကြီးဌာနအသီးသီးအတွက် ဥပဒေများပြဋ္ဌာန်းထုတ်ပြန်ထားတဲ့အပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကိုလည်း ဖွဲ့စည်းထားပြီးဖြစ်တဲ့အတွက် အကျယ်တဝံ့ဆွေးနွေးလိုပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကမ္ဘာမှာ အဂတိလိုက်စားမှုအနည်းဆုံးနိုင်ငံများကို အနည်းငယ်တင်ပြလိုပါတယ်။ အဲဒီနိုင်ငံတွေဖြစ်တဲ့ ဒိန်းမတ်၊ နယူးဇီလန်၊ ဖင်လန် စသည်တို့ကို ဥပမာပေးပြီး သူတို့ရဲ့အခြေခံများကို လေ့လာကြည့်မယ်ဆိုရင် အောက်ပါအတိုင်း တွေ့ရှိရမှာဖြစ်ပါတယ်။ (၁) လုပ်ငန်းခွင်အခြေအနေမျှတမှုရှိခြင်း၊ ပြည်သူ့ရေးရာနှင့် ပြည်သူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ထားခြင်း၊ ကျန်းမာရေး၊ ပညာရေးဝန်ဆောင်မှုစနစ်များ အကောင်းဆုံးဖြစ်အောင်ဖန်တီးပေးထားခြင်း၊ မြင့်မားသည့်လစာစနစ်နှင့် ဘဝနေဝင်ချိန်တွင် သက်သောင့်သက်သာနေနိုင်အောင် အာမခံထားသော ပင်စင်စနစ်များ ရှိနေခြင်း၊ အစိုးရအဖွဲ့အစည်းတွင် ပွင့်လင်းမြင်သာမှုရှိခြင်း၊ နိုင်ငံသားတစ်ဦး

ချင်းတာဝန်သိမှုအားကောင်းခြင်း စသည်တို့ကို အခြေခံထားတဲ့အတွက် အဂတိလိုက်စားမှု အနည်းဆုံးနိုင်ငံအဖြစ် ကမ္ဘာမှာရပ်တည်နေကြောင်း လေ့လာတွေ့ရှိရပါတယ်။ နောက်တစ်ခါ အဂတိလိုက်စားမှုအနည်းဆုံးကမ္ဘာမှာ အဆင့်(၇)အဖြစ် ရပ်တည်နေတဲ့ အာရှရဲ့တစ်ခုတည်းသောနိုင်ငံ စင်ကာပူနိုင်ငံဖြစ်ပါတယ်။ စင်ကာပူနိုင်ငံမှာတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးပေါ်လစီများ ချမှတ်ပြီး လေ့လာစောင့်ကြည့်ခြင်း၊ အကောင်အထည်ဖော်ခြင်းများကို အစိုးရက ထိန်းချုပ်ထားပြီး အာဏာပိုင်အဖွဲ့အစည်းများမှတစ်ဆင့် အခွင့်အာဏာသုံးပြီး မဖြစ်မနေ ဆောင်ရွက်စေခြင်းဖြင့် စနစ်တကျဆောင်ရွက်ထားတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အဂတိလိုက်စားမှု အများဆုံးနိုင်ငံများကို တစ်ခါလေ့လာကြည့်ဦးမယ်ဆိုရင် ပြည်တွင်းစစ်နှစ်ပေါင်းများစွာဖြစ်နေခဲ့ပြီး နောက်မှာ အဂတိဟာ ကဏ္ဍပေါင်းစုံမှ အမြစ်တွယ်နေတာကို တွေ့ရပါတယ်။ ဒါတွေကို တိုက်ဖျက်ဖို့အတွက် လိုအပ်တဲ့ စွမ်းအင်တွေ၊ အရည်အချင်းတွေကလည်း မပြည့်စုံ၊ ထိရောက်သော စုံစမ်းဖော်ထုတ်မှုနှင့် အပြန်အလှန် စောင့်ကြည့်ထိန်းကျောင်းမှုတွေ၊ တာဝန်ယူမှုတွေ၊ အများပြည်သူနှင့် ပူးပေါင်းဆောင်ရွက်တိုက်ဖျက်ရန် အခွင့်အလမ်းရှိမှုတွေကလည်း အလွန်နည်းပါးနေခြင်းတို့ကြောင့် အဂတိလိုက်စားမှုတွေ ပိုမိုဆိုးရွားစေတာကို တွေ့ရပါတယ်။ ဥပမာ ဆိုမာလီ၊ ဆူဒန်၊ အာဖဂန်နစ္စတန် စသည်တို့ဖြစ်ပြီး ကျွန်မတို့နိုင်ငံနှင့်လည်း ဆင်တူနေတာတွေ့ရပါတယ်။ နောက်တစ်ခုအနေနဲ့ ရုံးတွင်းဌာနများမှာ အချင်းချင်းဆက်ဆံမှုများဟာ လုပ်ထုံးလုပ်နည်းနဲ့ မလိုက်နာတဲ့ဝန်ထမ်းများကို ပြုပြင်ပေးစေလိုတဲ့ တိုက်တွန်းချက်တစ်ခုတွေ့ရပါတယ်။ ဒါဟာ ကျွန်မတို့နိုင်ငံမှာရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်များကို စီမံခန့်ခွဲမှုအပိုင်းမှာ အားနည်းနေတယ်လို့ ဒေါ်အေးအေးမူ ထောက်ပြခြင်းသာ ဖြစ်ပါတယ်။ လူ့စွမ်းအားအရင်းအမြစ်ဆိုတာဟာ ဝန်ထမ်းရဲ့ အသိပညာ၊ ကျွမ်းကျင်မှု၊ တီထွင်ဖန်တီးမှု၊ ပင်ကိုယ်ဉာဏ်နဲ့ လုပ်အားစွမ်းရည်တို့ကို စုပေါင်းထားခြင်းကို လူ့စွမ်းအားအရင်းအမြစ်လို့ ခေါ်ပါတယ်။ ပုဂ္ဂလိကအဖွဲ့အစည်းမှာပဲဖြစ်ဖြစ်၊ အရပ်ဘက်အဖွဲ့အစည်းပဲဖြစ်ဖြစ် အစိုးရဝန်ထမ်းအဖွဲ့အစည်းမှာပဲဖြစ်ဖြစ် လူ့စွမ်းအားအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲမှု အားကောင်းနေခဲ့ရင်၊ တစ်နည်းအားဖြင့် လူမှန်၊ နေရာမှန် ချထားနိုင်မယ်ဆိုရင် ဒီအဖွဲ့အစည်းရဲ့ ရည်ရွယ်ချက်တွေ၊ ရည်မှန်းချက်တွေ အထူးအောင်မြင်မှာဖြစ်ပါတယ်ရှင်။ ကျွန်မတို့နိုင်ငံမှာ ယခုအခါ လိုအပ်ချက်အရ အချို့ပုဂ္ဂလိကအဖွဲ့အစည်းများ၊ NGO များ၊ INGO များ ဒီလိုမှန်ကန်တဲ့ စီမံခန့်ခွဲမှုများကို Human Resource Department-HR လူ့စွမ်းအားအရင်းအမြစ်ဌာနတွေထားပြီး လုပ်ဆောင်အောင်မြင်နေတာ လေ့လာရပါတယ်။ HR ဌာနဟာ ဝန်ထမ်းကို စတင်

ရွေးချယ်လိုက်ကတည်းကစပြီး ဝန်ထမ်းနေတဲ့ကာလတစ်လျှောက်လုံးကို လုပ်ငန်းကျွမ်းကျင်မှုအတွက်သော်လည်းကောင်း၊ အရည်အချင်းမြှင့်တင်ရေးအတွက်သော်လည်းကောင်း၊ လုပ်ငန်းကို ပဲ့ကိုင်ထိန်းကျောင်းတတ်အောင်သော်လည်းကောင်း၊ လုပ်ငန်းခွင်အခက်အခဲများ ကျော်လွှားတတ်အောင်သော်လည်းကောင်း၊ လုပ်ငန်းခွင်စိတ်ဝင်စားအောင်သော်လည်းကောင်း၊ မိမိကိုယ်မိမိ အရေးပါသူတစ်ယောက်အဖြစ် ခံယူတတ်ပြီး လုပ်ငန်းအတွင်း ပူးပေါင်းဆောင်ရွက်တတ်အောင် သော်လည်းကောင်းစသည်တို့ကို လက်တွေ့နှင့်ပေါင်းစပ်ပြီး ကျွမ်းကျင်သင်တန်းများ ပို့ချနေကြပါတယ်။ ဝန်ထမ်းရဲ့အရည်အချင်းကို စဉ်ဆက်မပြတ်အကဲဖြတ်စနစ်ကျင့်သုံးပြီး အထက်၊ အောက် အပြန်အလှန်အလေးထားဆက်ဆံတတ်အောင် ကျင့်သုံးခြင်းဖြစ်တဲ့အတွက် လူတစ်ဦးချင်းရဲ့တန်ဖိုးကို အလေးထားတာဟာ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲခြင်းရဲ့ စနစ်ကျမှုတစ်ခုဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ ဒီလိုတန်ဖိုးတွေကို ခေတ်အဆက်ဆက်အလေးမထားခဲ့တဲ့အတွက်၊ တစ်နည်းအားဖြင့် တစ်ဖက်ပိတ်ဆက်ဆံရေးများကိုသာ ကျင့်သုံးခဲ့တဲ့အတွက် အစိုးရရုံးဌာနအတွင်းမှာ မလိုလားအပ်တဲ့ အရှုပ်အထွေးများဖြစ်ပေါ်နေတယ်လို့ အဆိုရှင်ထောက်ပြခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကမ္ဘာ့အဆင့်မီ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနေတဲ့ စင်ကာပူရဲ့ HR အကြောင်းကို အနည်းငယ် တင်ပြခွင့်ပြုပါရှင်။ စင်ကာပူမှာ လုပ်သားအင်အားဝန်ကြီးဌာနရှိပါတယ်။ သူ့ရဲ့အောက်မှာ ပူးပေါင်းဆက်သွယ်ရေးဌာန၊ စီမံကိန်းနှင့် စီမံခန့်ခွဲမှုဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဌာနများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများ ထားရှိပြီး ပြည်သူ့ဗဟိုပြုစီမံခန့်ခွဲရေးများ ပြုလုပ်ဆောင်ရွက်နေတာတွေ့ပါတယ်။ လူ့စွမ်းအားအရင်းအမြစ်တက္ကသိုလ်တစ်ခုဖွင့်လှစ်ထားပြီး စံချိန်မီအသိအမှတ်ပြုဘွဲ့လက်မှတ်များ ပေးအပ်လျက် လူတစ်ဦးချင်းစီရဲ့တန်ဖိုးကို အလေးထားတာနဲ့အတူ သက်မွေးပညာဖွံ့ဖြိုးတိုးတက်ရေးများ စနစ်တကျရှိလှတဲ့ စံပြနိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒီတော့ ကျွန်မတို့နိုင်ငံရဲ့ ပြည်သူ့အုပ်ချုပ်ရေးယန္တရားမှာ လူ့စွမ်းအားအရင်းအမြစ်ဌာနတစ်ခုထားရှိပြီး ကောင်းမွန်သောစီမံခန့်ခွဲမှုများ မပြစ်မနေလိုအပ်လျက်ရှိကြောင်း အကြံပြုလိုပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ဝန်ထမ်းများအပေါ်မှာ၊ ဝန်ထမ်းများနှင့်ဆက်ဆံရာမှာ ရိုင်းပျသော အရပ်သားများအတွက် ဥပဒေများချမှတ်ရန်ဆိုပြီး ကျန်းမာရေးဝန်ထမ်းများနှင့် ဥပမာပေးပြီး အဆိုရှင်တင်သွင်းသွားတာတွေ့ရပါတယ်။ ကျွန်မဟာ နယ်မြို့များမှာ ကျန်းမာရေးဝန်ထမ်းဘဝနှင့် ၁၄ နှစ်လောက် လုပ်ကိုင်ခဲ့တဲ့အတွက် ကျန်းမာရေးဝန်ထမ်းဘက်ကရော၊ ပြည်သူများဘက်ကရော နှစ်ဘက်စလုံးမှာ

ကိုယ့်စည်း၊ ကိုယ့်ဘောင်အတွင်းမှာ တာဝန်ယူမှုအားနည်းကျတဲ့အတွက် ပြဿနာများဖြစ်ခဲ့တဲ့ သာဓကများစွာ ကြုံတွေ့ခဲ့ဖူးပါတယ်။ ဒါ့အပြင် ကျွန်မရဲ့မိသားစုဝင်များဟာ နိုင်ငံပိုင်အစိုးရဆေးရုံများ၊ နိုင်ငံအတွင်း အထူးကုဆေးရုံကြီးများမှတစ်ဆင့် ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံများမှာ အကြီးစားခွဲစိတ်မှုများ ခံယူခဲ့ကြဖူးပါတယ်။ ဒီအချိန်မှာ ကျွန်မတို့နိုင်ငံနှင့် အစစကွာခြားတာကို ပြောလိုပါတယ်။ ဒါဟာ နည်းပညာကွာခြားတာကို ပြောဆိုလိုခြင်းမဟုတ်ပါရှင်။ ဆရာဝန်က လူနာရှင်နားလည်အောင်၊ ဆုံးဖြတ်နိုင်အောင် ရောဂါအခြေအနေ၊ ကုထုံးအခြေအနေ၊ ကုထုံးတွေရဲ့အားသာချက်၊ အားနည်းချက်၊ နောက်ဆက်တွဲပြဿနာတွေကို ရင်းနှီးပွင့်လင်းစွာ စိတ်ရှည်လက်ရှည် ဆွေးနွေးပါတယ်။ တစ်ခါ ကိုယ့်ရဲ့လူနာကို ဆေးရုံဝင်းအတွင်း ဘယ်နေရာမှာတွေ့တွေ့ နာမည်ခေါ်ပြီး ပြုံးရွှင်ဖော်ရွေစွာ နှုတ်ဆက်ပါတယ်။ အင်မတန်မှ ဖော်ရွေတယ်လို့ခံစားရပါတယ်။ ဒါကြောင့် ငွေကုန်သော်လည်း စိတ်ချမ်းသာရတယ်လို့ သုံးသပ်ပါတယ်ရှင်။ ကျွန်မတို့နိုင်ငံမှာ ဒီလိုအပြုအမူတွေ၊ ယဉ်ကျေးမှုတွေ၊ ပျောက်ဆုံးသွားတာ ကြာခဲ့ပါပြီ။ ဒါကြောင့် နိဂုံးချုပ်အနေနဲ့ ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်ဒေါ်အေးအေးမူရဲ့အဆိုနှင့်တိုက်တွန်းခဲ့တဲ့အချက်များဟာ ကျွန်မတို့ရဲ့ သားစဉ်မြေးဆက် ထိန်းသိမ်းသွားရမယ့်၊ စောင့်ထိန်းအပ်တဲ့ နိုင်ငံနဲ့လူမျိုးရဲ့ ပုံရိပ်ကောင်းများ ဖြစ်ရန်အတွက် အချက်များဖြစ်ပါတယ်။ ဒီလိုပုံရိပ်ကောင်းများ ပြန်လည်ရယူရန်အတွက် ဆောင်ရွက်ရာမှာ ဘယ်လိုစိန်ခေါ်မှုတွေ ကြုံတွေ့ရမယ်။ ဒီစိန်ခေါ်မှုတွေကို ဘယ်လိုကျော်လွှားကြမယ်ဆိုတာကို ဆွေးနွေးအဖြေရှာသင့်တဲ့အတွက် လွှတ်တော်မှ လက်ခံဆွေးနွေးပေးရန် ထောက်ခံအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ကိုယ်စားလှယ်တွေ အဆိုဆွေးနွေးတဲ့အခါမှာ ကျွန်တော်ခဏခဏ ပြောပါတယ်။ အဆိုတစ်ခုဟာ အဆိုဆွေးနွေးတဲ့အခါမှာ အဆိုနဲ့ ဆက်စပ်တဲ့၊ တိကျတဲ့ အကြောင်းအရာတွေ ဆွေးနွေးဖို့လိုပါတယ်။ အခုဒီမှာဆွေးနွေးတဲ့အဆိုက အဂတိလိုက်စားမှု(လာဘ်ပေးလာဘ်ယူမှု)ကျဆင်းရန်အတွက် အစိုးရရုံးများနှင့် ပြည်သူလူထုဆက်ဆံရေး ပြေပြစ်စေရန် အစိုးရရုံးများက အကြောင်းပြချက်မခိုင်လုံဘဲ ရုံးချိန်းခဏခဏမပြောင်းရန်အတွက် ထိန်းသိမ်းကြပ်မတ်ပေးရန် လိုအပ်သော အရေးယူမှု၊ အမိန့်၊ ဥပဒေများချမှတ်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆို။ အဲဒီတော့ဒီအဆိုရဲ့ ရည်ရွယ်ချက်ကဘာလဲ။ ဆွေးနွေးတဲ့အခါမှာ အဲဒီဟာနဲ့ဆိုင်တဲ့၊ တိကျတဲ့ ဆွေးနွေးချက်ဖြစ်ဖို့လိုတယ်။ ဒါနည်းဥပဒေက ပြဋ္ဌာန်းထားတာ။ မဆိုင်တာ ရှိသမျှ

တွေပြောနေရင်တော့ အဆိုရဲ့လိုရင်းရောက်မှာမဟုတ်ဘူး။ ထိရောက်မှုလည်း ရှိမှာမဟုတ်ဘူး။ အဲဒါကိုတော့ ကိုယ်စားလှယ်တွေ သတိပြုစေလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါ်အေးအေးမူတင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်အေးအေးမူ၊ ကလေးမဲဆန္ဒနယ်က တင်သွင်းသော အဂတိလိုက်စားမှု(လာဘ်ပေးလာဘ်ယူမှု) ကျဆင်းရန်အတွက် အစိုးရရုံးများနှင့် ပြည်သူလူထုဆက်ဆံရေးပြေပြစ်ရန် အစိုးရရုံးများက အကြောင်းပြချက်မခိုင်လုံဘဲ ရုံးချိန်းခဏခဏမပြောင်းရန်အတွက် ထိန်းသိမ်းကြပ်မတ်ပေးရန် လိုအပ်သော အရေးယူမှု၊ အမိန့်၊ ဥပဒေများချမှတ်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၊ ကလေးမဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ ၉-၃-၂၀၁၇ ရက်(ကြာသပတေးနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

**ဦးကျော်မင်း၊ လက်ပံတန်းမဲဆန္ဒနယ်က တင်သွင်းသည့် နိုင်ငံတစ်ဝန်းရှိ ယနေ့အထိ စားကျက်မြေ အဖြစ်တည်ရှိနေသော စားကျက်မြေများနှင့်စပ်လျဉ်းပြီး ဒေသခံပြည်သူလူထု၏ ဆန္ဒသဘောထား များကိုရယူကာ စိုက်ပျိုးမြေအဖြစ်သို့လည်းကောင်း၊ ရွာမြေအဖြစ်သို့လည်းကောင်း၊ စားကျက်မြေ အဖြစ်သို့လည်းကောင်း သို့မဟုတ် အခြားနည်းအသုံးပြုမှုတစ်ခုခုအတွက်လည်းကောင်း လက်တွေ့ကျကျအသုံးပြုနိုင်ရေးအတွက် ရှင်းလင်းတိကျသောမူဝါဒ ဆောလျင်စွာ ချမှတ်အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရကို အကြံပြု တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးကျော်မင်း၊ လက်ပံတန်းမဲဆန္ဒနယ် က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး န၀မနေ့(၁၅-၂-၂၀၁၇ ရက်နေ့)တွင် တင်သွင်းတဲ့ နိုင်ငံတစ်ဝန်းရှိ ယနေ့အထိ စားကျက်မြေအဖြစ် တည်ရှိနေသော စားကျက်မြေများနှင့် စပ်လျဉ်းပြီး ဒေသခံပြည်သူလူထု၏ ဆန္ဒသဘောထားများကိုရယူကာ စိုက်ပျိုးမြေအဖြစ်သို့လည်း ကောင်း၊ ရွာမြေအဖြစ်သို့လည်းကောင်း၊ စားကျက်မြေအဖြစ်သို့လည်းကောင်း သို့မဟုတ် အခြားနည်း အသုံးပြုမှုတစ်ခုခုအတွက်လည်းကောင်း လက်တွေ့ကျကျ အသုံးပြုနိုင်ရေးအတွက် ရှင်းလင်းတိကျ သောမူဝါဒဆောလျင်စွာချမှတ် အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရကိုအကြံပြု တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက် သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမည့်ကိုယ်စားလှယ် ၁၈ ဦး ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးရန်လင်း(ကျိုက်လတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ကြွရောက်လာသူအပေါင်း မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်လင်း ဖြစ်ပါတယ်။ လက်ပံတန်းမဲဆန္ဒနယ်က ဦးကျော်မင်း တင်သွင်းတဲ့ စားကျက်မြေများအသုံးပြုနိုင်ရေး အတွက် ရှင်းလင်းတိကျတဲ့မူဝါဒများချမှတ်ပေးပါဆိုတဲ့အဆိုကို ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် ပန်ကြားအပ်ပါတယ်။ ဒီအဆိုမှာ အဆို ရှင်က မြန်မာနိုင်ငံမှာ စားကျက်မြေပေါင်း ခုနစ်သောင်းကျော်ရှိတယ်ဆိုပြီးတော့မှ ၂၀၁၆-၂၀၁၇ ခုနှစ် အမျိုးသားစီမံကိန်းလယ်ယာကဏ္ဍအစီရင်ခံစာကို ကိုးကားပြီးတော့ ပြောသွားခဲ့ပါတယ်။ ဒါ့အပြင် ဒီ

စားကျက်မြေတွေဟာ နည်းအမျိုးမျိုးနဲ့အသုံးပြုနေကြောင်းကိုလည်း အဆိုရှင်က ပြောပြသွားပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်သော ကျိုက်လတ်မြို့နယ်ရဲ့ ၂၀၁၇ ခုနှစ် စားကျက်မြေတွေကို လေ့လာတဲ့အခါမှာ စားကျက်မြေပေါင်း ၂၉၂၀ ဧကရှိပါတယ်။ ဒီထဲကနေပြီးတော့မှ စားကျက်မြေများကို ဘယ်လိုသုံးနေသလဲလို့ ကျွန်တော်ကျေးရွာအုပ်စုသုံးခုနဲ့ ဥပမာပေးတင်ပြလိုပါတယ်။ ဥပမာ(၁)အနေနဲ့ လှိုင်းသာကျေးရွာအုပ်စုမှာ စားကျက်မြေပေါင်း ၂၃၄ ဧကရှိတယ်လို့ပြောပါတယ်။ အဲဒီမှာ အသုံးပြုနေတာ သုံးမျိုးနဲ့အသုံးပြုပါတယ်။ စုစုပေါင်း ၂၃၄ ဧကပါ။ စားကျက်အဖြစ်အသုံးပြုတာ လုံးဝမတွေ့ရပါဘူး။ ထို့အပြင် လေးဧကကလည်း ကမ်းပါးပြိုတဲ့အထဲမှာပါသွားပြီး ဖြစ်ပေမဲ့ စာရင်းထဲက ပယ်ဖျောက်ခြင်းမရှိပါဘူး။ နောက်ဥပမာ(၂)အနေနဲ့ ဒီရွာမှာတောင်ပို့ကြီးကျေးရွာမှာလည်း စားကျက်မြေ ၁၃၂ ဧကမှာ အသုံးပြုထားတဲ့အခြေအနေများကို ကျွန်တော် တင်ပြထားပါတယ်။ ဒီမှာလည်းပဲ ကမ်းပါးပြိုတဲ့ လေးဧကဟာ အခုထိ စာရင်းထဲက မဖယ်ရသေးပါဘူး။ စားကျက်အဖြစ်အသုံးပြုတဲ့ဧကလည်း မမြင်ရပါဘူး။ နောက်တစ်ခါဥပမာ(၃)အနေနဲ့ ဆူးဂဏန်းကျေးရွာအုပ်စုက စားကျက်မြေ ၁၂၀ ဧကမှာလည်း ဒီအတိုင်းပါပဲ။ နည်းအမျိုးမျိုးနဲ့ အသုံးပြုထားပေမဲ့ စားကျက်အဖြစ်အသုံးပြုထားတာကို မတွေ့ရပါဘူး။ အဲဒီတော့ ကျွန်တော်တို့က စားကျက်မြေလို့သာ ပြောပေမယ့် ဒီထဲမှာနည်းမျိုးစုံနဲ့သုံးနေတာရှိပြီးတော့ စားကျက်မြေရဲ့စာရင်းဇယားထဲမှာပါတဲ့ စိုက်ပျိုးမြေတွေဟာလည်းပဲ စိုက်ပျိုးမြေမဟုတ်တဲ့အတွက် စာရင်းဇယားထဲမှာ မပါလာပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံရဲ့ စာရင်းဇယားတွေရဲ့ မှန်ကန်တိကျမှုကို ထိခိုက်စေနိုင်ပါတယ်။

နောက်နံပါတ်(၂)က ဒီစာရင်းဇယားတွေကိုအခြေခံပြီးဆွဲတဲ့ စီမံကိန်းများရေးဆွဲတဲ့အခါမှာလည်း ခက်ခဲမှု၊ မမှန်ကန်မှုများ ဖြစ်စေပါတယ်။ ဒါကြောင့်မို့လို့ အခုအခြေအနေမှာ စားကျက်မြေများကို စားကျက်မြေများအဖြစ်နဲ့ ပြန်လည်များသိမ်းမှာလား။ တည်ဆဲအခြေအနေအတိုင်းပဲ တရားဝင်ဖြစ်အောင် ဆောင်ရွက်ပေးမှာလားဆိုတဲ့ အခြေအနေတစ်ရပ်ပေါ်ပေါက်နေပါတယ်။ အဲဒီတော့ စားကျက်မြေများကို ပြန်လည်သိမ်းဆည်းဖို့ဆိုတာ စားကျက်မြေအဖြစ် ကျန်တဲ့မြေများကိုတော့ သိမ်းလို့ရပါမယ်။ စားကျက်မြေမဟုတ်တော့ဘဲနဲ့ ရွာမြေတွေ၊ သုသာန်မြေတွေ စသည်ဖြင့် လယ်ယာမြေတွေဖြစ်နေတဲ့ မြေများကိုတော့ စားကျက်မြေအဖြစ် ပြန်လည်သိမ်းဆည်းဖို့ အခက်အခဲရှိနိုင်ပါတယ်။ တကယ်လို့ စားကျက်မြေများရှိခဲ့သေးရင် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက် Global New Light of Myanmar သတင်းစာမှာပါတဲ့ မိတ္ထီလာမြို့နယ်က တောင်သူကြီးတစ်ဦးရဲ့ ဧက ၂၀ မှာ နေဗီယာဆိုတဲ့ မြက်စိုက်ပြီးတော့မှ တောင်သူများကို အလကားဖြန့်ဝေနေတဲ့ ပုံဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုမြက်မျိုး

များကို ကောင်းမွန်စွာ စားကျက်မြေများမှာ စိုက်ပြီးတော့ နိုင်ငံ့မွေးမြူရေးထွန်းကားအောင်ဆောင်ရွက်လို့ရပါတယ်။ အဲဒီလိုမှ မဟုတ်ဘဲနဲ့ ယခုလက်ရှိနေရာအတိုင်း ပြန်ပေးမယ်ဆိုရင် ဒီမြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ (၂၀၁၂ ခုနှစ်) အခန်း (၃) ပုဒ်မ ၄ မှာ မြေရိုင်းဆိုသည်မှာဆိုတဲ့ အထဲမှာ အစိုးရကတရားဝင်ပယ်ဖျက်ပြီးဖြစ်သည့် သစ်တောမြေ၊ စားကျက်မြေနှင့် အင်းအိုင်မြေများလည်း ပါတယ်လို့ဆိုပါတယ်။ အဲဒါကြောင့်မို့လို့ စားကျက်မြေများကို ပယ်ဖျက်မယ်ဆိုရင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဖြစ်ပါတယ်။ ပြန်လျှောက်ရပါမယ်။ လျှောက်တဲ့အခါမှာလည်းပဲ အခန်း (၄) ပုဒ်မ ၁၀ မှာ ဖော်ပြထားတဲ့လုပ်ငန်းများကို လုပ်ဆောင်ဖို့ခွင့်ပြုပါတယ်။ တစ်ခါ အခုလက်ရှိ ဥပမာအားဖြင့် စိုက်ပျိုးဖို့ယူထားတဲ့သူက ဧက ၅၀ ထက်ပိုပြီးယူထားပြန်တော့လည်း အဲဒီဥပဒေရဲ့ပုဒ်မ ၁၀ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် ၄ မှာ ဧက ၅၀ ကို တိုက်ရိုက်ပေးလို့မရပါဘူး။ ၁၀ ဧက၊ ၁၀ ဧကစီ လီပြီးတော့ပေးလို့ရပါတယ်။ ဒါကြောင့်မို့လို့ ပြောပြချင်တာက စားကျက်မြေများကို ပယ်ဖျက်ပြီးပေးရင်တောင်မှ ဥပဒေက အမျိုးမျိုးဖြစ်နေပါတယ်။ လက်ရှိအခြေအနေနဲ့လည်း အဆင်မပြေပါဘူး။ ဒါကြောင့်မို့လို့ စားကျက်မြေများကို ဘယ်လိုလုပ်မယ်၊ ဘယ်လိုပေးမယ်၊ ဘယ်လိုပယ်ဖျက်မယ်ဆိုတာကို တိကျ ရှင်းလင်းတဲ့ မူဝါဒများဆောလျင်စွာစဖို့ လိုအပ်နေပြီဖြစ်ကြောင်းကို ထောက်ခံရင်းဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနေမျိုးထွန်း(ထန်းတပင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထွန်းဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၏အဆိုအား ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်မှစားကျက်မြေနှင့် စပ်လျဉ်း၍ ဒေသခံပြည်သူလူထု၏ ဆန္ဒသဘောထားရယူကာ လက်တွေ့ကျကျအသုံးပြုနိုင်ရေးအတွက် ရှင်းလင်းတိကျသောမူဝါဒ ဆောလျင်စွာချမှတ်အကောင်အထည်ဖော်နိုင်ရေးအတွက်ဆိုလျှင် စားကျက်မြေများ တစ်နိုင်ငံလုံး လက်ရှိဖြစ်ပေါ်နေတဲ့အနေအထားကို သက်ဆိုင်ရာဝန်ကြီးဌာနမှ အမှန်အတိုင်း လက်ခံသိရှိထားဖို့ လိုအပ်ပါတယ်။ ၁၈၇၆ ခုနှစ်၊ မြေနှင့် အခွန်အက်ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ဆင့်ဆိုချက်များနှင့် ၁၈၈၉ ခုနှစ်၊ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်စည်းမျဉ်းဥပဒေ၊

မူကြမ်း

နည်းဥပဒေများနှင့် ဆင့်ဆိုချက်များအရ စားကျက်မြေများဟာ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ စီမံခန့်ခွဲခွင့်ရှိသည့် မြေအမျိုးအစားပင် ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်ပါတယ်။ စက်မှုလယ်ယာနိုင်ငံသို့ လုံးဝကူးပြောင်းနိုင်ခြင်းမရှိသေးတဲ့ကာလများတွင် ကျွဲ၊ နွားများသည် လယ်ယာထုတ်ကုန်လုပ်ငန်းအတွက် အရေးကြီးသော ကုန်ထုတ်ကိရိယာများပင် ဖြစ်ပါတယ်။ စားကျက်မြေများသည် ကျွဲ၊ နွားများ ကျန်းမာရေးအတွက်၊ အစာရေစာအတွက်၊ လွတ်ကျောင်းရန်၊ အညောင်းအညာပြေရန်အတွက် သီးသန့်ပေးထားတဲ့မြေများဖြစ်ပါတယ်။ စားကျက်မြေများတည်ထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအထက်ပိုင်းအတွက် ၁၈၈၉ ခုနှစ်၊ အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေပုဒ်မ ၇၅ မှ ၇၉ ထိလည်းကောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းအတွက် ၁၈၇၆ ခုနှစ်၊ မြေနှင့် အခွန်နည်းဥပဒေပုဒ်မ ၆၆ မှ ၇၁ အထိလည်းကောင်း၊ ပြဋ္ဌာန်းချက်များအရ နဂိုဆိုရင်တော့ ကောလိတ္တော်အရာရှိတို့၊ လက်ထောက်ကောလိတ္တော်အရာရှိတို့၊ မြေတိုင်းတို့။ ယခုခေတ်နဲ့ဆိုရင်တော့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြေစာရင်းအရာရှိများ၊ မြေတိုင်းစာရေးများမှ နှစ်စဉ်စစ်ဆေးခြင်း၊ ကြပ်မတ်ခြင်း၊ ထိန်းသိမ်းခြင်းများ ပြုလုပ်ရမည်ကို ပြဋ္ဌာန်းချက်မှာ ပါရှိပါတယ်။ သို့သော် လက်တွေ့မြေပြင်မှာတော့ ၎င်းဝန်ထမ်းဟာ ထိန်းသိမ်းခြင်း၊ စစ်ဆေးခြင်း၊ ကြပ်မတ်ခြင်းမရှိဘဲ ရှိပြီးသားစားကျက်မြေကို ဘယ်လိုဖျက်ရမလဲ။ စီးပွားရေးလုပ်ငန်းရှင်များနဲ့ ဘယ်လိုပေါင်းပြီးတော့ မသမာသောနည်းဖြင့် ဥပဒေမဲ့ဆောင်ရွက်ရမလဲဆိုတာကိုပဲ တစိုက်မတ်မတ်စဉ်းစားနေတာကိုပဲ တွေ့ရပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ်၊ စားကျက်မြေနဲ့ ဆက်စပ်တဲ့ဥပဒေလေးတစ်ခုပါ။ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေဟာ ပြဋ္ဌာန်းပြီးတဲ့နောက်ပိုင်းမှာ ၂၀၁၅ ခုနှစ်အထိ စားကျက်မြေများကို ပိုမိုဖျက်သိမ်းခဲ့တာ ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ထိုဥပဒေပုဒ်မ ၂(စ)မြေရိုင်း၏အဓိပ္ပာယ်မှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုလုပ်ငန်းများ၊ အစိုးရခွင့်ပြုထားသော ဥပဒေနှင့်ညီသောလုပ်ငန်းများ လုပ်ကိုင်ရန်အလို့ငှာ တရားဝင်ဖျက်သိမ်းပြီးသည့် ကြိုးဝိုင်းသစ်တောမြေ၊ စားကျက်မြေနှင့် အင်းအိုင်မြေများလည်း ပါဝင်သည်ဟု အဲဒီဥပဒေထဲမှာ စားကျက်မြေဖျက်ရန် ပြဋ္ဌာန်းသကဲ့သို့ ဖြစ်နေပါတယ်။ ထို့အတွက် ဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲငယ်(င)အရ မြေလွတ်၊ မြေရိုင်းများကို စီးပွားရေးလုပ်ငန်းများအတွက် တစ်ကြိမ်လျှင် ဧက ၅၀၀၀ အထိမပိုစေဘဲ စုစုပေါင်းဧက ၅၀၀၀၀ အထိအကြိမ်ကြိမ်ခွင့်ပြုရ

မည်ဟု ပြဋ္ဌာန်းထားရာ စားကျက်မြေများကို သက်ဆိုင်ရာဌာနများနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပေါင်းကာ တရားဝင်လိုသလိုမြေရိုင်းများဘဝသို့ရောက်အောင် ဥပဒေကိုလက်တစ်လုံးခြားကိုယ်ကျိုး ရှာနေကြခြင်းကြောင့် ကျေးဇူးရှင်လယ်သမားကြီးများ၏ ကျွဲ၊ နွားများမှာ စားစရာမြက်မရှိ၊ သွားစရာ မြေမရှိ ရောက်ရှိပြီး အခက်ကြုံနေရပါတယ်။ စားကျက်မြေမရှိလို့ လယ်သမားများ ကျွဲ၊ နွားမမွေးနိုင်။ သက်ဆိုင်ရာဌာနများမှလည်း ကျွဲ၊ နွားမရှိလို့ စားကျက်ဖျက်ရပါတယ်လို့ အလွယ်တကူအကြောင်း ပြနေပါတယ်။ ကျွန်တော်ရဲ့မဲဆန္ဒနယ်မြေဖြစ်တဲ့ ထန်းတပင်မှာရှိတဲ့စားကျက်မြေနှင့်ပတ်သက်၍ ပြဿနာပေါင်းမြောက်မြားစွာထဲမှာ ဥပမာလေးတစ်ခု ကျွန်တော်တင်ပြပါရစေ။ ကိုလိုနီ ခေတ်ဦးပိုင်း က ဗြိတိသျှဝိတိုရိယဘုရင်မကြီးက ကျွန်တော်တို့မြို့နယ်အတွင်းရှိ ရေကျော်ကျေးရွာ၊ ကျောက်စလစ် ကျေးရွာရှိ ကွင်းအမှတ်(၂၀၈) စားကျက်မြေဧက ၁၀၀ ကျော်ကို ကျွဲ၊ နွားများ ဝမ်းစာအတွက်အလို့ငှာ ဝယ်ယူလှူဒါန်းပေးခဲ့ပါတယ်။ နှစ်ကာလကြာရှည်ပြီဖြစ်သည့်အတွက် အဆိုပါလှူဒါန်းကျောက်စာဟာ စာလုံးများထင်ရှားခြင်းမရှိသော်လည်း ယနေ့တိုင်ထိ ကျွန်တော်တို့မျက်မြင်ကိုယ်တွေ့ တည်ရှိနေဆဲပဲ ဖြစ်ပါတယ်။ ထိုစားကျက်မြေဟာ ဖဆပလ တော်လှန်ရေးကောင်စီ၊ မဆလခေတ်အဆက်ဆက် စားကျက်မြေအတိုင်းရှိခဲ့ပြီး နဝတခေတ်မှစ၍ ပုဂ္ဂလိကလုပ်ငန်းရှင်များက အာဏာပိုင်များနှင့် ပေါင်းကာ အဓမ္မသိမ်းပိုက်ခဲ့၍ စားကျက်မြေပျက်သုဉ်းရတဲ့ဘဝ ရောက်ခဲ့ပါတယ်။ ၎င်းကပင်ကန်တူး၊ မြောင်းဖောက်၊ ကန်ပေါင်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သည့်အပြင် ၂၀၁၅ ခုနှစ် မတိုင်ခင် ထိုလုပ်ငန်းရှင်မှ ကျေးရွာသားများအား ၎င်းကျူးကျော်ထားတဲ့စားကျက်မြေအပေါ် သွားလာ၍ တရားစွဲခြင်း၊ နွားတစ်ကောင်ဝင်ရင် ခြေရာကွက်တစ်ကွက်ကို ၅၀၀၀ ဒဏ်တက်ခြင်း၊ ရွာသားများအား ပိုင်နက်ကျူးလွန်မှုနှင့် တရားစွဲဆိုခြင်းများ ဆောင်ရွက်ခြင်းဟာ သူခိုးဟာ လူပြန်ဟစ်တဲ့လုပ်ရပ်ကို ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပါတယ်။ ထို့အပြင် ကန်ပေါင်များပရမ်းပတာတည်ဆောက်ထားခြင်းကြောင့် ရေကြီးနစ်မြုပ်သည့်အန္တရာယ်များလည်း နှစ်စဉ်ကြုံတွေ့ခဲ့ရပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော့် အနေနဲ့ကုမ္ပဏီကြီးမြောက်မြားစွာ ၁၀ ခုမက ရှိပါတယ်။ Dagon International Steel Stone Co.,ltd၊ ငွေပင်ကြီးကုမ္ပဏီ၊ ငွေပင်လယ်ကုမ္ပဏီ စသည့် ၁၀ ခုဆိုသော ကုမ္ပဏီများကလည်း စားကျက် မြေများဖြစ်တဲ့ ကျွဲ၊ နွားများစားသောက်နေတဲ့ စားကျက်မြေက ဥပဒေမဲ့ လုယက်စားသောက် လုပ်ကိုင် ကြသည်မှာ ၁၀ စုနှစ်ကျော်ပါပြီ။ ထို့အတွက် ရှိပြီးသားစားကျက်မြေတွေကိုလည်းမလုဖို့၊ လုပြီးသား စားကျက်မြေတွေကိုလည်း ပြန်လည်ပေးအပ်ဖို့အတွက် ဦးကျော်မင်း၏အဆိုအား ထောက်ခံရင်း ဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုး ဖြစ်ပါတယ်။ လက်ပံတန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း တင်သွင်းပြီး ဒေးဒရဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ညို ထောက်ခံသွားတဲ့ စားကျက်မြေနဲ့ပတ်သက်တဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ စက်မှုလယ်ယာစနစ်ကို အပြည့်အဝမကူးပြောင်းနိုင်သေးတဲ့အချိန်မှာ ခိုင်းကျွဲ၊ နွားကို အားကိုးနေရဆဲပါ။ ဒါကြောင့် သူတို့အတွက် စားကျက်လိုပါတယ်။ ၁၉၇၆ ခုနှစ်၊ အောက်မြန်မာနိုင်ငံတော် မြေယာနှင့် အခွန်လက်စွဲဥပဒေ၊ အဲဒီနောက် ဆက်ထုတ်တဲ့အထက်မြန်မာနိုင်ငံတော် မြေယာနှင့် အခွန်လက်စွဲဥပဒေတွေမှာ ပုဒ်မအသီးသီးပြဋ္ဌာန်းပြီး စားကျက်မြေတည်ထောင်ခဲ့ပါတယ်။ ကျူးကျော်ဖျက်ဆီးမှုတွေအတွက် ပြစ်မှု၊ ပြစ်ဒဏ်အသီးသီးချမှတ်ခဲ့ပါတယ်။ စားကျက်မြေဇရိယာဆိုတာ ခိုင်းကျွဲ၊ နွားအတွက်သာမကပါဘူး။ နို့စားနွားတွေ၊ အသားစားနွားတွေ၊ သိုး၊ ဆိတ်မွေးမြူရေးတွေအတွက်လည်း အရေးကြီးပါတယ်။ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှ ကျေးလက်နေပြည်သူတွေကို ဆင်းရဲတွင်းမှ ဆွဲထုတ်နိုင်မှာပါ။ မွေးမြူသူတွေအတွက် မြေသတ်မှတ်ချထားပေးတာ၊ ချေးငွေထုတ်ချေးပေးတာတွေလည်း အလွန်ရှားပါတယ်။ ကျွဲ၊ နွားမျှောင်ခိုကိစ္စရပ်တွေမှာလည်း မွေးမြူသူများအကျိုးမရှိပါဘူး။ ကျွဲ၊ နွား၊ သိုး၊ ဆိတ်တွေကို ပြည်တွင်းမှာ လွတ်လွတ်လပ်လပ်သယ်ယူခွင့်ရပြီး နယ်စပ်ဒေသတွေမှာ အရှင်ဈေးကွက်(Live Marker) တွေဖွင့်ပေးရင် မွေးမြူရေးလုပ်ငန်းတွေဖွံ့ဖြိုးတိုးတက်လာမှာပါ။ ပြည်သူတွေအသားများများစားနိုင်ဖို့၊ နို့များများသောက်နိုင်ဖို့ နို့စားနွားတွေ၊ အသားစားနွားတွေ၊ သိုး၊ ဆိတ်မွေးမြူရေးတွေ ဖွံ့ဖြိုးဖို့ဆိုတာ စားကျက်မြေရှိမှပဲဖြစ်နိုင်ပါတယ်။ မြန်မာနိုင်ငံနဲ့လိုက်လျောညီထွေရှိတဲ့ အထွက်နှုန်းကောင်းတဲ့မြက်မျိုးတွေကို သုတေသနလုပ်ထားတာတွေ၊ စမ်းသပ်စိုက်ပျိုးထားတာတွေ၊ မျိုးဖြန့်ပေးနေတာတွေရှိပါတယ်။ ပါရာ၊ မွန်ဆာဗာ၊ မူလတိုတူး၊ ကေဖန်၊ နေပီယာပက်ချောင်း စတဲ့ မျိုးတွေပဲဖြစ်ပါတယ်။

စောစောက ဆရာပြသွားတဲ့အထဲမှာလည်း နေပီယာမျိုးကို Slide မှာ တွေ့လိုက်မှာပါ။ အဲဒီလိုပါရာနဲ့ နေပီယာမျိုးတွေကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွေမှာလည်း အခမဲ့ ဖြန့်ဝေပေးနေပါ

တယ်။ ဒီမြက်တွေဟာ မြက်စိုက်ပြီးတော့ ၂၅ ရက်ကျော်ကျော်လောက်ကစပြီးတော့ ရိတ်ကျွေးနိုင်ပါတယ်။ အိမ်မှာမကျွေးဘဲနဲ့ မြက်ခင်းကိုပဲ လုံးဝအားထားကျွေးမယ်ဆိုရင် တစ်ဧက ငါးကောင်လောက်ကျွေးနိုင်ပေမဲ့ အိမ်စာတွေပါရောကျွေးမယ်ဆိုရင် တစ်ဧကဆိုရင် အကောင် ၂၀ လောက် ကျွေးနိုင်ပါတယ်။ အဲဒီတော့ ကိုယ့်ရွာမှာရှိတဲ့နွားနဲ့ ရှိသင့်တဲ့စားကျက်ဧရိယာ ဘယ်လောက်ဖြစ်သင့်လဲဆိုတာ မှန်းဆလို့ရပါတယ်။ အဆိုရှင်တင်ပြခဲ့သလို မြန်မာတစ်ပြည်လုံးမှာ စားကျက်ဧက ၇၅၀၀၀၀ ရှိပေမဲ့ နည်းအမျိုးမျိုးနဲ့ လျော့ပါးခဲ့ရပါတယ်။ ကျွန်တော်တို့ မင်းလှမြို့နယ်မှာဆိုရင် မူလစာရင်း ၂၈၆၀ ဧက ရှိပါတယ်။ ပယ်ဖျက်ထားတာက ၁၁၀ ဧက၊ သီးနှံစိုက်ထားတာ ၁၃၈၀ ဧက၊ ရွာမြေအဖြစ်ပါသွားတာက ၁၆၀ ဧက၊ သာသနာမြေ၊ သုဿာန်မြေက ခုနစ်ဧက၊ စာသင်ကျောင်းက နှစ်ဧကဆိုတော့ အသားတင် ၁၁၉၃ ဧကပဲ ကျန်ပါတယ်။ အဲဒါကြောင့် စားကျက်မြေ၊ စားကျက်မြေလို့ပြောနေပြီး ဒီနေရာဟာ စားကျက်မြေပါလို့ ဆိုင်းဘုတ်ကလေးထူရုံနဲ့ မရပါဘူး။ စားကျက်မြေရဲ့ဧရိယာကို တိတိကျကျသတ်မှတ်တိုင်းတာပေးဖို့လည်း လိုပါတယ်။ တိတိကျကျသတ်မှတ်တိုင်းတာမပေးဘဲ စားကျက်မြေဆိုတာလေး စိုက်ထားလိုက်တဲ့အတွက် ကျူးကျော်စိုက်ထားတဲ့သူကလည်း သူ့သီးနှံပျက်မှာစိုး၊ တခြားလူတွေကလည်း ဒါ စားကျက်မြေပါဆိုပြီး သူ့နွားတွေလွှတ်ကျောင်းတယ်။ ရွာသားအချင်းချင်း ဓားတစ်ပျက်၊ တုတ်တစ်ပျက်ဖြစ်ရတဲ့ကိစ္စရပ်တွေ တော်တော်များပါတယ်။ တစ်ဖက်နှင့်တစ်ဖက် သတ်မယ်ပုတ်မယ်လုပ်လို့ ပါတီဥက္ကဋ္ဌကြီးနှင့် အဖွဲ့ဝင်တွေ၊ ပြည်သူ့ရဲတွေ၊ ရွာမိရွာဖတွေ အတော်ဖြန်ဖြေပေးခဲ့ရတာတွေရှိပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ခုရှုပ်မှ နောင်ရှင်းဆိုသလို နောင်ရှင်းဖို့အတွက်ကို အခုရှုပ်ဖို့လိုနေပါပြီ။ စားကျက်မြေနဲ့ပတ်သက်တဲ့ ဌာနဆိုင်ရာတွေ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြေစာရင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး စတဲ့ဌာနတွေ ရွာမိရွာဖတွေ၊ လုပ်သားပြည်သူတွေ၊ မဲဆန္ဒရှင်ပြည်သူတွေအားလုံး သေချာဆွေးနွေးဆုံးဖြတ်ပြီးတော့မှ အများဆုံး လိုက်နာနိုင်တဲ့၊ ခိုင်မာတဲ့မူဝါဒတစ်ရပ် ချမှတ်ဆောင်ရွက်ပေးဖို့ အမှန်တကယ်လိုအပ်နေပြီဖြစ်ပါတယ်။ ဒါကြောင့် လက်ပံတန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တင်သွင်းတဲ့အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်မြင့်(တိုက်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တိုက်ကြီးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဖြစ်ပါတယ်။ အဆိုရှင် ဦးကျော်မင်းက နိုင်ငံတော်မှာစားကျက်မြေပေါင်း ၇၅၆၀၀၀ ကျော်ရှိတယ်လို့ စာရင်းဇယား နဲ့ပြသွားပါတယ်။ ဒါပေမဲ့ တကယ်ပဲ ကျွန်တော်တို့ အဲဒီမြေကြီးမြေပုံတွေမှာ ဒီဇကတွေရှိရဲ့လား၊ မရှိနိုင် ပါဘူး။ ကွာခြားမှုတွေကို မြေပြင်မှာတကယ်ပဲဖြစ်တည်နေတဲ့ အခြေအနေတွေနဲ့ကွဲလွဲနေလို့ ဦးကျော်မင်းက ဒီအဆိုကိုတင်သွားခြင်းဖြစ်ပါတယ်။ အဲဒီတော့ မြေကြီးမြေပုံ တိတိကျကျမှန်ကန်ဖို့ သိပ်အရေးကြီးပါတယ်။ ဒီမြေကြီးမြေပုံတွေနှင့်စာရင်းဇယားတွေမမှန်ကန်ဘူးဆိုလို့ရှိရင် နိုင်ငံတော်ရဲ့ GDP တွက်ချက်မှုကအစ ကွာဟသွားမယ်ဆိုတာတွေကိုလည်း သူ့အဆိုထဲမှာတင်ပြသွားပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် စားကျက်မြေအဖြစ်မှ နိဋ္ဌိတံသွားတဲ့စားကျက်မြေတွေဟာ အများကြီးရှိပါ တယ်။ အဲဒီလို နိဋ္ဌိတံသွားတဲ့အကြောင်းအရာတွေထဲမှာ အကြောင်းအမျိုးမျိုးရှိတယ်။ အဲဒီ အကြောင်းအမျိုးမျိုးထဲမှာ အခု လယ်ယာမြေတွေဖြစ်သွားတဲ့စားကျက်မြေတွေ၊ ငါးကန်တွေဖြစ် သွားတဲ့စားကျက်မြေတွေ၊ အဆောက်အဦတွေဖြစ်သွားတဲ့စားကျက်မြေ၊ ရွာမြေတွေဖြစ်သွားတဲ့ စားကျက်မြေတွေဟာ အများကြီးရှိပါတယ်။ ဒီလိုဟာတွေကို တိတိကျကျမှန်မှန်ကန်ကန် စာရင်းဇယား မလုပ်ပေးနိုင်ဘူးဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံတော်ရဲ့စီမံကိန်းတွေကို တွက်ချက်တဲ့နေရာမှာ မှားယွင်း သွားနိုင်ပါတယ်။ အဲဒီတော့ ဒီစားကျက်မြေတွေကို ၁၉၇၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့က အမိန့် ကြော်ငြာစာနဲ့ နောက်ထပ် အဲဒီလိုစားကျက်တွေပျက်စီးသွားမှာစိုးလို့ ကာကွယ်ထားခဲ့တဲ့ အမိန့်၊ ညွှန်ကြားချက်တွေရှိခဲ့ပါတယ်။ ဒါပေမဲ့လည်း အဲဒီညွှန်ကြားချက်တွေဟာ အသက်မဝင်ဘူးလို့ဘဲဆိုရ မလား။ ဥပဒေကမည်သို့ပင်ဆိုစေကာမူဆိုတဲ့စကားရပ်နဲ့ အခုစားကျက်တွေဟာ တကယ့်မြေကြီးမြေပုံ တွေနဲ့ကွဲလွဲသွားတာရှိပါတယ်။ အဲဒီလိုကွဲလွဲသွားတဲ့နေရာမှာ ပြီးခဲ့တဲ့ကာလ အနှစ် ၂၀ လောက်က စားလို့ရတာအကုန်စိုက်၊ စားလို့ရတာအကုန်မွေး မြေကြီးမြေလပ်မတွေ့ချင်ဘူး။ အဲဒီလိုသဘောမျိုးနဲ့ စားကျက်မြေတွေကို စိုက်ခိုင်းခဲ့တယ်။ ကြက်ဆူစီမံကိန်းကအစ။ အဲဒီလိုစိုက်ခိုင်းတဲ့နေရာမှာ စားကျက် မြေတွေဟာ အများကြီးပျက်စီးသွားတယ်။ ဥပမာဆိုလို့ရှိရင် ကျွန်တော့် ရဲ့တိုက်ကြီးမြို့နယ်ထဲမှာ အခု စာရင်းအင်းဌာနရဲ့စာရင်းဇယားအရ စားကျက်မြေဧကပေါင်းက ၁၀၅၁၃ ဧကရှိတယ်။ အဲဒီမှာ ၁၀၈၇.၈၂ ဧက ပယ်ဖျက်ပြီးတယ်လို့ စာရင်းဇယားအရ ကျွန်တော့်ဆီကို ပေးပါတယ်။ အဲဒီလိုဆိုလို့ ရှိရင် လက်ကျန်က ၉၄၂၅.၁၈ ဧကကျန်နေတယ်လို့ စာရင်းဇယားအရ ကျွန်တော့်ကို စာရင်းအင်းဌာန

က အခု ပေးပါတယ်။ အဲဒီတော့ အဲဒီလိုစာရင်းအင်းဌာနမှ ပေးလိုက်တဲ့စာရင်းတွေကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ဒါတွေဟာ တကယ်မှန်ကန်ရဲ့လား၊ တကယ်ပဲ မြေပြင်မှာ ဒီစားကျက်မြေတွေရှိရဲ့လားလို့ ကျွန်တော့်အနေနဲ့ ကွင်းဆင်းစစ်ဆေးတယ်။ အဲဒီလိုစစ်ဆေးတဲ့နေရာမှာ တော်ခရမ်းကျေးရွာအုပ်စုမှာ ကလုတ်ကြီးကွင်း ဆိုတဲ့နေရာမှာ ဧကပေါင်း ၈၀၀ နီးပါး ၇၉၆ ဧကရှိတယ်။ အဲဒီ ၇၉၆ ဧကက စားကျက်မြေတွေ။ ဒါပေမဲ့ အဲဒီစားကျက်မြေတွေက ကိုင်းတောကြီးတွေကိုတိုးပြီးတော့ ဓားမဦးချခုတ်ထွင်ရှင်းလင်းပြီးတော့ စိုက်ခဲ့တဲ့လယ်မြေတွေ ဖြစ်နေတယ်။

အဲဒီလိုလယ်မြေတွေကို ၁၉၉၇၊ ၁၉၉၈ ခုနှစ်တုန်းက အဖွဲ့အစည်းတစ်ခုကနေပြီးတော့ သိမ်းသွားတယ်။ သိမ်းသွားပြီးတော့ ဧကပေါင်း ၃၆၈ ဧကကို စားကျက်ကပယ်ဖျက်ပစ်လိုက်တယ်။ သူတို့လည်းမစိုက်နိုင်ဘူး။ မစိုက်နိုင်တဲ့အခါကျတော့ သီးစားတွေချတယ်။ အဲဒီတော့ အဲဒီသီးစား လုပ်တဲ့မြေတွေကို အခုပြန်လည်စွန့်လွှတ်တဲ့အခါကျတော့ အဲဒါတွေက စားကျက်မြေကိုပယ်ဖျက်ပြီး သားဖြစ်သွားတယ်။ လယ်မြေတွေဖြစ်သွားတယ်။ ကျန်တဲ့ ၄၂၈ ဧကကလည်း စားကျက်မြေတွေ မဟုတ်တော့ဘူး။ အဲဒါတွေကလည်း လယ်မြေတွေဖြစ်ကုန်တယ်။ အဲဒီတော့ စာရင်းဇယားတွေက တကယ်ပဲမှန်ကန်ရဲ့လား။ ခုနက ကိန်းဂဏန်းတွေကိုတွက်ချက်တဲ့အခါမှာ အခုအချိန်ကစပြီးတော့ မှန်မှန်ကန်ကန်ဖြစ်အောင်တွက်ချက်သင့်တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြေပြင်တည်ရှိတဲ့အနေအထားအရ စားကျက်မြေတွေပေါ်မှာ ငါးကန်တွေတူးတာ။ အဲဒီလိုငါးကန်တွေတူးတဲ့အရင်းအနှီးတွေကလည်း အများကြီးကုန်ကျပါတယ် သူတို့မှာ။ ဒါပေမဲ့ အဲဒီကျူးကျော်ပြီးတော့ စားကျက်ကိုကျူးကျော်ပြီးတော့ အခွင့်မရှိဘဲနဲ့ ငါးကန်တွေ တူးခဲ့တဲ့ကိစ္စတွေကလည်း ကျွန်တော့်မြို့နယ်မှာအများကြီးရှိပါတယ်။ အဲဒီလို ငါးကန်တွေဖြစ်သွားတဲ့ ကိစ္စကို စားကျက်မြေပြန်လုပ်ပေးပါလို့ တောင်းဆိုမလား။ သူတို့ရဲ့ကုန်ကျစရိတ်တွေကလည်း အများကြီးရှိတယ်။ အဲဒီတော့ သား၊ ငါးမွေးမြူရေးတွေတိုးတက်ဖို့ တစ်ဖက်ကသူတို့လုပ်ခဲ့တယ်၊ ဥပဒေနဲ့မညီတာတော့မညီဘူး။ ဒါပေမဲ့ စားကျက်အဖြစ်ပြန်ပြီးတော့ လုပ်ခိုင်းမလား။ အဲဒီလိုဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံတော်ရဲ့ သား၊ ငါးမွေးမြူရေးနှင့်ပတ်သက်လို့ ထိခိုက်သွားနိုင်တယ်။ အဲဒီတော့ စားကျက်ကိုကျူးကျော်ပြီးတော့လုပ်ခဲ့တဲ့ အဆောက်အဦတွေ၊ ငါးကန်တွေကို ကျွန်တော်တို့ နိုင်ငံတော် စီးပွားလည်းမပျက်အောင်၊ ဖြစ်နေတဲ့လယ်ယာမြေတွေကိုလည်း။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာစားသုံးရန်အတွက် အစည်းအဝေးကို ခေတ္တရပ်နားပါမယ်။ နေ့လယ် ၁ နာရီအချိန်မှာ အစည်းအဝေးပြန်လည်စတင်မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို တစ်နာရီခန့်ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ချိုချိုဖြစ်ပါတယ်။ ကျွန်မအနေနဲ့ လက်ပံတန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မင်းရဲ့အဆိုကို ကျွန်မမဲဆန္ဒနယ်မြေရဲ့ ပကတိမြေပြင်အနေအထားနှင့်ဆက်စပ် ပြီး ထောက်ခံဆွေးနွေးအကြံပြုသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ မြန်မာနိုင်ငံမှာ နေထိုင်တဲ့လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းကျော်မှာ ကျေးလက်မှာနေထိုင်ကြသူများဖြစ်ပြီး ကျေးလက်နေ ပြည်သူများထဲမှ အများဆုံးဟာလည်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအဖြစ် အသက်မွေးနေကြသူများ ဖြစ်ကြပါတယ်။ ကျွန်မတို့ နိုင်ငံတစ်ဝန်းမှာ စားကျက်မြေဧကပေါင်း ၇၅၆၀၀၀ ရှိတယ်လို့ဆိုထားပါ တယ်။ ကျွန်မမဲဆန္ဒနယ်ဖြစ်တဲ့ အုတ်တွင်းမြို့နယ်မှာ စားကျက်မြေဧကပေါင်း ၇၀၀၀ ကျော်ရှိပါတယ်။ တိုးတက်လာသော

လူဦးရေနှင့်အတူ နေထိုင်ရေးနဲ့အသက်မွေးဝမ်းကျောင်းအတွက် စားကျက်မြေများ အပေါ်တွင် လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်ကတည်းက နေထိုင်လုပ်ကိုင်စားသောက်လာခဲ့ရာမှ စားကျက်မြေ အတော်များများဟာ ရွာမြေတွေ၊ စိုက်ပျိုးမြေတွေ ဖြစ်ကုန်ကြပြီဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ယခုအခါမှာ ကျွန်မမဲဆန္ဒနယ်အတွင်းမှာလည်း မြေပြင်အနေအထားအရ စားကျက်မြေများမှာ လွန်ခဲ့သောနှစ်ပေါင်းမြောက်မြားစွာကတည်းက နေထိုင်စားသောက်ခဲ့ရာမှ စိုက်ပျိုးမြေအဖြစ်ရော၊ လူနေအိမ်ခြေအဖြစ်ပါ အခြေကျနေပြီဖြစ်ပါတယ်။ စားကျက်မြေကို အင်္ဂလိပ် အစိုးရလက်ထက်ကပင် သတ်မှတ်ခဲ့ခြင်းဖြစ်ပါတယ်။ စားကျက်မြေတွေကို ကာကွယ်ထားတဲ့ဥပဒေ များရှိသလို ပယ်ဖျက်ခြင်း၊ နုတ်ပယ်ခြင်းနှင့်သက်ဆိုင်တဲ့ လုပ်ထုံးလုပ်နည်းများလည်းရှိကြောင်း ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့် တာဝန်နှင့်လုပ်ပိုင်ခွင့်ဥပဒေပုဒ်မ ၆၆ ပုဒ်မခွဲ(က)အရ အပ်နှင်းထားပါတယ်။ ပုဒ်မခွဲ ၃ မှာ အများပြည်သူတို့အကျိုးစီးပွားအတွက် လိုအပ်လျှင်သော်လည်းကောင်း၊ ကျွဲ၊ နွားစားကျက်အဖြစ် အသုံးပြုမှုနည်းပါးလျှင်သော်လည်းကောင်း၊ နုတ်ပယ်ခြင်း၊ ပယ်ဖျက်ခြင်းကို အမှုတွဲဖွင့်ပြီး လူထုဆန္ဒသဘောထားရယူကာ ဆောင်ရွက်ရပါတယ်။ ၎င်းဥပဒေမှာ တည်ဆဲဥပဒေ၊ နည်းဥပဒေများဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁) ပုဒ်မ ၂၃ ပုဒ်မခွဲ(က)တွင် နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ် သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ရမယ်လို့ ပါရှိပါတယ်။ ယခုအခါမှာ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းအတွက်လည်းကောင်း၊ စိုက်ပျိုးသီးနှံများကို သယ်ယူပို့ဆောင်ရာမှာလည်းကောင်း၊ စက်ကိရိယာများကို တွင်တွင်ကျယ်ကျယ်အသုံးပြုနေပြီဖြစ်တဲ့အတွက်၊ ကျွဲ၊ နွားများကို သိပ်အသုံးမပြု တော့တဲ့အတွက်ကြောင့် တောင်သူလယ်သမားများအနေနှင့်လည်း ကျွဲ၊ နွားများစွာမရှိတော့၍ ကျွဲ၊ နွားတွေကို လွှတ်ကျောင်းတဲ့စားကျက်မြေများမှာလည်း သိပ်မလိုအပ်တော့ပါဘူး။ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ စားကျက်မြေအဖြစ်ကနေပယ်ဖျက်ပြီး ရွာမြေ၊ စိုက်ပျိုးမြေအဖြစ် ဆောင်ရွက်ပေးသင့်ပါတယ်။ စားကျက်မြေများကို လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ရရှိမှသာ တောင်သူလယ်သမားများ စိုက်ပျိုးလုပ်ကိုင်ရန်အတွက် လိုအပ်သောချေးငွေကိုလည်း ထုတ်ချေးခွင့် ရရှိမှာဖြစ်ပါတယ်။ မြို့နယ်မှာရှိသော စားကျက်မြေအဖြစ်ကျန်နေတဲ့မြေတွေကို လယ်ယာမဲ့တွေထံ ခွဲဝေပေးနိုင်မှသာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

မူကြမ်း

ဥက္ကဋ္ဌကြီးရှင့်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက်မှာ နိုင်ငံတော်အကြီးအကဲတွေရဲ့ လမ်းညွှန်မှုနဲ့ နိုင်ငံ့ဝမ်းစာဖူလုံရေးနဲ့ ပြည်ပဆန်တင်ပို့မှုအားကောင်းနိုင်ရန် စပါးစိုက်ပျိုး၍ရတဲ့ မြေမှန်သမျှ မည်သည့်မြေမျိုးမဆို မြေလွတ်ထားခြင်းမရှိဘဲ စိုက်ပျိုးကြရန် ညွှန်ကြားမှုတစ်ရပ် ပေါ်ပေါက်ခဲ့၍ ကျေးရွာနေပြည်သူများအားလုံး တောခုတ်ငုတ်ထုတ်၍ မြေလွတ်၊ မြေလပ် စားကျက်မြေများအား တိုးချဲ့စိုက်ပျိုးခဲ့ပြီး နိုင်ငံတော်ရဲ့ချမှတ်တဲ့ စိုက်ပျိုးစရိတ်ချေးငွေကို ရရှိခဲ့၍ တာဝန်ကျေစပါးများလည်း ရောင်းချခဲ့ရပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ပုံစံ(၁)ဖြည့်၍ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ(၇) လျှောက်ထားခဲ့ရာမှာ တောင်သူများအမှန်တကယ်စိုက်ပျိုးနေသော စားကျက်မြေများမှာ ပုံစံ(၇) မရရှိတဲ့အတွက် စိုက်ပျိုးစရိတ်ချေးငွေကို ယနေ့ထိတိုင်မရရှိခဲ့ပါ။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် စားကျက်မြေတစ်ဧကလျှင် စပါး ၃၅ တင်းမှ ၄၀ တင်း တာဝန်ကျေစပါးများရောင်းချခဲ့ရပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးခေတ်တွင် တစ်ဧက ၁၂ တင်းနှုန်း တာဝန်ကျေရောင်းချခဲ့ရပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးခေတ်ရောက်တဲ့အခါကျမှသာ နိုင်ငံတော်ကို စပါးရောင်းချမှုရပ်ဆိုင်းသွားခဲ့ရပါတယ်။ တောင်သူများမှာ စပါးတာဝန်ကျေရောင်းချခဲ့ရစဉ်က ကျီလှန်ပုတ်လှန်မကျန် စားကျက်မြေများအတွက်ပါ တာဝန်ကျေရောင်းချခဲ့ရပြီး ယခုအခါမှာ စိုက်ပျိုးစရိတ်ချေးငွေရရှိရန် ပုံစံ(၇) ရရှိဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ အခြေကျနေပြီဖြစ်သော စားကျက်မြေများကို ပယ်ဖျက်ပေးသင့်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ နိဂုံးချုပ်အနေဖြင့် စိုက်ပျိုးရေးအခြေခံတဲ့တိုင်းပြည်၊ စိုက်ပျိုးရေးနဲ့ အသက်မွေးဝမ်းကျောင်းပြုနေရတဲ့ အများစုသောမြန်မာနိုင်ငံသားများအတွက် မရှိမဖြစ်လိုအပ်သော တရားဝင်စိုက်ပျိုးမြေလုံလုံလောက်လောက်ရရှိရေးအတွက် လက်ပံတန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၏အဆိုကို လေးလေးနက်နက်ထောက်ခံလိုက်ရပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဘုန်းမြင့်အောင်(ဒိုက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင်

ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီနေ့ဆွေးနွေးလိုတာက ၁၅-၂-၂၀၁၇ ရက်နေ့မှာ လက်ပံတန်းမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း တင်သွင်းထားသော နိုင်ငံတစ်ဝန်းရှိ ယနေ့အထိ စားကျက်မြေ အဖြစ်တည်ရှိနေသော စားကျက်မြေများနှင့်စပ်လျဉ်းပြီး ဒေသခံပြည်သူလူထု၏ ဆန္ဒသဘောထား များကိုရယူကာ စိုက်ပျိုးမြေအဖြစ်သို့လည်းကောင်း၊ ရွာမြေအဖြစ်သို့လည်းကောင်း၊ စားကျက်မြေ အဖြစ်သို့လည်းကောင်း သို့မဟုတ် အခြားနည်းအသုံးမှုပြုမှုတစ်ခုခုအတွက်လည်းကောင်း လက်တွေ့ ကျကျ အသုံးပြုနိုင်ရေးအတွက် ရှင်းလင်းတိကျသော မူဝါဒဆောလျင်စွာ ချမှတ်မကောင်အထည်ဖော် နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရကို အကြံပြုတိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေး သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ လက်မှုစိုက်ပျိုးရေးခေတ်မှ စက်မှုစိုက်ပျိုးရေးခေတ်သို့ အသွင်ကူးပြောင်းနေဆဲကာလအတွင်း ကျွဲ၊ နွားများကိုအားထားနေရဆဲပဲ ဖြစ်ပါတယ်။ ကျွဲ၊ နွားစားကျက်မြေ ရွေးချယ်သတ်မှတ်ခြင်း၊ စားကျက်မြေထိန်းသိမ်းခြင်း၊ စားကျက်မြေအဖြစ်မှ နုတ်ပယ်ခြင်း၊ စားကျက်မြေပယ်ဖျက်ခြင်းစသောလုပ်ငန်းများအား ၁၈၇၆ ခုနှစ် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်လွှာဥပဒေအရ ပြဋ္ဌာန်းသည့်နည်းဥပဒေ ၆၆ မှ ၇၁ အထိ အမိန့်ဆင့်ဆိုချက်(၉၀) မှ (၁၀၈) အထိ၊ ၁၈၈၉ ခုနှစ် အထက်မြန်မာနိုင်ငံတော် မြေနှင့်အခွန်စည်းမျဉ်းဥပဒေအရ ပြဋ္ဌာန်းသည်နည်းဥပဒေ ၇၅ မှ ၇၉ အထိ အမိန့်ဆင့်ဆိုချက်(၉၀) မှ (၁၀၀) အထိပါ ဥပဒေပြဋ္ဌာန်းချက်များ၊ အမိန့်ညွှန်ကြားချက်များနှင့် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုင်တွယ်ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ အဆိုရှင်တင်ပြရာမှာ တစ်နိုင်ငံလုံးစားကျက်မြေဧကပေါင်း ၇၅၆၀၀၀ ဧကရှိတယ်လို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းလယ်ယာကဏ္ဍရဲ့ အစီရင်ခံစာမှာ လေ့လာတွေ့ရှိချက်အရ အဲဒီစားကျက်မြေတွေဟာ လက်တွေ့မြေပြင်မှာ ပကတိအားဖြင့် ကျွဲ၊ နွားစားဖို့ စားကျက်မြေများရှိသလို စိုက်ပျိုးမြေ၊ ရွာမြေ၊ ငါးမွေးကန်၊ ကုမ္ပဏီပိုင်မြေတွေဖြစ်တာကိုလည်း တွေ့ခဲ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ဒိုက်ဦးမဲဆန္ဒနယ်မှာတော့ ယခင်က စားကျက်မြေဧရိယာ ၈၅၈၀ ဧကရှိပြီး ယနေ့အထိပယ်ဖျက်ပြီးစားကျက်မြေဧရိယာ ၁၇၀၇ ဧကဖြစ်၍ ကျန်ရှိသော စားကျက်မြေဧရိယာမှာ ၆၈၇၃ ဧကသာ ကျန်ရှိပါတော့တယ်။ ခေတ်အဆက်ဆက် ကျွဲ၊ နွားများအသုံးပြုစားသုံးရန်နှင့် အညောင်းအညာပြေစေရန်ကွင်းလည်းပဲ ဖြစ်ပါတယ်။ စားကျက်မြေ

သတ်မှတ်ရေးနှင့်ပတ်သက်၍ အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်တော်နည်းဥပဒေ ၆၆ အရ ခရိုင်အုပ်ချုပ်ရေးမှူးက သင့်တော်မည့်မြေနေရာတိုင်းတာသတ်မှတ်ခြင်း၊ နည်းဥပဒေ ၆၇ အရ ကန့်ကွက်နိုင်ကြောင်း ၁၅ ရက်အချိန်ပေး၍ ကြော်ငြာစာထုတ်ဆင့်ခြင်း၊ နည်းဥပဒေ ၆၈ အရ ကန့်ကွက်လွှာများစစ်ဆေးခြင်း ဆောင်ရွက်ပြီးစားကျက်မြေအဖြစ် မြေဧရိယာ မည်မျှအား မည်သည့်ကျေးရွာများအကျိုး ငှာ ချထားကြောင်း အမိန့်ထုတ်ဆင့်ခြင်းနှင့် မှတ်ပုံတင်စာရင်းသွင်းပြီး စားကျက်မြေအပြီးသတ်နယ်နိမိတ်ပိုင်းခြားသတ်မှတ်ကာ ပြဋ္ဌာန်းသတ်မှတ်ထားတဲ့ပုံစံအတိုင်း အပြီးသတ်ချထားကြောင်း ကြော်ငြာစာထုတ်ဆင့်ခြင်း၊ နည်းဥပဒေ ၆၉ အရ အထက်ပါအတိုင်းအပြီးသတ်နယ်နိမိတ်ပိုင်းခြားပြီးသောစားကျက်မြေအတွင်း အခြားသောကျေးရွာအုပ်စုများမှ ကျွဲ၊ နွားများ စားကျက်လာရောက်ချထားခြင်း၊ စားကျက်မြေကိုအခြားနည်းအသုံးပြုခြင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး၏ အထူးခွင့် အမိန့် မရဘဲ စားကျက်မြေအတွင်း သစ်ပင်၊ ချုံနွယ်နှင့် မြက်များကိုခုတ်လှဲရွှေ့ပြောင်းရိတ်သိမ်းခြင်း၊ သယ်ယူခြင်းများကို အမှုဖွင့်တရားစွဲဆိုပြီး ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်စီရင်ဆောင်ရွက်ရမှာလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သို့သော်လည်း စားကျက်မြေများကို ကာကွယ်ထားတဲ့ဥပဒေများရှိသလို ပယ်ဖျက်ခြင်း၊ နုတ်ပယ်ခြင်းနှင့် သက်ဆိုင်တဲ့လုပ်ထုံးလုပ်နည်းများလည်းရှိကြောင်း ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်တာဝန်နှင့် လုပ်ပိုင်ခွင့်ဥပဒေပုဒ်မ ၆၆ ပုဒ်မခွဲ(က) အရ အပ်နှင်းထားကြောင်းလည်း တွေ့ရပါတယ်။ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားများအတွက်လည်းကောင်း၊ နိုင်ငံတော်ကလိုအပ်လျှင်သော်လည်းကောင်း၊ ကျွဲ၊ နွားအကောင်ရေအသုံးပြုမှုနှင့် နည်းပါးလျှင်သော်လည်းကောင်း နုတ်ပယ်ခြင်းများ၊ ပယ်ဖျက်ခြင်းတို့ကို ဒေသခံပြည်သူလူထုဆန္ဒသဘောထားရယူကာ ဆောင်ရွက်သင့်ပါတယ်လို့ အကြံပြုတင်ပြအပ်ပါတယ်။ အထက်မှာတင်ပြခဲ့တဲ့ ဥပဒေ၊ နည်းဥပဒေတွေဟာ တည်ဆဲဥပဒေတွေလည်း ဖြစ်ပါတယ်။ ဒါတွေကို တိတိကျကျ ကာကွယ်ပေးထားသော်လည်း ကျွန်တော်တို့ တစ်နိုင်ငံလုံးမှာရှိတဲ့ စားကျက်မြေများကတော့ တဖြည်းဖြည်းနဲ့ ကြက်ပျောက်ငှက်ပျောက်ဖြစ်လာနေတာကိုလည်း တွေ့ရပါတယ်။ ခေတ်အဆက်ဆက်အစိုးရများရဲ့ အားနည်းချက်များဖြစ်ပြီး အောက်ခြေပြည်သူလူထုကို မထီမဲ့မြင်ပြုကာ တစ်ဦးတစ်ယောက်အား ပယ်ဖျက်ခွင့်ပေးခြင်း၊ နှစ်ပေါင်းများစွာ သီးစားခဖြင့် အကျိုးတူစိုက်ပျိုးလုပ်ကိုင်ခြင်းများကြောင့် ပြဿနာပေါင်းများစွာနှင့် ယနေ့အထိတိုင် ကြုံတွေ့နေရဆဲလည်း ဖြစ်ပါတယ်။ အချို့သော တရားရုံးတွေမှာဆိုရင် စားကျက်မြေကျူးကျော်သောကြောင့် ပုဒ်မ ၄၂၇၊ ၄၄၇

များနှင့်တရားစွဲဆိုခြင်းများကိုလည်း ရင်ဆိုင်ကြုံတွေ့ခံစားနေရပါတယ်။ နိဂုံးချုပ်အနေဖြင့် ယခု ကျွန်တော်တို့ အစိုးရသစ်လက်ထက်မှာတော့ လက်တွေ့မြေပြင်နှင့် ကိုက်ညီတဲ့မြေအသုံးပြုမှုတွေကို တည်ဆဲဥပဒေများနဲ့ အသုံးပြုပြီး ဒေသခံပြည်သူ၏သဘောထားကိုရယူကာ ဆောင်ရွက်သင့်ပါ တယ်လို့ အကြံပြုဆွေးနွေးရင်း လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်းရဲ့အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်အေး(နတ်တလင်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအပေါင်းတို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေရန် မေတ္တာပို့သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့တော့ ဦးကျော်မင်းရဲ့အဆိုကို ကျွန်တော့်မြို့နယ်မှာ ပြဿနာဖြစ်နေတဲ့စားကျက်မြေတွေကို အခြေခံပြီးတော့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ နတ်တလင်းမြို့နယ်ရဲ့အနောက်ခြမ်းမှာ စားကျက်မြေပြဿနာနှစ်ခုရှိပါတယ်။ ပထမတစ်ခုကတော့ ချင်းကုန်းတန်ကျေးရွာအုပ်စု စားကျက်မြေ ပြဿနာဖြစ်ပါတယ်။ အဲဒီချင်းကုန်းတန်ကျေးရွာအုပ်စုစားကျက်မြေဟာ မူလတုန်းက ၁၉၉၃ ခုနှစ်မှာ ဆိုရင် အဲဒီစားကျက်မြေကို ၃၂ ယောက်ကကျူးကျော်ပြီးတော့ စိုက်ပျိုးခဲ့တယ်။ အဲဒီအခါမှာ သက်ဆိုင်ရာတာဝန်ရှိသူတွေက ဥပဒေအရတရားစွဲပြီးတော့ တရားရုံးကိုတင်တဲ့အခါမှာ တရားရုံးက ဒီစားကျက်မြေကို နောက်ထပ်မကျူးကျော်ဖို့ ဝန်ခံကတိလက်မှတ်ရေးထိုးခိုင်းပြီးတော့ ဒဏ်ငွေတွေချ လိုက်ပါတယ်။ အဲဒီအချိန်ကစပြီး ချင်းကုန်းတန်စားကျက်မြေဟာ စားကျက်ကျူးတဲ့ပြဿနာကင်းသွား တယ်။ သို့သော်လည်း ခြောက်လပိုင်း ၁၉၉၉ ခုနှစ်မှာ မဝတဥက္ကဋ္ဌအသစ်တစ်ယောက် မြို့ကို ပြောင်းရွှေ့လာပါတယ်။ နာမည်တော့ ကျွန်တော်မပြောတော့ပါဘူးနော်။ နာမည်သိပါတယ်။ သို့သော်လည်း အဲဒီပုဂ္ဂိုလ်က သူရောက်လာပြီးနောက်ပိုင်း ဘာလုပ်လဲဆိုရင် ကျွန်တော်တို့ မြို့နယ်မှာရှိတဲ့လှပခြင်းဆည်ကို တည်ဆောက်ဖို့ဆိုတဲ့အကြောင်းပြချက်နဲ့ အဲဒီ ချင်းကုန်းတန် စားကျက်မြေက ဧက ၁၀၀ ကို တစ်နှစ်အသုံးပြုမယ်ဆိုပြီးတော့ ကြေညာပြီးတော့ ကျေးရွာ အုပ်ချုပ်ရေး (ရယက)ဥက္ကဋ္ဌကနေတစ်ဆင့် အဲဒီစားကျက်မြေတွေကို တစ်ချိုးကိုလေးထောင်၊ ရှစ်ထောင်၊ သောင်းနှစ်ထောင်နဲ့ ပိုက်ဆံတွေ တစ်ဆင့်ယူပြီးတော့မှ စိုက်ပျိုးခွင့်တွေပေးလိုက်တယ်။ အဲဒီအချိန်ကစပြီးတော့ အဲဒီချင်းကုန်းတန်မှာ စားကျက်ကျူးပြီးစိုက်ပျိုးတဲ့ပြဿနာတွေ ပေါ်ပေါက်လာ ပါတယ်။ ဒါကိုကြည့်ရင် ကျွန်တော်တို့ဘာတွေ့ရလည်းဆိုတော့ စားကျက်ကိုကာကွယ်ထားတဲ့

မူကြမ်း

ဥပဒေတွေကို အတိအကျ အကောင်အထည်ဖော်ဆောင်ရွက်တဲ့အချိန်မှာ စားကျက်ကျူးပြဿနာတွေ မရှိပေမယ့် ဒီစားကျက်ကို ကာကွယ်တဲ့ဥပဒေကိုမျက်ကွယ်ပြုပြီးတော့ ဒီလိုဆောင်ရွက်ခဲ့တဲ့ အတွက်ကြောင့် စားကျက်ကျူးပြဿနာတွေဟာ တစ်စတစ်စကျယ်ပြန့်လာခဲ့တယ်။ နောက်မှာ ဒီမဝတဥက္ကဋ္ဌဟာ အကြောင်းအားလျော်စွာ ရုတ်တရက် ဂေါက်သီးရိုက်ရင်း သူကွယ်လွန်သွားတယ်။ အဲဒီလိုသူကွယ်လွန်သွားပြီးတဲ့နောက်ပိုင်းမှာ နောက်ရောက်လာတဲ့ မဝတဥက္ကဋ္ဌအသစ်တွေကို လည်းဘဲ ဒီကျေးရွာအုပ်စုကနေပြီးတော့မှ ရွာသားတွေက ဒီစားကျက်မြေပြန်လည်ရရှိရေး မဝတ ဥက္ကဋ္ဌတွေကို နောက်တစ်ခါ ဒီဘက်အစိုးရလက်ထက်ကျတော့လည်း မြို့နယ်အုပ်ချုပ်ရေးမှူးတွေကို စာတွေနဲ့အကြိမ်ကြိမ်တင်ပြတောင်းဆိုခဲ့သော်လည်းပဲ အောင်မြင်မှုမရှိခဲ့ဘူး။ ဒီနေ့အထိပါ။ ဒီနေ့ ဒီအစိုးရလက်ထက်ရောက်လာတဲ့အခါမှာ ဒီဟာကိုလည်း ဒီကျေးရွာအုပ်စုက စားကျက်မြေပြန်လည် ရရှိရေးတောင်းဆိုတဲ့အခါမှာ မြို့နယ်သိမ်းဆည်းခံလယ်မြေများ ပြန်လည်စိစစ်ရေးအဖွဲ့ကနေပြီးတော့ ဒါစိစစ်ဆဲဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ပွဲသာကျေးရွာအုပ်စုရဲ့ စားကျက်မြေဖြစ်ပါတယ်။ ပွဲသာကျေးရွာအုပ်စုရဲ့ စားကျက်မြေကို ပွဲသာကျေးရွာအုပ်စုနဲ့အနီးမှာရှိတဲ့ ချဉ်ယုတ်ကွင်းကျေးရွာ အုပ်စုကနေပြီးတော့ ဒီရွာသားတွေကလာပြီး ကျူးကျော်စိုက်ပျိုးတယ်။ အဲဒီလိုစိုက်တဲ့အခါမှာ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က စပြီးတော့အဲဒီလိုစိုက်တဲ့အခါကျတော့ ဒီကျေးရွာမှာ ဒီလယ်သမားတွေက အနောက်ဘက်မှာဆိုလို့ရှိရင် မြစ်နဲ့လည်းနီးတဲ့အတွက်ကြောင့် မိုးတွင်းကျရင်ရေကြီးတာတွေရှိတယ်။ လယ်ကောင်းကောင်းစိုက်လို့ မရဘူး။ မိုးစပါးကို ဆောင်းသီးနှံလောက်ပဲ စိုက်လို့ရတယ်။ လယ်မြေလည်း နည်းတဲ့အတွက်ကြောင့် ဆင်းရဲသား လယ်သမားတွေ၊ တောင်သူကျေးရွာသားတွေဟာ ဘာလုပ်ရသလဲဆိုရင် နွားတွေကို တစ်နိုင်မွေးတယ်။ အဲဒီလိုမွေးပြီးတော့ သူတို့ဘဝရှုန်းကန်ပြီးတော့ နေကြရတယ်။ အဲဒါကို ဒီစားကျက်ကျူးတဲ့လူတွေက တစ်ဘက်ကျေးရွာအုပ်စု စားကျက်ကျူးတဲ့ လူတွေဟာ ဒီလူတွေက ပိုက်ဆံလည်းချမ်းသာတယ်။ သူတို့မှာလည်းနဂိုက သူတို့ကျေးရွာအုပ်စု မှာလည်း လယ်မြေတွေရှိလျက်နဲ့ အဲဒီက ကျူးကျော်ပြီးတော့ လယ်မြေတွေကိုထွန်စက်တွေနဲ့ ဒီဘက်ခေတ်မှာပိုပြီးတော့ ဆိုးလာသေးတယ်။ ထွန်ယက်စိုက်တော့ စားကျက်ကပျောက်သွားတယ်။ ဒီကျေးရွာအုပ်စုမှာ ရွာသားတွေဟာ သူတို့မွေးမြူထားတဲ့ နွားကောင်ရေပေါင်း ၇၀၀ ကျော်ရှိတယ်။ အဲဒီ ၇၀၀ ကျော်ရှိပေမဲ့ သူတို့ဒီစားကျက်ပေါ်မှာကျောင်းရဖို့အတော်အခက်အခဲဖြစ်နေတယ်။ ဖြစ်နေတဲ့အခါကျတော့ သူတို့စားကျက်ပေါ်မှာ တကယ်လို့ကလေးတွေနဲ့ အမှတ်တမဲ့ကျောင်းလိုက်တဲ့ အခါမှာ အဲဒီစားကျက်ကျူးထားတဲ့သူတွေက အုပ်စုဖွဲ့ပြီးတော့ နွားတွေကိုမောင်းထုတ်တယ်။

လောက်လေးနဲ့ပစ်တယ်။ တုတ်နဲ့ရိုက်တယ်။ နောက်တစ်ခါ တချို့ဆို ဓားနဲ့ခုတ်တယ်။ အဲဒီတော့ တချို့ဆိုရင် ဒါကြောင့်မို့လို့ နွားတွေ ဒဏ်ရာတွေရတယ်၊ မျက်စိတွေကန်းတယ်။ တချို့ဆိုရင် ဓားခုတ်ခံရလို့ တစ်ကောင်သေသွားတယ်။ အဲဒီလိုဖြစ်တဲ့အပြင်ကို နွားကျောင်းတဲ့ကလေးတွေကိုလည်း ဒီစားကျက်ကျူးတဲ့ပုဂ္ဂိုလ်တွေက ထိုးကြိတ်ရန်ပြုတဲ့ကိစ္စတွေရှိတယ်။ အဲဒါကြောင့်မိုလို့ အခုဘယ်လို ဖြစ်နေလဲဆိုရင် ပွဲသာကျေးရွာအုပ်စုက နွားမွေးမြူတဲ့လူတွေနဲ့ ပွဲသာကျေးရွာအုပ်စုကို လာကျူးကျော် နေတဲ့လူတွေက တစ်နေ့နေ့တစ်ချိန်ချိန်မှာ အုပ်စုဖွဲ့ပြီးတော့ ရိုက်ပွဲ၊ သတ်ပွဲတွေဖြစ်ဖို့အခြေအနေထိ စိုးရိမ်စရာအခြေအနေကို ရောက်နေပါတယ်။ ဒါတွေဟာ တကယ်တော့ ဒီနေရာတွေဟာ တကယ့်ကို စိုက်ပျိုးဖို့လည်း အဆင်မပြေဘူး။ ဆင်းရဲသားတွေအများစုရှိတယ်။ အဲဒီတော့ ဒီလူတွေရဲ့ စားဝတ်နေရေးက မွေးမြူရေးပဲ အဓိကထားရတာ။ အဲဒီတော့ အဲဒီဟာကို။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း ရဲ့ လက်ရှိလယ်မြေပါ စားကျက်မြေမှာတည်ရှိနေတဲ့ဧကတွေပေါ်မှာ သက်ဆိုင်ရာဆက်စပ်ပြီးတော့ နေထိုင်ကြတဲ့ ကျေးလက်ပြည်သူများနှင့် ညှိနှိုင်းပေါင်းစပ်ပြီးတော့ အခု လက်ရှိ အဲဒီကျန်ရှိနေခဲ့တဲ့ စားကျက်မြေတွေကို မည်သို့မည်ပုံဆောင်ရွက်မယ်လဲဆိုတာကို တိတိကျကျမူဝါဒလေးတစ်ခုသတ်မှတ် ပြီးတော့ ဆောင်ရွက်သင့်ပါကြောင်းအဆိုကို ကျွန်တော် ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။

ကျွန်တော်တို့ လက်ရှိအစိုးရတက်လာတဲ့အချိန်အခါမှာ လယ်ယာမြေအမှုများနှင့်ပတ်သက် ပြီးတော့ စားကျက်အမှုများနှင့်ပတ်သက်လို့ကတော့ ကျွန်တော်တို့ တော်တော်ဖြေရှင်းဆောင်ရွက်နေ ရတာရှိပါတယ်။ လယ်မြေအမှုတွေကိုကတော့ ၂၀၁၂ ခုနှစ်၊ မြေယာဥပဒေအရ လယ်စီ၊ လယ်စစ်တို့ ကနေပြီးတော့ စစ်ဆေးတဲ့အခါမှာ သူ့အပိုင်းနှင့်သူ မှန်တာမမှန်တာအပထား ကျွန်တော်တို့ တစ်ဖက်က မီးငြိမ်းနေသော်လည်းပဲ စားကျက်မြေနှင့်ပတ်သက်လို့ကတော့ ကျွန်တော်တို့မှာ ဥပဒေပြဋ္ဌာန်းချက်က ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက်ပိုင်း ဒီနေ့အထိ ဘာမှ ရှိခဲ့တာ အတိအကျမရှိပါဘူး။ ၁၈၇၆

ခုနှစ် လွတ်လပ်ရေးမရမီက ကျွန်တော်တို့ အထက်မြန်မာပြည်၊ အောက်မြန်မာပြည် လယ်ယာမြေနှင့် မြေခွန်ဥပဒေများကို ပြဋ္ဌာန်းပြီးတော့ အောက်မြန်မာပြည်ဥပဒေအရ ၉၁ ကနေပြီးတော့ ၁၀၀ ကျော်အထိကို ပြဋ္ဌာန်းပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ခဲ့တဲ့နေရာမှာ ၁၉၈၈ ခုနှစ် မတိုင်မီထိဟာ စားကျက်မြေဟာ စားကျက်မြေအတိုင်းပဲရှိပြီးတော့ ဘာမှပြဿနာမပေါ်ခဲ့ပါဘူး။ ဒီစားကျက်မြေများကိုထားခြင်းဟာလည်းပဲ အဓိက ကျွန်တော်တို့မြန်မာနိုင်ငံက လယ်ယာလုပ်သား တွေဟာ ကျွဲ၊ နွားကို အမှီပြုပြီးတော့ မိမိရဲ့ဝမ်းစာရှာ တိုင်းပြည်ရဲ့အကျိုးကို ဆောင်ရွက်နေကြတဲ့ အခြေခံလူတန်းစားတွေအတွက် ကျွဲ၊ နွားများစားဖို့လို့၊ လွှတ်ပြီးတော့ ထိန်းကျောင်းဖို့လို့ထားတဲ့မြေ တွေဆိုတာ ယခင်ကတည်းက အစိုးရက သီးခြား။ ကိုလိုနီအစိုးရလက်ထက်ကတည်းက ပေးသွားတဲ့ မြေတွေပဲဖြစ်ပါတယ်။

သို့သော်လည်းပဲ ၁၉၈၈ ခုနှစ်နောက်ပိုင်းကျလာတဲ့အခါကျတော့ ဥပဒေကလည်း ပြဋ္ဌာန်းမှု မရှိဘူး။ အသစ်ပြဋ္ဌာန်းထားတာမရှိဘူး။ ပြဋ္ဌာန်းထားတာမရှိတဲ့အခါကျတော့ အဲဒီမှာ တစ်စတစ်စနှင့် တပ်ရင်းတပ်ဖွဲ့တွေ၊ လက်နက်ကိုင်အခြားအဖွဲ့အစည်းတွေ၊ ပုဂ္ဂလိကတွေ၊ ကုမ္ပဏီတွေကို စားကျက်ပယ်ဖျက်ခွင့်အမိန့်တွေချပြီးတော့ လယ်ယာလုပ်ပိုင်ခွင့်တွေပေးခဲ့ပါတယ်။ အဲဒီလို လယ်ယာလုပ်ပိုင်ခွင့်တွေပေးလာတဲ့အခါမှာ နောက်ပိုင်းတစ်စတစ်စနှင့် လယ်သမားတွေကိုယ်တိုင်က သူတို့နဲ့ တစ်ဆက်တစ်စပ်တည်းရှိတဲ့ဟာတွေ တိုးလာတယ်။ မြို့ပေါ်ကနေပြီးတော့ ငွေရေးကြေးရေး ရှိတဲ့ ပုဂ္ဂိုလ်တွေက လယ်မြေတွေကို သွားတိုးပြီးတော့ လုပ်ခဲ့ကြတယ်။ လုပ်ရင်းလုပ်ရင်းနဲ့က ၂၀၁၆-၂၀၁၇ မြေယာစီမံခန့်ခွဲရေးအဖွဲ့ရဲ့ထုတ်ပြန်ချက်အရဆိုလို့ရှိရင် လယ်မြေဧကပေါင်းခုနစ်သိန်းကျော် ရှိပါတယ်လို့ ပြောသော်လည်းပဲ တကယ့်ကွင်းပြင်အနေအထားမှာကြည့်ရင်တော့ စားကျက်က လုံးဝ မရှိတော့တာကို တွေ့ရမှာဖြစ်ပါတယ်။

ဒီလိုဖြစ်လာတဲ့ဟာနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဥပဒေအရ ရှင်းတဲ့အခါမှာလည်းပဲ ၁၈၇၆ ခုနှစ် ဥပဒေအရကြည့်မယ်ဆိုလို့ရှိရင် စားကျက်မြေကို ကျူးကျော်တယ်ဆိုလို့ရှိရင် ဒဏ်ငွေ ၂၀၀၊ ထောင်ဒဏ်တစ်လ နှစ်ရပ်ပေါင်းလို့လည်း ဒဏ်ရိုက်လို့ရပါတယ်။ နှစ်ရပ်ပေါင်းလို့လည်း ပြဏ်ဒဏ်ပေးလို့ရပါတယ်။ သို့သော်လည်းပဲ ဒီခေတ်ဒီအခါ၌ကြည့်တဲ့အခါကျတော့ ဒီဒဏ်ငွေ ၂၀၀ နဲ့ ထောင်ဒဏ်တစ်လကို ဘယ်သူကမှ မကြောက်ဘဲနဲ့ စားကျက်မြေတွေကို ကျူးကျော်မြဲကျူးကျော်တဲ့ အခါကျတော့ ကျွန်တော်တို့ ဒီခေတ်မှာ လက်မှုလယ်ယာကနေပြီးတော့ စက်မှုလယ်ယာကိုပြောင်းမယ် ဆိုပြီးတော့ လုပ်သော်လည်းပဲ ဧရာဝတီတိုင်းကိုကြည့်မယ်ဆိုရင် ကျွန်တော်တို့မှာ မြေနိမ့်ပိုင်းတွေ

အများကြီးရှိပါတယ်။ မိုးရွာပြီဆိုတာနဲ့ စက်ဝင်လို့မရတဲ့အခါကျတော့ ကျွဲ၊ နွားကိုပဲ အားကိုးရတော့ စားကျက်ပျောက်တော့ လယ်သမားပါ ဗိုက်မှောက်ရတဲ့အဆင့်သွားရှိနေတာကို တွေ့ရပါတယ်။

သို့သော်လည်းပဲ တိုင်းပြည်ရဲ့ရေရှည်အကျိုးစီးပွားအတွက် လက်မှုလယ်ယာစနစ်ကနေ စက်မှုလယ်ယာစနစ်ကိုပြောင်းတယ်ဆိုတာ ကျွန်တော်တို့ လက်ခံပါတယ်။ တစ်တိုင်းတစ်ပြည်လုံး လက်ခံမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ ခုနကလို စက်ကတကယ်အသုံးပြုလို့မရတဲ့နေရာတွေကျတဲ့အခါကျတော့၊ ကျွန်တော်တို့ ကျွဲ၊ နွားတွေနဲ့ပဲလုပ်ရတဲ့အခါကျတော့ အခုလို စားကျက်တွေပျောက်လာတဲ့အခါမှာ ကျွဲ၊ နွားပိုင်ရှင်တွေက တော်တော်ကို ဒုက္ခရောက်ပါတယ်။ အခုနောက်ပိုင်းမှာ ဒုတိယအကြိမ် လွှတ်တော်အစမှာ စားကျက်မြေနှင့်ပတ်သက်လို့ ကျွန်တော်ဆွေးနွေးပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနကလည်း ဆောင်ရွက်ပေးပါတယ်။ သို့သော်လည်းပဲ အောက်ပိုင်းမှာ ဘာဖြစ်လာလဲဆိုတော့ စားကျက်မြေမကျူးကျော်ရ။ ဥပဒေအရ တရားစွဲမယ်ဆိုတဲ့ဆိုင်းဘုတ်တွေ သွားထောင်ပါတယ်။ ဘာဆိုင်းဘုတ်လဲဆိုတော့ ဗီနိုင်းဆိုင်းဘုတ်တွေထောင်ပါတယ်။ ထောင်တဲ့နေရာ လယ်က တခြား၊ ကျူးကျော်တာက တခြား၊ ကျွန်တော်တို့ ထောင်တဲ့နေရာကတခြား ရက်သတ္တပတ်တောင်မပြည့်ဘူး။ ဆိုင်းဘုတ်ကြီးက လေထဲလဲသွားတယ်။ နောက်ပျောက်ဆုံးသွားတယ်။ ကျူးကျော်တဲ့သူက ကျူးကျော်မြဲ ကျူးကျော်တယ်။ ဥပဒေအရ အရေးယူမယ်ဆိုရင် အရေးယူမယ့်လူမရှိတဲ့အခါကျတော့ ဒီနေ့ စားကျက်မြေပျောက်တာဟာ ဘယ်ဥပဒေနဲ့ရှင်းရမယ်ဆိုတာ အခြေအနေက မပေါ်လာဘူးဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီစားကျက်မြေကို စားကျက်အဖြစ် ပြန်ပေါ်ဖို့၊ ရဖို့ဆိုတာဟာလည်းပဲ ကျွန်တော်တို့တစ်ဖက်က တိုင်းပြည်ရဲ့ နိုင်ငံခြားငွေရရှိရေးအတွက် လယ်ယာစိုက်ပျိုးရေးကိုလည်း အဓိကထားတာဖြစ်တဲ့အတွက် စက်ဝင်လို့ရနိုင်တဲ့နေရာတွေမှာ ကျွဲ၊ နွား အင်အားနည်းတယ်ဆိုလို့ရှိရင် အဲဒီနေရာတွေကို စားကျက်ကနေပယ်ဖျက်ပြီးတော့ လယ်အဖြစ်ပေးသင့်ပါတယ်။ သို့သော်လည်းပဲ ကျွဲ၊ နွားများပြီးတော့ ကျွဲ၊ နွားနှင့်သာလျှင် လယ်ယာလုပ်ငန်းကို လုပ်ကိုင်နိုင်တဲ့နေရာကျလို့ရှိရင်တော့ ဒါကျွဲ၊ နွားထားဖို့ စားကျက်တွေကို၊ ကျွဲ၊ နွားတွေစားဖို့ စားကျက်တွေကို ဆက်လက်ပြီးတော့ ထားရှိဖို့သင့်ပါတယ်။ ဒါမှသာလျှင် ကျွန်တော်တို့ရဲ့ စီးပွားရေးလုပ်ငန်းဟာ ရေရှည်မှာ များစွာတည်တံ့မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လက်ပံတန်းမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းတင်ပြတဲ့ လက်ရှိရှိနေတဲ့ စားကျက်တွေရဲ့အနေအထားကို ဥပဒေအရလုပ်လို့ရမယ်ဆိုလို့ရှိရင်လည်း ဥပဒေနှင့်အညီလုပ်ဆောင်နိုင်ရေးအတွက် ဥပဒေတိတိကျကျပြဋ္ဌာန်းပါ။ ဒါမှမဟုတ်လို့ရှိရင်

လုပ်ထုံးလုပ်နည်းနဲ့ ဥပဒေ၊ နည်းဥပဒေနဲ့ မပြဋ္ဌာန်းနိုင်ရင်တောင်မှ ညွှန်ကြားချက်တွေနှင့်အညီ စားကျက်ကို စားကျက်ပဲထားနိုင်တဲ့နေရာတွေမှာ ထိထိမိမိဆောင်ရွက်နိုင်ရေးအတွက် ပြဋ္ဌာန်းဖို့သင့်ပါတယ်။ ဒါမှမဟုတ်လို့ရှိရင်လည်းပဲ ကျွန်တော်တို့ စားကျက်အဖြစ်မထားဘဲနဲ့ လုပ်မယ့်နေရာတွေ ကျလို့ရှိရင်လည်းပဲ ဒီစားကျက်ကိုပယ်ဖျက်ပြီးတော့ သက်ဆိုင်ရာ ကျေးရွာ၊ နီးစပ်တဲ့ရွာတွေနဲ့ ပြည်သူလူထုရဲ့သဘောထားကိုခံယူပြီးတော့ ဆောင်ရွက်သင့်ပါတယ်ဆိုတာကို ကျွန်တော်ထောက်ခံဆွေးနွေးတင်ပြနိုင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(သာပေါင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ သာပေါင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း ဖြစ်ပါတယ်။ လက်ပံတန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း တင်သွင်းတဲ့ စားကျက်မြေနဲ့ပတ်သက်လို့ လတ်တလော လက်တွေ့ကျကျအသုံးပြုနိုင်ရေးနောက် ဒီကိစ္စနှင့်ပတ်သက်လို့ မူဝါဒ ဆောလျင်စွာချမှတ်နိုင်ရေးဆိုတဲ့ကိစ္စကို အဓိကထားဆွေးနွေးသွားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စားကျက်မြေတွေနဲ့ပတ်သက်လို့ ကိုလိုနီခေတ်ကတည်းက ဥပဒေတွေ၊ နည်းဥပဒေတွေ၊ မြေခွန်တွေသတ်မှတ်ခဲ့တာပါ။ အောက်မြန်မာပြည်၊ အထက်မြန်မာပြည် ဒီလိုအမျိုးမျိုးသတ်မှတ်လာတဲ့အခါကျတော့ ဒီကိစ္စကို အဆိုရှင်ကလည်း ဒါကို တင်ပြပြီးသားဖြစ်တဲ့အခါကျတော့ ဒီအပေါ်မှာ ဆက်စပ်နေတာက အဆိုရှင်ရဲ့သဘောတရားက လက်တွေ့ကျကျအသုံးပြုနိုင်ရေးအတွက် မူဝါဒကို ဆောလျင်စွာချမှတ်ရေးဆိုတဲ့ကိစ္စပါ။ အဲဒီတော့ ဒီအပေါ်ကိုပြန်သုံးသပ်ကြည့်တဲ့အခါမှာ ကျွန်တော်တို့ လက်ရှိတွေ့နေတဲ့အခြေအနေ၊ လက်ရှိတည်ဆဲဥပဒေတွေဟာ တကယ်အကျိုးပြုပြီလား။ ကျွန်တော်တို့တိုင်းပြည်ကို တကယ်အကျိုးပြုနေပြီလား။ အကျိုးမဖြစ်တော့ဘူးလားဆိုတာ သုံးသပ်ရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီတော့ တည်ဆဲဥပဒေတွေအရ အခုနတုန်းကလည်း ကျွန်တော့်ရှေ့က ဆရာဦးတင်ထွေး ဆွေးနွေးသွားပြီးပါပြီ။ သူတို့ရဲ့ပြစ်မှု၊ ပြစ်ဒဏ်တွေဟာ စားကျက်ကျူးတွေအတွက်ကတော့ ကျွန်တော်တို့ အလေးအနက်ထားမှာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ထိရောက်မှုမရှိဘူး။ အဲဒီတော့ ထိရောက်မှုမရှိတဲ့အခါကျတော့ ဘာဖြစ်လဲဆိုတော့ ဥပဒေကလျော့နည်းတယ်။ အကောင်အထည်မပေါ်ဘူး။ လုပ်ဆောင်ရမယ့်ပုဂ္ဂိုလ်တွေက ကော်လိတ္တော်အရာရှိတွေ၊ ခရိုင်အုပ်ချုပ်ရေးမှူးအဆင့်တွေ၊ နောက် တရားရုံးရောက်မယ်ဆိုတော့ အမှုက အမှုရဲ့ပြစ်ဒဏ်တွေနဲ့မကိုက်ညီတဲ့အခါကျတော့ ဒီကိစ္စတွေက ပေါ့ပေါ့ပျက်ပျက်နဲ့ပဲ ကျွန်တော်တို့ ရှေ့ကိုမရောက်ပါဘူး။ အဲဒီတော့

ကျွန်တော်တို့ မြို့နယ်တိုင်း၊ မြို့နယ်တိုင်းမှာ ရင်ဆိုင်နေရတာက ပြဿနာတွေရှင်းရတာ၊ နောက် အမှုအခင်းတွေပေါ်များနေတာ ဒါတွေနဲ့ပဲ လုံးချာလိုက်နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီတော့ ကိုလိုနီခေတ်ကပြဋ္ဌာန်းခဲ့တဲ့ ဒီဥပဒေတွေဟာ အောက်မြန်မာပြည်ဆိုလည်း နှစ်နဲ့တွက်လို့ရှိရင်တော့ ၁၄၁ နှစ်လောက်ရှိနေပြီ။ အထက်မြန်မာပြည်ဆိုရင်တော့ ၁၂၈ နှစ်လောက်ဖြစ်နေပြီ။ အဲဒီတော့ ရာစုတစ်နှစ်ကျော်နေပါပြီ။ ရာစုတစ်နှစ်လောက်ကျော်နေတဲ့ ဒီကာလဟာ လက်ရှိအခြေအနေနဲ့တော့ လုံးဝကိုက်ညီမှုမရှိပါဘူးခင်ဗျား။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ၊ တိုင်းပြည် အတွက် တကယ်တာဝန်ယူရမယ့် ပုဂ္ဂိုလ်တွေအနေနဲ့ တိုင်းပြည်အတွက်အကျိုးမဖြစ်တဲ့၊ တိုင်းပြည် အတွက် ဘယ်လိုမှအခြေအနေကောင်းတွေကို မဖန်တီးနိုင်တဲ့ လက်ရှိတည်ဆဲဥပဒေတွေကိုတော့ ကျွန်တော်တို့ ပြုပြင်ဖို့လိုအပ်ပါတယ်လို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းချင်ပါတယ်။ ထောင်ဒဏ်တွေ၊ ဒဏ်ကြေးငွေတွေက အားနည်းတဲ့အခါကျတော့ စားကျက်မြေတွေကို ကျူးကျော်ချင်တဲ့သူတွေ ကလည်း ကျူးကျော်စရာဖြစ်နေပါတယ်။

နောက်တစ်ခုက စားကျက်မြေတွေမှာ ခေတ်စနစ်တွေအများကြီးပြောင်းလဲခဲ့ပြီ။ ပြောင်းလဲတဲ့ အခါကျတော့ သုသာန်မြေတွေ၊ ဘုန်းကြီးကျောင်းမြေတွေ၊ ရွာမြေတွေ၊ နောက် အခြားအသုံးပြုတဲ့ မြေကြီးတွေ အမျိုးမျိုးဖြစ်ခဲ့တယ်။ အဲဒီတော့ အဲဒီလိုဖြစ်တဲ့အခါကျတော့ စနစ်တွေ၊ စနစ်တွေအရ လက်ဦးမှုရယူတဲ့ အဖွဲ့အစည်းတွေကလည်း ရှိနေပါတယ်။ လက်ဦးမှုရယူတဲ့အဖွဲ့အစည်းတွေရှိတဲ့အခါ ကျတော့ ကျွန်တော်တို့က အဆိုရှင်တင်ပြထားတဲ့အထဲ အခုနက လယ်မဲ့၊ ယာမဲ့တွေကိုလည်း ထည့်သွင်းစဉ်းစားပေးဖို့ ကျွန်တော် အကြံပြုချင်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော့်မြို့နယ်ရဲ့ အခြေ အနေတစ်ခုကို တင်ပြချင်ပါတယ်။ ကျွန်တော့်မြို့နယ်မှာ စားကျက်မြေဧကပေါင်း ၁၇၆၄၆ ဧကရှိပါ တယ်။ ဒါပေမဲ့ စိုက်ပျိုးမြေအဖြစ်က ဧက ၁၅၀၀၀ ကျော်ဖြစ်နေပါပြီ။ ရာခိုင်နှုန်းနဲ့တွက်ကြည့်မယ် ဆိုရင် ၉၀ ရာခိုင်နှုန်းကုန်နေပါပြီ။ အုပ်စုပေါင်း ၄၂ အုပ်စုမှာ နှစ်အုပ်စုကတော့ လုံးဝကင်းလွတ်ပါ တယ်။ ၄၀ အုပ်စုကတော့ အကုန်လုံးအသုံးပြုနေပါတယ်။ အဲဒီတော့ ဒီအပေါ်မှာ ကျွန်တော်တို့ဟာ လက်တွေ့ကျတဲ့၊ လက်တွေ့အသုံးဝင်မယ့်ဗျူဟာ တစ်နည်းအားဖြင့် မူဝါဒကို ချမှတ်ဖို့ လိုအပ်နေပါပြီ။ ဒါကြောင့်မို့လို့ ကျွန်တော် အဆိုရှင်ရဲ့ အဆိုကို ထောက်ခံတာပါ။

နောက်တစ်ချက် ကျွန်တော် ဆွေးနွေးချင်တဲ့အပိုင်းကတော့ ဒီစားကျက်မြေတွေဟာ ပယ်ဖျက် ခွင့်ရှိပါတယ်။ သစ်တောမြေ၊ စားကျက်မြေ၊ အင်းအိုင်မြေ တကယ်လို့ ပယ်ဖျက်မယ်ဆိုရင် မြေရိုင်းဖြစ် သွားပါမယ်။ မြေရိုင်းဖြစ်ချင်ရင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံ

ခန့်ခွဲရေးဥပဒေအရ ပုဒ်မ ၂ ပုဒ်မခွဲ(စ)မှာ အတိအကျပြဋ္ဌာန်းထားပါတယ်။ အဲဒီတော့ ဒီနည်းလမ်းနဲ့ ကျွန်တော်တို့ အစိုးရအနေနဲ့ ကျကျနနအကောင်အထည်ဖော်ဖို့ လိုအပ်ပါတယ်။ နောက်တစ်ချက်က အားနည်းချက်တစ်ခုရှိပါတယ်။ အဲဒါကတော့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၃၈ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၁)၊ (၂)မှာတော့ လုပ်ကွက်ငယ်၊ စီးပွားဖြစ်၊ စီးပွားမဖြစ်တို့ ဥပဒေ သတ်မှတ်ချက်တွေကလည်း ဝေဝါးနေတဲ့အခါကာလမှာ ကျွန်တော်တို့အနေနဲ့ တစ်သမတ်တည်းရှိတဲ့ ဥပဒေတွေကို သတ်မှတ်ပြဋ္ဌာန်းပြီးတော့ အကောင်အထည်ဖော်ဖို့လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ နိဂုံးချုပ်ပြောရရင်တော့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(မူကြမ်း) နိုင်ငံသားတွေရဲ့ အခွင့်အရေးတွေနဲ့ပတ်သက်လို့ ပုဒ်မ ၃၄၇ မှာ လူတိုင်းဟာ ဥပဒေအရာမှာ တူညီရမယ်ဆိုတာကို ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မှော်ဘီမဲဆန္ဒနယ်မှ ဦးအောင်ဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဝင်း(မှော်ဘီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များကို ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ မှော်ဘီမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လက်ပံတန်းမဲဆန္ဒနယ်က ဦးကျော်မင်း တင်သွင်းခဲ့တဲ့ စားကျက်မြေများနဲ့ပတ်သက်တဲ့အဆိုကို ကျွန်တော် ထောက်ခံဖြည့်စွက်အကြံပြုသွားမှာဖြစ်ပါတယ်။ ဒီစားကျက်မြေများနှင့်ပတ်သက်လို့ ကျွန်တော်တို့မြို့နယ်မှာ စားကျက်မြေ ၂၉ ခုရှိပါတယ်။ ကျွန်တော့်ကို Power Point ဖြင့် တင်ပြခွင့်ပြုပါ ခင်ဗျား။ ဒါက မှော်ဘီမြို့နယ်မှာရှိနေတဲ့ စားကျက်မြေ ၂၉ ခုပါ။ ဧရိယာအားဖြင့် စားကျက်မြေက အားလုံးပေါင်းလိုက်ရင် ၁၁၈၆၈.၄၂ ဧကရှိပါတယ်။ အဲဒီနေရာမှာ ဒီစားကျက်မြေတွေဟာ ဒီနည်းအမျိုးမျိုးနဲ့ ဝင်ရောက်လုပ်ကိုင်နေထိုင်ခဲ့ကြတာကို တွေ့ရပါတယ်။ အဲဒီမှာ အထူးသဖြင့် ပြောရရင် နိုင်ငံတော်ရဲ့ မှားယွင်းတဲ့စီမံခန့်ခွဲမှုတွေအရလည်း စားကျက်မြေတွေက ပျက်ခဲ့ပါတယ်။ ကျွန်တော်တို့ မှော်ဘီမှာ ညောင်နှစ်ပင်ဆိုတာကို အားလုံးမှတ်မှတ်ထင်ထင်ရှိကြပါလိမ့်မယ်။ ဒီညောင်နှစ်ပင်မှာ သီးနှံဇုန်ဆိုပြီးတော့ အကြီးအကျယ်စီမံကိန်းကြီးတစ်ရပ်လုပ်ခဲ့တယ်။ အဲဒီတော့ အဲဒီဟာအတွက် စားကျက်မြေ ညောင်နှစ်ပင်ဧရိယာကနေပြီးတော့ ၁၅၈၇ ဧက စားကျက်မြေကနေ ပလပ်ခဲ့တယ်။ နောက် သန္ဓေပင်ကျေးရွာကနေပြီးတော့ ၁၂၃ ဧက၊ နောက် ဘိုးဒေါနကုန်းကလည်း ၁၅၀ ဧက စသဖြင့် အဲဒီလို ဧကတွေ ဧကတွေ စားကျက်မြေဧကတွေကို ပလပ်ပြီးတော့ သီးနှံစိုက်ပျိုး

ရေးဇုန်လုပ်ခဲ့တာဟာ လုံးဝမအောင်မြင်ဘဲနဲ့ သီးနှံဇုန်လည်းမဖြစ်၊ စားကျက်မြေအားလုံးလည်းပျက်၊ ရွာသားတွေလည်း အဲဒီဟာ မခံစားရဘဲနဲ့ အဲဒီဟာတွေကိုရောင်းချကြတဲ့ ရောင်းချမြေတွေပဲဖြစ်သွားကြပါတယ်။

နောက်တစ်ခုကတော့ ဒီစားကျက်မြေတွေကို အခု ကျွန်တော်တို့ မှော်ဘီမြို့နယ်မှာဆိုရင် တခြားနေရာတွေနဲ့ ကွဲပြားတာက စားကျက်မြေအမှု ဘာမှမဖြစ်ဘူး။ စားကျက်မြေကိုကျူးကျော်တဲ့အတွက် တရားစွဲတာ ကျွန်တော် တစ်ခါမှမကြားဖူးဘူး။ ဒါ ကျွန်တော်တို့ မှော်ဘီမြို့နယ်ရဲ့ အနေအထားကို ပြောပြတာပါ။ အဲဒီတော့ အဲဒီနေရာမှာ စားကျက်မြေတွေကို ကျေးရွာအုပ်ချုပ်ရေးမှူးတွေကနေပြီးတော့ အခကြေးငွေနဲ့ ကျူးကျော်ခွင့်တွေပေးထားတဲ့သဘောရှိပါတယ်။ ဒါကို စားကျက်မြေတွေထဲမှာတော့ လူတွေဝင်ရောက်စိုက်ပျိုးနေကြတာတွေ၊ နေထိုင်ကြတာတွေ အများကြီးရှိပါတယ်။ ဒါက စားကျက်မြေရဲ့ လူတွေဝင်ရောက်ခဲ့တဲ့ ဒုတိယအကြောင်းပါပဲ။ နောက်တစ်ခုကတော့ ကျွန်တော်တို့ မြို့နယ်မှာ စားကျက်မြေကို ကျွန်တော်တို့က တပ်မတော်အတွက်၊ ဦးပိုင်စက်ရုံများအတွက်၊ သံမဏိစက်ရုံအတွက် စသဖြင့် ပလပ်ခဲ့တာဟာ ဧကပေါင်း ၆၇၇၂ ဧကကျော်ရှိပါတယ်။ ဒါကလည်း စားကျက်မြေတွေကို ဆုံးရှုံးခဲ့တဲ့အတိုင်းပါပဲ။ ဒီနေရာမှာ ကျွန်တော် ပြောချင်တာက စားကျက်မြေဆိုသည်မှာ ကျေးရွာသူကျေးရွာသားများအတွက်သာ ရည်ရွယ်ထားတဲ့အတွက် တကယ်လို့များ ပလပ်မယ်ဆိုရင်တောင် ကျေးရွာသူကျေးရွာသားများအကျိုးအတွက်ကို ထည့်ပြီးစဉ်းစားစေချင်ပါတယ်။

နောက်တစ်ခုကတော့ ဒီမှာ အဆိုးဆုံးကိစ္စဟာ စားကျက်မြေကို နိုင်ငံရေးပါတီတချို့ကနေပြီးတော့ မဲဆွယ်တဲ့ကိရိယာအဖြစ် သုံးခဲ့တာတွေလည်းရှိပါတယ်။ ဒါတွေက တိတိကျကျပြောလို့ရပါတယ်။ အဲဒီတော့ စားကျက်မြေထဲမှာ နေခွင့်ရမယ်ဆိုလို့ရှိရင် တို့ပါတီကိုမဲထည့်ရမယ်။ တို့ပါတီကိုမဲမထည့်ရင် စားကျက်မြေထဲကထွက်ရမယ်။

**ဥက္ကဋ္ဌ**။ ။ စားကျက်မြေနဲ့ပတ်သက်တာ ဆွေးနွေးတဲ့အခါမှာ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်ကို နည်းဥပဒေအရ ဆွေးနွေးခွင့်မရှိပါဘူး။ ရိုးရိုးတန်းတန်းပဲ ဆွေးနွေးပါ။

**ဦးအောင်ဝင်း(မှော်ဘီမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌခင်ဗျား။ အဲဒီလိုရှိခဲ့တဲ့အတွက် စားကျက်မြေတွေက နည်းအမျိုးမျိုးနဲ့ ပျက်ပြယ်ခဲ့ရပါတယ်။ အဲဒီနောက် ပြန်ပြီးတော့ အခု ဒီစားကျက်မြေတွေကို အကြောင်းကြောင်းကြောင့် အဆိုရှင်ရဲ့ဟာအတိုင်း ပလပ်ပြီးတော့ စိုက်ပျိုးမြေတွေ၊ ရွာမြေတွေ ဆောင်ရွက်မယ်ဆိုလို့ရှိရင် အဲဒီနေရာမှာ ကြုံတွေ့ရမှာက ဒီစားကျက်မြေတစ်ခုနဲ့တစ်ခုဖြစ်ပေါ်လာ

ပုံချင်းမတူဘူး။ မတူခဲ့တဲ့အတွက် အဲဒါတွေကို ပြည်ထဲရေးကနေပြီးတော့ ပလပ်ခဲ့လို့ရှိရင်လည်း ဒါဟာ တိုက်ရိုက် လက်ရှိနေတဲ့လူတွေ ရမှာမဟုတ်ဘဲနဲ့ State Land အဖြစ် ပြန်ဖြစ်သွားတော့မှာပါပဲ။ အဲဒီအခါမှာ State ကနေပြီးတော့ ဒါတွေကို ကျွန်တော်တို့ စီမံခန့်ခွဲရမှာဖြစ်ပါတယ်။ အဲဒီအခါမှာ မူရင်းစားကျက်မြေတွေရဲ့ဖြစ်ပေါ်လာပုံတွေကို ပြန်လည်ကြည့်ပြီးတော့ အဲဒီအပေါ်မှာ စီမံခန့်ခွဲမှသာ အဆင်ပြေလိမ့်လို့ ကျွန်တော် ယူဆပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင်ရဲ့ တစ်နိုင်ငံလုံးရှိတဲ့ စားကျက်မြေများနဲ့ပတ်သက်ပြီးတော့ စနစ်တကျခန့်ခွဲဖို့အတွက် ဥပဒေများနှင့်သတ်မှတ်ပြီး ဆောင်ရွက်ဖို့ဆိုတဲ့ နေရာမှာ မူလစားကျက်မြေကနေပြီးတော့ ပြောင်းလဲသွားတဲ့သဘောတရားတွေအပေါ်ကိုအခြေခံပြီး ကြည့်မှသာ အမှန်တရားရမယ်လို့ တင်ပြလိုပါတယ်။ နောက်တစ်ခု တချို့စားကျက်မြေတွေဟာ ရွာလုံးလုံးဖြစ်နေပါပြီ။ အိမ်တွေဖြစ်နေတယ်။ တချို့စားကျက်မြေတွေဟာ လယ်တွေစိုက်ပျိုးထား တာရှိပါတယ်။ အဲဒီတော့ တစ်ခုနဲ့တစ်ခုနဲ့ သဘောသဘာဝချင်းမတူပါဘူး။ ဒါကြောင့်မို့လို့ ပြန်လည်ပြီး တော့ နိုင်ငံတော်ကနေပြီးတော့ စီမံခန့်ခွဲခဲ့တဲ့အခါမှာ ပြောင်းလဲခဲ့တဲ့အခြေအနေများအပေါ်မူတည်ပြီး ဆောင်ရွက်မှသာ အဆင်ပြေလိမ့်မယ်လို့ ကျွန်တော် အကြံပြုလိုပါတယ်။ နောက်တစ်ခုကတော့ ဒီစားကျက်မြေအားလုံးဟာ စနစ်တကျဆောင်ရွက်ရမှာဖြစ်တဲ့အတွက် အဆိုရှင်ရဲ့ စားကျက်မြေ အားလုံးအပေါ်မှာ ရွာမြေ၊ လယ်မြေ စသဖြင့် ဒါတွေကို ကျွန်တော်တို့က စနစ်တကျဆောင်ရွက်ဖို့ တိုက်တွန်းတဲ့အဆိုကို ထောက်ခံရင်းနဲ့ အကြံပြုဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လပွတ္တာမဲဆန္ဒနယ်မှ ဒေါက်တာအေးကြူ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာအေးကြူ(လပွတ္တာမဲဆန္ဒနယ်)**။ ။ လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေ၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော်တွေအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်ပါစေလို့ ကျွန်တော်ဆုမွန်ကောင်းတောင်းပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးကြူ ဖြစ်ပါတယ်။ ကျွန်တော်ဒီအဆိုကို ထောက်ခံအကြံပြုပြီးတော့ ဆွေးနွေးမှာဖြစ်ပါတယ်။ ဒီတော့ ကျွန်တော်အခု ဒီအဆိုကိုတင်သွင်းတဲ့ လက်ပံတန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကိုကျော်မင်းကိုလည်း အထူးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးကျော်မင်းသုံးပါ။ လွှတ်တော်ထဲမှာပါ။ အပြင်မှာမဟုတ်ဘူး။ အရပ်ထဲမှာ မဟုတ်ဘူး။

**ဒေါက်တာအေးကြူ(လပွတ္တာမဲဆန္ဒနယ်)**။ ။ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းကို အထူးကျေးဇူးတင်ပါတယ်ခင်ဗျား။ ဘာဖြစ်လို့လဲဆိုတော့ နှစ်ပေါင်းမြောက်မြားစွာ ၁၈၇၆ ခုနှစ်က ဒီဥပဒေတွေကို အခုထိသယ်လာတယ်။ အဲဒါကို Apply လုပ်ပြီးတယ်ဆိုတာ ဥပဒေပြု ကိုယ်စားလှယ်တွေအားလုံးမှာလည်း အများကြီးဂုဏ်ယူစရာ၊ အများကြီးသင်ခန်းစာယူစရာတွေ အများကြီးရှိတော့ ဥပဒေပြုတဲ့သူတွေအတွက်လည်း အထူးသိသင့်တယ်။ သိပြီးတော့ ကျွန်တော်တို့မြန်မာပြည်မှာလည်း ဒီလိုဥပဒေမျိုးတွေ ကြိုးစားတည်တံ့နိုင်အောင်၊ နှစ်ပေါင်းများစွာတည်တံ့နိုင်အောင်၊ ဖြစ်အောင်ကြိုးစားဖို့လည်း သတိပြုစေချင်ပါတယ်။ နောက်တစ်ခါ ကျွန်တော်ပြောချင်တာက အခုပြီးသွားတဲ့ ခေတ်ကာလမှာ Data တွေမှားခဲ့တယ်။ ဦးကျော်မင်းက ထောက်ပြတယ်။ အဲဒီအစကို ဆွဲလို့ရပြီ။ အခု ကျွန်တော်ပြောတာ ဒါတကယ့်အစပဲ။ ကျွန်တော်တို့က ဒီချို့ယွင်းချက်တွေ၊ Data တွေ မှားယွင်းပြီးတော့ စီမံကိန်းတွေမှားပြီးခါကျတော့ ဖြစ်လာတဲ့ဟာတွေကို ကျွန်တော်တို့ခေတ်က ကျွန်တော်တို့က Reform လုပ်ရမယ့်ခေတ်။ အခုလွှတ်တော်ကိုယ်စားလှယ်အားလုံးလည်း Reformist တွေပဲ။ ပြည်သူတွေကနေပြီးတော့ Reform လုပ်ဖို့ပေးလိုက်တာ၊ ဒီထဲကို ရောက်လာတယ်။ ဒီတော့ ကျွန်တော်တို့က မှားတဲ့ဟာတွေ တိုင်းပြည်ကောင်းအောင် ဘာတွေလုပ်မလဲဆိုတဲ့ဟာတွေ ကျွန်တော်တို့ဖော်ရတော့မှာ။ အဲဒီတော့အစရှိပြီ။ ဒီလိုပဲ အခြားအစ၊ အစတွေရှိရင် ဖော်ရတော့မှာပဲ။ တိုင်းပြည်ကောင်းဖို့အတွက်၊ ကျွန်တော်တို့ကောင်းဖို့အတွက် စဉ်းစားရတော့မယ်။ ဒီတော့ ကျွန်တော်တို့တာဝန်ဟာ ဥပဒေပြုရေးတာဝန်အပြင် ပြည်သူတွေနဲ့ နယ်ကိုဆင်းတဲ့အခါမှာ နယ်မြေအခြေအနေကို ကျွန်တော်အကုန်သိတယ်။ သိတဲ့အခါကျတော့ နယ်မြေမှာ အခြေအနေတွေ ဘယ်လိုဖြစ်နေတယ်ဆိုတာ။ ဒီတော့ ကိုယ်စားလှယ်တိုင်း၊ ကိုယ်စားလှယ်တိုင်းက ဒါကို လုပ်ရတော့မယ်။ လုပ်ဖို့အချိန်ရောက်ပြီ။ လုပ်ခွင့်ရပြီ။ ဒီလုပ်ရင် ရပါလားဆိုတော့ ဦးကျော်မင်းက ဒီလိုပြပြီ။ ပြတဲ့ဥစ္စာကို လုပ်ရတော့မယ်။ ဒီတော့ ပိတ်တဲ့ရက်တွေ ဆင်းရမယ်။ အဲဒီအခါကျတော့ Data တွေရအောင်၊ အတိအကျရအောင် ဌာနဆိုင်ရာနဲ့ရော၊ ဟိုဒင်းနဲ့ရော လိုက်ပြီးလုပ်ရပါမယ်။ ဒီတိုင်းပြည်ကို ကျွန်တော်တို့တစ်ယောက်ရဲ့ ကိုယ်စားလှယ်တွေနဲ့ မရတော့ဘူး။ ကျန်တဲ့လူကပါ ဝိုင်းဝန်းပြီးတော့ ဒီကလူတွေရှိတယ်။ ဌာနဆိုင်ရာရှိတယ်။ အားလုံးစုပေါင်းပြီးတော့ အဲဒါတွေကို လုပ်ခိုင်းတယ်။ အဲဒီလိုလုပ်မှ၊ Data အသစ်ရမှ အစောတုန်းက ပြောသလို တိုင်းပြည်ရဲ့စီမံကိန်းတွေ ဘယ်လိုလုပ်မလဲ။ ဘယ်လိုဆောင်ရွက်မလဲဆိုတာ အဲဒါအဓိက။

ကျွန်တော်ပြောချင်တဲ့အချက်က ရှေ့ကပြောသွားတဲ့ဥစ္စာတော့ အကြောင်းအရာတွေ၊ ဘာတွေ တော်တော်များမယ်။ ကျွန်တော်တို့က ဘာလုပ်ရမလဲ၊ ကိုယ်စားလှယ်တွေ ဘာလုပ်ခွင့်တွေရှိသလဲ။ ကျွန်တော်တို့ကို မဲပေးတဲ့ပြည်သူက Reformist ။ ကျွန်တော်တို့ ပြုပြင်ပြောင်းလဲဖို့လုပ်ပါမယ်ဆိုလို့ ကျွန်တော်ပြောတော့ ဒီတော့ ပြုပြင်ပြောင်းလဲမှုအစတွေ တွေ့သမျှတွေကို လိုက်ပြီးတော့ညှိနိူင်းရမယ်။ လုပ်ရမယ်။ အဲဒါတွေကို ပြောင်းလဲမှုလုပ်ရမယ်။ အဓိက ကတော့ အဲဒါပါပဲ။ ကျွန်တော်ပြောချင် တဲ့အချက်က။

နောက်တစ်ခါ ကျွန်တော်တို့အောက်ခြေဆင်းတဲ့အခါ ဘာပြဿနာဖြစ်သလဲ။ အခုခင်ဗျားတို့ ကျွန်တော်တို့ကို ဒီလယ်ယာမြေကိစ္စ၊ ဒီကိစ္စမှာ ကျွန်တော်ညောင်လိန်မှာရှိပါတယ်။ အဲဒီညောင်လိန်မှာ ရှိတဲ့ဟာတွေကို ပြီးသွားတဲ့ခေတ်က ရဝတတွေအကုန်လုံးက သူတို့ဘာသာသူတို့သိမ်း၊ သူတို့ဘာသာ ဝေပြီးတော့၊ သူတို့လူတွေကိုဝေပြီးတော့ တကယ်လက်လွတ်လုပ်ခဲ့တယ်။ အဲဒီပြဿနာတွေဖြစ်နေ တယ်။ မကျေနပ်ဘူး၊ တိုင်တယ်။ တိုင်ကြားစာကို တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကို တိုင်ကြားချက်တွေရောက်တယ်။ ကျွန်တော်လည်း ဟိုမှာသိတယ်။ အဲဒီတော့ အောက်ခြေမှာ ဒီရဝတတွေ ဟိုဒင်းလုပ်တယ်။ နောက်ခါကျတော့ မဝတတွေ၊ ခဝတတွေ တတ်နိုင်သမျှ တိုင်းဒေသကြီး မှာရှိတဲ့ ကော်မတီတွေမှာလည်း ညွှန်ကြားရေးမှူးချုပ်တွေ၊ ဘာတွေနဲ့။ ကျွန်တော့်တို့ဝန်ကြီးတွေကို ကျော်ပြီးတော့ အောက်ခြေမှာသူတို့လုပ်နေကြတာ။ ဟိုတလောက တိုင်စာတစ်ခုလာတယ်။ ကျွန်တော် ပြောပြမယ်။ ကျိုက်လတ်မှာ မဝတ ဥက္ကဋ္ဌ၊ အောက်ခြေမှာ အရင်ဟောင်းတွေ၊ သမဝါယမလူကြီး ဟောင်းတွေ၊ မြေယာကော်မတီမှာ သမဝါယမလူကြီးဟောင်းတွေ၊ အရင်ပါတီကောင်စီက လူတွေ၊ အရင်တုန်းက သိမ်းတဲ့လူတွေကို ပြန်ပြီးတော့ မြေယာကော်မတီတွေ မြေ၊လယ်စစ်၊ ဘာစစ်တွေလုပ် တယ်။ ကျွန်တော်တို့က အပေါ်မှာ ခေါင်းဆောင်တွေကလုပ်တယ်။ အောက်ခြေမှာဒီလို ဖြစ်နေတော့ အခု ကျွန်တော်ပြောမယ်။ လက်တွေ့ပြမယ်။ မြေသိမ်းအမှုတွေ ငါးမှုပဲတက်တယ်ဆိုတာ ဒါခြောက်လ ရှိပြီ။ အောက်ခြေမှာဘယ်လိုဖြစ်နေလဲဆိုတော့ အဲဒါတွေပါလုပ်ရတယ်။ အဲဒီတော့ ကျွန်တော်တို့ ဆင်းမယ်။ ကျွန်တော်တို့အပြင်ကို ပါတီကလူတွေကိုခေါ်ပြီးတော့ အကူညီတောင်းမယ်။ ကျေးရွာမှာရှိ တဲ့ လယ်သမားတွေလည်း အကူညီတောင်းရမယ်။ အဲဒါတွေကို ဖော်ရမယ်။ Data စစ် ဖော်ရမယ်။ ကျွန်တော်တို့တာဝန်က ပြုပြင်ပြောင်းလဲမှုလုပ်ဖို့အတွက်က လုပ်ခွင့်ရတယ်။ ဒါဥပဒေအဟောင်းကို ကိုးကားပြီးတော့ လုပ်လို့ရတယ်။ အဲဒီတော့ အခုကျွန်တော်လောလောလတ်လတ်တွေ့တာ ဘာလဲဆို တော့ အောက်ခြေမှာကိုင်တဲ့ ပြည်ထဲရေးဝန်ကြီးဌာနကလူတွေနဲ့ အောက်ခြေမှာရှိတဲ့ဝန်ထမ်း

မူကြမ်း

အဆင့်ဆင့်နဲ့တွေ့ရတယ်။ အခုဒီလယ်ကိစ္စက ပြည်ထဲရေးဝန်ကြီးဌာန၊ အခုရှင်းမယ်ဆိုလည်း ပြည်ထဲရေးက ရှင်းရမှာ။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဦးထွန်းမောင်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းမောင် ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမှာက လက်ပံတန်းမဲဆန္ဒနယ်က ဦးကျော်မင်းရဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မဲဆန္ဒနယ်မှာ ဖြစ်ပျက်နေတဲ့ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ဆွေးနွေးမှာဖြစ်ပါတယ်။ ကျွန်တော်တို့ပုဏ္ဏားကျွန်းမြို့နယ်မှာ ယခင်က စားကျက်မြေဧကပေါင်း ၁၀၀၀၀ ကျော်ရှိခဲ့ပါတယ်။ ယခုအခါ တစ်မြို့နယ်လုံးရဲ့စားကျက်မြေဟာ ၅၄၇၄ ဧကသာ ရှိပါတော့တယ်။ ရပ်ကွက်နှင့် ကျေးရွာများမှာရှိတဲ့ စားကျက်မြေတွေကို ရွာသားများက သဘောတူ၍ဖြစ်စေ၊ သဘောမတူဘဲဖြစ်စေ အများအကျိုးအတွက်လည်းကောင်း၊ လူတစ်ယောက်အကျိုးအတွက်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုရဲ့အကျိုးအတွက်လည်းကောင်း၊ စိုက်ပျိုးမြေအဖြစ် စပါးစိုက်ပျိုးခြင်း၊ ကျွန်းပင်နှင့် အခြားနှစ်ရှည်ခံပင်များစိုက်ပျိုးခြင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်း၊ အိမ်ရာမြေအဖြစ် အသုံးပြုခြင်း၊ စာသင်ကျောင်းများ၊ စာကြည့်တိုက်များ၊ အားကစားကွင်းများ၊ ဘုန်းတော်ကြီးကျောင်းများဆောက်လုပ်ခြင်းစတာတွေကို နှစ်ပေါင်းများစွာကပင် ယနေ့အထိ ဥပဒေနဲ့အညီဖြစ်စေ၊ ဥပဒေကို ချိုးဖောက်၍ဖြစ်စေ အသုံးပြုလာခဲ့ကြပါတယ်။ အဲဒါကြောင့် ကျေးရွာတစ်ရွာနှင့်တစ်ရွာဖြစ်စေ၊ ဆွေမျိုးအုပ်စုတစ်စုနှင့် တစ်စုဖြစ်စေ၊ လူတစ်ဦးနှင့်တစ်ဦးဖြစ်စေ၊အာဏာပိုင်အဖွဲ့အစည်းများနှင့်ဖြစ်စေ အငြင်းပွားမှုပြဿနာများ မြောက်မြားစွာဖြစ်ပေါ်လျက်ရှိပါတယ်။ ဒီအငြင်းပွားမှု ပြဿနာတွေကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီကဖြစ်စေ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများကဖြစ်စေ၊ နေ့စဉ်နေ့တိုင်းဆိုသလို ဖြေရှင်းပေးနေကြရပါတယ်။ အချို့အငြင်းပွားမှုများကို ပြေလည်အောင်ဖြေရှင်းပေးနိုင်တာတွေရှိသလို ဖြေရှင်းလို့မရနိုင်တာတွေလည်း ရှိနေပါတယ်။ မြို့နယ်က ဖြေရှင်းပေးတာကို လက်မခံနိုင်တဲ့သူတွေ မြို့နယ်က ဖြေရှင်းလို့မရနိုင်တဲ့ အငြင်းပွားမှုတွေကို ဖြေရှင်းပေးဖို့အတွက် ခရိုင်၊ ပြည်နယ်၊ တိုင်းဒေသကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့အထိဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်များကိုဖြစ်စေ၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး

ဗဟိုကော်မတီကိုဖြစ်စေ စာဖြင့်တိုင်ကြားမှုများ၊ အချို့ကဆန္ဒထုတ်ဖော်မှုများကို နိုင်ငံတစ်ဝန်းလုံးမှာ ပြုလုပ်နေခဲ့ကြတာတွေကို ကြားသိနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြို့နယ်မှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် တပ်ရင်း၊ တပ်ဖွဲ့ရန်ပုံငွေရရှိရေးအတွက် ယခင်အစိုးရအဆက်ဆက်က သိမ်းဆည်းထားခဲ့တဲ့ စားကျက်မြေတွေ၊ စားကျက်မြေအဖြစ်ကျပြီးတဲ့ လယ်ယာမြေတွေ ဧကထောင်ကျော်ရှိခဲ့ပါတယ်။ အဲဒီ သိမ်းဆည်းခံစားကျက်မြေ၊ လယ်ယာမြေတွေကို လယ်သမားတွေက ရွာဘုံစားကျက်မြေအဖြစ်၊ ရွာဘုံ လယ်ယာမြေအဖြစ် ပြန်လည်ရယူချင်တဲ့ဆန္ဒရှိနေကြပါတယ်။ ဒါကြောင့် သက်ဆိုင်ရာတွေကို တိုင်ကြား၍ သက်ဆိုင်ရာတပ်ရင်း၊ တပ်ဖွဲ့များမှ အများစုကို တရားဝင်စွန့်လွှတ်ပြီး လယ်သမားတွေကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် ပြန်လည်ပေးအပ်ခဲ့တာတွေလည်း အများအပြားရှိခဲ့ပါ တယ်။ အချို့ကို ရန်ပုံငွေရရှိရေးအတွက်၊ အသုံးပြုရန်အတွက် စွန့်လွှတ်ရန် အစီအစဉ်မရှိသေးတာတွေ လည်း ရှိနေပါသေးတယ်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကလည်း အစိုးရအဆက်ဆက်က ပင် သက်သာရန်ပုံငွေရရှိရေးအတွက် သိမ်းဆည်းထားတဲ့ စားကျက်မြေ ပယ်ဖျက်ခွင့်ကျပြီးတဲ့ လယ်ယာမြေဧကအများအပြားကို ယနေ့အထိ ထိန်းသိမ်းထားတာတွေ ရှိနေပါတယ်။ အဲဒီလို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက သိမ်းဆည်းထားတဲ့ လယ်ယာမြေတွေကို တစ်ဧက ၃၀၀၀၀ ကျပ် နဲ့ လယ်သမားတွေကို ငှားရမ်းထားပြီး ရလာတဲ့ငွေတွေကို ရန်ပုံငွေအဖြစ် မြို့နယ်မှာ လိုအပ်တဲ့နေရာ တွေမှာ အသုံးပြုနေတာတွေ တွေ့ရပါတယ်။ စားကျက်မြေနဲ့ လယ်ယာမြေဆိုတာ လယ်သမားများ၊ မွေးမြူရေးသမားများနှင့်သာ သက်ဆိုင်ပါတယ်။ ဒါတွေကို သက်ဆိုင်ရာဝန်ကြီးဌာနက လယ်သမားများ အား စနစ်တကျအမြန်ဆုံးပြန်လည်ပေးအပ်ဖို့ စီမံဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါ့အပြင် မြို့နှင့်ကျေးရွာတွေမှာ လူဦးရေတိုးတက်များပြားလာတဲ့အတွက် အချို့စားကျက်မြေတွေကို အိမ်ရာမြေအဖြစ် နှစ်ပေါင်းများစွာ အသုံးပြုနေထိုင်လာကြတာတွေလည်း ရခိုင်ပြည်နယ်ရှိ မြို့နယ်တိုင်းမှာရှိနေပါတယ်။ အဲဒီလို စားကျက်မြေတွေကို နည်းလမ်းမျိုးစုံနဲ့ နိုင်ငံ တစ်ဝန်းလုံးမှာ အသုံးပြုနေကြတဲ့အတွက် ခေတ်နှင့်လျော်ညီသော၊ ပြည်သူတွေလက်ခံနိုင်သော၊ ရှင်းလင်းတိကျတဲ့ စားကျက်မြေမူဝါဒ၊ ဥပဒေတစ်ရပ်ချမှတ်ရန် အမြန်ဆုံးလိုအပ်နေပါကြောင်း တင်ပြရင်း လက်ပံတန်းမဲဆန္ဒနယ်က ဦးကျော်မင်းရဲ့အဆိုကို ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်စိုးနွယ်အေး(တံတားဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ တံတားဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စိုးနွယ်အေး ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ လက်ပံတန်းမဲဆန္ဒနယ်က ဦးကျော်မင်းတင်သွင်းတဲ့ နိုင်ငံတစ်ဝန်းရှိ ယနေ့အထိ စားကျက်မြေအဖြစ် တည်ရှိနေသော စားကျက်မြေများနှင့်စပ်လျဉ်းပြီး ဒေသခံပြည်သူလူထု၏ ဆန္ဒသဘောထားများကိုရယူကာ စိုက်ပျိုးမြေအဖြစ်သို့လည်းကောင်း၊ ရွာမြေအဖြစ်သို့လည်းကောင်း၊ စားကျက်မြေအဖြစ်သို့လည်းကောင်း သို့မဟုတ် အခြားနည်းအသုံးပြုမှုတစ်ခုခုအတွက်လည်းကောင်း လက်တွေ့ကျကျအသုံးပြုနိုင်ရေးအတွက် ရှင်းလင်းတိကျသောမူဝါဒဆောလျင်စွာ ချမှတ်အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ စားကျက်မြေကိစ္စဟာ သာမန်လယ်သမားနှင့် ဌာနဆိုင်ရာရဲ့ ဦးပိုင်ပေါက်တဲ့ အသေးအဖွဲ့ကိစ္စမဟုတ်တဲ့တစ်နိုင်ငံလုံးစားကျက်မြေဖြုန်းတီးပြီးတော့ ပြဿနာတွေဖြစ်နေတဲ့ ကိစ္စဖြစ်တဲ့အတွက် အဆိုရှင်အနေနဲ့ကလည်းပဲ ဒေသခံပြည်သူများမြေအသုံးချရာမှာ ဂုဏ်သိက္ခာရှိရှိ တည်ငြိမ်မှုရရှိရေးအတွက်လို့လည်း ဆိုထားပါတယ်။ ကျွန်မတို့ စိုက်ပျိုးမြေကဏ္ဍကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်တဲ့နေရာမှာ စက်ကိရိယာတွေကို မြောက်မြောက်များများသုံးစွဲပြီးလုပ်ဖို့ လိုအပ်သလို တစ်ဖက်မှာလည်းပဲ ကျွန်မတို့နိုင်ငံရဲ့ ရေ၊ မြေအနေအထားအရ ခိုင်းကျွဲ၊ ခိုင်းနွားတွေ မရှိမဖြစ်သုံးစွဲနေရပါတယ်။ ဒါ့အပြင် ခိုင်းကျွဲ၊ ခိုင်းနွားများ စဉ်ဆက်မပြတ် မွေးမြူထုတ်လုပ်နိုင်ရေးအတွက် နို့စားနွားမများကို တိုးချဲ့မွေးမြူထုတ်လုပ်နိုင်ရေးအတွက် အသားများကို ပြည်တွင်း၊ ပြည်ပပို့ကုန်အဖြစ် ကျွဲ၊ နွား၊ သိုး၊ ဆိတ် မွေးမြူဖို့ စားကျက်မြေဆိုတဲ့ သွင်းအားစုတွေဟာ လိုအပ်လျက်ရှိပါတယ်။ ကျွန်မတို့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်ရှင်။ ဒါကြောင့် နိုင်ငံခြားကနေပြီးတော့ နို့စားနွား၊ အသားစားနွားတွေကို တအုပ်တမ ကျယ်ပြန့်စွာမွေးမြူထုတ်လုပ်ဖို့ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုနဲ့ စီးပွားရေးလုပ်ငန်းကြီးများက ကျယ်ကျယ်ပြန့်ပြန့်မွေးမြူထုတ်လုပ်ဖို့ စားကျက်မြေတွေဟာ မရှိမဖြစ်ထိန်းသိမ်းဖယ်ထုတ်ဖို့ လိုအပ်ပါတယ်ရှင်။ ယခုအခါမှာ တောင်သူလယ်သမားများဟာ လွှတ်ကျောင်းနှင့် ကျွဲ၊ နွားပိုင်ရှင်တွေနဲ့ စားကျက်မြေတွေမှာ ကျူးကျော်စိုက်ပျိုးလုပ်ကိုင်နေကြတဲ့ပုဂ္ဂိုလ်များအကြားမှာ ပဋိပက္ခဖြစ်ပွားမှုတွေရှိနေကြပါတယ်။ စားကျက်မြေတွေကို တိုးချဲ့စိုက်ပျိုးလာ

ကြရခြင်းနဲ့ စားကျက်မြေကျူးကျော်မှု ပြဿနာဟာ ကြီးမားလာပါတယ်ရှင်။ ဌာနဆိုင်ရာများနှင့် ကုမ္ပဏီများက စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်ခြင်း၊ စိုက်ပျိုးမြေများအပြင် လုပ်ကိုင်ဆောင်ရွက်ခြင်းများပြုလုပ်ရန်အတွက် အစိုးရကတရားဝင်ပယ်ဖျက်ပြီးဖြစ်တဲ့ စားကျက်မြေအဖြစ် ပယ်ဖျက်ပြီး အခြား နည်းအသုံးပြုခွင့်ရရှိပေမဲ့လည်း သတ်မှတ်ထားတဲ့ နည်းလမ်းအတိုင်းအသုံးမပြုခြင်း၊ ကိုယ်တိုင်စိုက်ပျိုးခြင်းမရှိဘဲ တောင်သူလယ်သမားများကို စိုက်ပျိုးစေပြီး သီးစားခရယူနေခြင်းများ ရှိရင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားရန် အမှန်တကယ်လုပ်ကိုင်နေကြတဲ့ တောင်သူများကို ဦးပိုင်အမည်ပေါက် သတ်မှတ်လုပ်ကိုင်ခွင့်များရှိပါက အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်နေတဲ့ ဒေသခံတောင်သူများအနေနဲ့ ပြည်နယ်အစိုးရအဖွဲ့ထံသို့ တင်ပြဆောင်ရွက်သွားသင့်ပါကြောင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၌ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဖြေရှင်းဆောင်ရွက်၍ ဥပဒေနှင့်အညီ တောင်းခံရပါမည်။ စားကျက်မြေများကို အခြားနည်းများဖြင့် အသုံးပြုလိုပါက ၁၈၇၆ ခုနှစ် အောက်မြန်မာနိုင်ငံ မြေခွန်နှင့် မြေခွန်နည်းဥပဒေ ၆၉ နှင့် ၁၈၈၉ ခုနှစ် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၇၈ တို့အရ ပြည်သူလူထုအကျိုးငှာ စားကျက်မြေကို လယ်ယာမြေအဖြစ် အသုံးပြုရမည်ဆိုလို့ရှိရင် စားကျက်မြေအဖြစ်မှ နုတ်ပယ်လိုက်လျှင် ကျေးရွာရှိ ကျွဲ၊ နွားကောင်ရေနှင့် ယင်း ကျွဲ၊ နွားများ စားသောက်ရန် အစာရေစာ လုံလောက်မှု ရှိ/မရှိ စစ်ဆေးပေးပါရန်၊ စားကျက်မြေနုတ်ပယ်ရန်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ကျေးရွာသားများမှ သဘောတူနေလျှင် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သို့ တင်ပြရန် သဘောတူညီမှု ရှိပါက ထောက်ခံချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ သဘောထားမှတ်ချက်တောင်းခံ၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အမှုတွဲပေးပို့ပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ တင်ပြ၍ အတည်ပြုချက်ရယူပြီး စားကျက်မြေနုတ်ပယ်လိုတဲ့ နည်းလမ်းအတိုင်းအသုံးပြုခွင့်ပေးပါရန် နောင်အခါတွင် ဒေသခံတောင်သူများမှ ကျေနပ်မှုမရှိ၍ တိုင်ကြားလာခြင်းတို့ မဖြစ်စေရန်အတွက်လည်း ဒေသခံတောင်သူများနှင့် ဆွေးနွေးညှိနှိုင်းပြီး သဘောတူ/မတူ၊ သဘောတူညီမှုရယူပြီး/ မပြီး။ ထိုကဲ့သို့ ပြဿနာများ မပေါ်နိုင်ကြောင်းကိုလည်း အာမခံချက်ဖြင့် တင်ပြစေရန် လက်ရှိစားကျက်မြေအသုံးပြုနေမှုအခြေအနေတို့ကို ဖော်ပြရန် စိစစ်တင်ပြလိုက်နာဆောင်ရွက်ရန်တို့ဖြင့် အကြံပြုလိုပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ လက်ပံတန်းမဲဆန္ဒနယ် ဦးကျော်မြင့်ရဲ့ စားကျက်မြေနဲ့ပတ်သက်တဲ့အဆိုကို ထောက်ခံအကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုကို လေ့လာတဲ့အခါမှာ အဓိကအားဖြင့် အချက်နှစ်ချက်တွေ့ရှိရ ပါတယ်။ (၁)ကတော့ စားကျက်မြေများကို ကျေးလက်ဒေသ ပြည်သူလူထု၏ သဘောဆန္ဒအတိုင်း အသုံးချဆောင်ရွက်ရန်ဆိုတဲ့အချက်တစ်ချက်ပါပါတယ်။ ဒုတိယအချက်တစ်ချက်ကတော့ အဆိုထဲမှာ စားကျက်မြေနဲ့ပတ်သက်၍ ရှင်းလင်းတိကျသော မူဝါဒများ ချမှတ်ဆောင်ရွက်ရန်ဆိုပြီးတော့ အဓိက အချက်နှစ်ချက်တွေ့ရှိရပါတယ်။ စားကျက်မြေနဲ့ ပတ်သက်၍ အများပြည်သူကို အကျိုးစီးပွားအတွက် နိုင်ငံတော်က လိုအပ်လျှင်သော်လည်းကောင်း၊ ကျွဲ၊ နွားစားကျက်မြေအဖြစ် အသုံးပြုမှုနည်းပါးလျှင် သော်လည်းကောင်း နုတ်ပယ်ခြင်း၊ ပယ်ဖျက်ခြင်းကို အမှုဖွင့်ဆောင်ရွက်ရမည်ဖြစ်သော်လည်း တကယ့် လက်တွေ့မှာတော့ မြန်မာနိုင်ငံမှာ ဒေသခံတောင်သူလယ်သမားများ လုပ်ကိုင်နေတဲ့စားကျက်မြေများ ကို မတရားရယူပြီးဌာနများ၊ ကုမ္ပဏီများ၊ အာဏာပိုင်အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များက ပြဋ္ဌာန်းရှိပြီး သားဖြစ်တဲ့ ဥပဒေ၊ နည်းဥပဒေနှင့်အညီ မဆောင်ရွက်ဘဲနဲ့ ဧကများစွာကို ရယူဆောင်ရွက်ထား ရှိကြောင်း တွေ့ရှိရပါတယ်။ ရယူထားတဲ့စားကျက်မြေများကိုလည်း စိုက်ပျိုးထုတ်လုပ်ခြင်း မရှိဘဲနဲ့ လက်ဝယ်ထားရှိပြီးတော့ သီးစားချထားခြင်းအပြင် ပြန်လည်ပြီးတော့ စိတ်ဖြာရောင်းချနေတာကိုလည်း တွေ့ရှိရပါတယ်။ သို့အတွက် ဒေသခံပြည်သူများအတွက် အကျိုးရှိစေရန် မစိုက်ပျိုးသည့်စားကျက် မြေများအား ဥပဒေ၊ နည်းဥပဒေနှင့်အညီ ပြန်လည်စိစစ်တည့်မတ်ပြောင်းလဲဆောင်ရွက်သင့်ပါသဖြင့် ဤအဆိုကို ထောက်ခံရခြင်းဖြစ်ပါတယ်။ ကျွန်တော့်ရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ မအူပင်မဲဆန္ဒနယ်ဟာ မတရား သိမ်းဆည်းခံထားရတဲ့လယ်ယာမြေ ၅၀၀၀၀ ထဲမှာ စားကျက်မြေဧက ၂၀၀၀ ကျော်ရှိပါတယ်။ အဲဒီ ထဲမှာ ထူးခြားတာကတော့ ကန်ကုန်းအုပ်စု၊ ဝက်စုကျေးရွာ ကွင်းအမှတ်(၈၃၅)မှာ ယခင် န၀တ၊ ခရိုင် ဥက္ကဋ္ဌကိုယ်တိုင် စားကျက်မြေများ ၂၀၀ ကျော်ကို နာမည်အမျိုးမျိုးရယူပြီးတော့ မူလတောင်သူ လယ်သမားတွေဆီကနေပြီးတော့၊ ယနေ့ထိ စိုက်ပျိုးထားတဲ့၊ ယခုထိလည်းလုပ်ကိုင်နေတဲ့ တောင်သူ လယ်သမားတွေဆီကနေပြီးတော့ ရယူထားပြီးတော့ အဲဒီတောင်သူလယ်သမားတွေနဲ့ ရယူထားတဲ့ ပုဂ္ဂိုလ်တွေနဲ့ ပြီးခဲ့တဲ့လဟာ ပြဿနာတွေဖြစ်တာတွေ့ရပါတယ်။ အဲဒီတော့ စားကျက်မြေတွေကို နာမည်အမျိုးမျိုးဖြင့် ရယူပြီးတော့ အချို့ကိုအသုံးချပြီး အချို့ကိုတော့ သီးစားချထားတယ်။ အချို့ကို ပြန်လည်ရောင်းချတယ်။ စားကျက်မြေပေါ်မှာစိုက်ပျိုးထားတဲ့ မူလတောင်သူလယ်သမားများကိုလည်း

အင်အားသုံး၍ ဖယ်ရှားဆောင်ရွက်မှုများကြောင့် ဒေသခံပြည်သူလူထုရဲ့ မကျေနပ်မှုဟာ မြန်မာနိုင်ငံ နေရာတော်တော်များများမှာ လေ့လာတွေ့ရှိရပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ မြေအသုံးချမှုမရှိသော လူတွေလက်ထဲမှာ မြေပေးထား ခြင်းအား နိုင်ငံတော်အတွက် အကျိုးမရှိသလို သူတို့အတွက်လည်း အကျိုးမရှိပါဘူး။ မြေအသုံးချမှုရှိ သော တောင်သူလယ်သမားတွေထံက မြေကိုသိမ်းဆည်းပြီးတော့ တစ်ဦးတစ်ယောက်အတွက်၊ တစ်ဖွဲ့ အတွက် ပေးထားခြင်းဟာ တစ်ဦးတစ်ယောက်တစ်ဖွဲ့အတွက် အကျိုးရှိနိုင်သော်လည်း ဒေသခံ တောင်သူလယ်သမားများအတွက် အများကြီးထိခိုက်နစ်နာမှုဖြစ်တဲ့အတွက် ဒီအဆိုကို ထောက်ခံရခြင်း ဖြစ်ပါတယ်။

လေးစားရပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ဒေသခံတောင်သူလယ်သမားများ ထံမှ သိမ်းဆည်းသွားတဲ့စားကျက်မြေများကို ဒေသခံတောင်သူလယ်သမားများ၏ ထိခိုက်နစ်နာမှုကို မစဉ်းစားဘဲ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များအကျိုးအတွက် ရည်ရွယ်ချက်ရှိရှိ စားကျက်မြေများ ပယ်ဖျက်နေခြင်းဟာလည်း အောက်ခြေမှာရှိတဲ့ ကွာဟမှုနဲ့ လွဲချော်နေသဖြင့်၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေ များ လွဲချော်နေသဖြင့် ဒါကို ပြည်ထောင်စုအစိုးရအနေဖြင့် ပြန်လည်စစ်ဆေးပြီးတော့ နိုင်ငံတော် အတွက် အကျိုးရှိအောင် ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ စားကျက်မြေနဲ့ပတ်သက်၍ စီမံခန့်ခွဲတဲ့အခါ မှာ ဥပဒေတွင်ပါရှိသည့်အတိုင်း စားကျက်မြေထားရှိသင့်/မသင့်ကို နီးစပ်ရာဒေသခံ တောင်သူ လယ်သမားများ၏ သဘောဆန္ဒအတိုင်း ဆောင်ရွက်သင့်ပါတယ်။ စားကျက်မြေပေါ် မူလစိုက်ပျိုးထား သော တောင်သူလယ်သမားများနှင့် လုပ်ခွင့်ရစားကျက်မြေလုပ်ငန်းရှင်များကြားမှာ ယနေ့အငြင်းပွား နေတဲ့ကိစ္စများကို မှန်ကန်မျှတစွာ ဖြေရှင်းပေးဖို့လိုအပ်ပါတယ်။ နံပါတ်(၃)အနေနဲ့ စားကျက်မြေများကို စိုက်ပျိုးရေးအဖြစ်အသုံးချရာမှာ ဒေသခံတောင်သူလယ်သမားများကို ဦးစားပေး၍လည်းကောင်း၊ မြေမဲ့ယာမဲ့များကိုလည်း ဦးစားပေး၍လည်းကောင်း ခွဲဝေချထားသင့်ပါကြောင်း ဥပဒေနှင့်အညီ အကြံ ပြုလိုပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ဥပဒေ၊ နည်းဥပဒေနှင့် ကိုက်ညီမှုမရှိသော၊ မတရားရယူထားသော စားကျက်မြေများကို ပြန်လည်စိစစ်၍ ဒေသခံတောင်သူ လယ်သမားများ၏အကျိုးကို ဦးစားပေး၍ စားကျက်မြေအသုံးချမှုကို ဆောင်ရွက်သင့်ပါကြောင်း

ဥပဒေနှင့်အညီ အကြံပြုရင်း ဦးကျော်မင်းရဲ့အဆိုကို ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစိန်ထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးစိန်ထွန်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးကိုမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစိန်ထွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း၏အဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်ရှိမှီတင်းနေထိုင်ကြသူများ အားလုံး ကျန်းမာစွာနေနိုင်ရေးအတွက် စားနပ်ရိက္ခာပြည့်စုံဖူလုံရေးဟာ အဓိကအရေးပါ၍ ကမ္ဘာ့ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့(FAO)အနေနဲ့ နှစ်စဉ် အောက်တိုဘာလ ၁၆ ရက်နေ့ကို ကမ္ဘာ့စားနပ်ရိက္ခာနေ့အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။ စားနပ်ရိက္ခာလုံလောက်မှုမရှိရင် အာဟာရမပြည့်ဝသဖြင့် ကျန်းမာရေးချို့တဲ့ခြင်း၊ သက်တမ်းစေ့မနေရခြင်း၊ ကုန်ထုတ်စွမ်းအား များကျဆင်းခြင်း၊ ပညာသင်ကြားမှုနှင့် နည်းပညာဖွံ့ဖြိုးမှုနောက်ကျခြင်းစတဲ့ လူ့စွမ်းအားအရင်းအမြစ် များ Human Resources ရုတ်လျော့ကျဆင်းခြင်းကို ဖြစ်စေပါတယ်။ စားကျက်မြေဟာ ကျွဲ၊ နွားများရဲ့ အစားအစာလိုအပ်ချက်၊ သဘာဝအတိုင်းရှင်သန်ကြီးထွားနိုင်ရေးနှင့် အကောင်ရေတိုးပွားရေးတို့ကို ဖြည့်ဆည်းပေးကြောင်း လေ့လာတွေ့ရှိရပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ၂၀၁၆ ခုနှစ်စာရင်းအရ တစ်နိုင်ငံလုံးတွင် ခိုင်းကျွဲ၊ ခိုင်းနွားကောင်ရေစုစုပေါင်း ၁၀.၇၃၉ သန်းရှိကြောင်း တွေ့ရှိရပါတယ်။ အဆိုပါကျွဲ၊ နွားများအပြင် အခြားသောတိရစ္ဆာန်များအတွက်ပါတွက်ချက်၍ စားကျက်မြေဧရိယာ ဘယ်လောက်ရှိသင့်တယ်ဆိုတာ နောက်ဆုံးအနေအထားအရ သတ်မှတ်ဖို့လိုအပ်ပါတယ်။ မိမိတို့နိုင်ငံမှာ မူလစားကျက်မြေ ၈၆၅၇၇၂.၄၄ ဧကရှိရာက တရားဝင်ပယ်ဖျက်ခွင့်ပြုပြီး စားကျက်မြေ ၁၃၂၉၁၈.၃၄ ဧကဖြစ်၍ လက်ရှိတွင် စားကျက်မြေ ၇၃၂၈၅၄.၁၀ ဧကသာကျန်ရှိကြောင်း သိရှိရပါတယ်။ အဆိုပါစားကျက်မြေများဟာ စာရင်းသာဖြစ်ပြီး စားကျက်မြေ သို့မဟုတ် အခြားနည်းဖြင့် အသုံးပြုနေခြင်း သို့မဟုတ် ထပ်မံ၍ ကျူးကျော်အသုံးပြုခံရခြင်းများကိုပါ ခွဲခြား၍သိရန်လိုအပ်ပါတယ်။ အခြားနည်းဖြင့်အသုံးပြုရာမှာလည်း ၎င်းအသုံးပြုမှုဟာ ပြည်သူလူထုအကျိုးစီးပွားအတွက် သို့မဟုတ် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်အသုံးပြုခြင်းဆိုပါက ချင့်ချိန်ပြီးစိစစ်ကာ စဉ်းစားပေးရမှာဖြစ်ပါတယ်။ ဒါ့အပြင် လယ်ယာမြေချဲ့ထွင်ခြင်း၊ ကျေးရွာအချို့အား ရပ်ကွက်အဖြစ်သို့ပြောင်းလဲ

ခြင်း၊ စက်မှုလုပ်ငန်းများနှင့်အခြားလုပ်ငန်းများ ပြောင်းလဲလုပ်ကိုင်ခွင့်ပြုခြင်း၊ ငွေကြေးအကျိုးအမြတ် ပိုမိုရရှိတဲ့ မွေးမြူရေးလုပ်ငန်းများ၊ ငါးကန်၊ ပုစွန်ကန်များအဖြစ် ပြောင်းလဲဆောင်ရွက်ခွင့်ပြုခြင်း၊ မြေဆီလွှာတိုက်စားပြုန်းတီးခြင်းတို့ကြောင့် စားကျက်မြေများလျော့နည်းလာကြောင်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့ စက်မှုနိုင်ငံအဆင့်ကိုတက်လှမ်းလျက်ရှိရာ လယ်ယာကဏ္ဍမှာ စက်ကိရိယာပစ္စည်းများကို အလုံးစုံအသုံးမပြုနိုင်ချိန် ကျွဲ၊ နွားများရဲ့အခန်းကဏ္ဍဟာလည်း အတိုင်းအတာတစ်ခုအထိ ထိရောက်နေဆဲပဲဖြစ်ပါတယ်။ ကျွဲ၊ နွားစားကျက်မြေများ ပျောက်ဆုံးမှု မရှိစေရေးအတွက် ယခင်အစိုးရများအနေနဲ့ စားကျက်မြေဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ထားခဲ့ပါတယ်။ စားကျက်မြေများကို နိုင်ငံတော်နှင့်ပြည်သူများရဲ့ အကျိုးစီးပွားအတွက် မြို့ပြအိမ်ရာများချဲ့ထွင်ရာမှာ မြေဧရိယာနည်းနည်းအပေါ်တွင် လူများများနေနိုင်သည့် အထပ်မြင့်အဆောက်အဦများ ဆောက်လုပ်သည့်စနစ်ကျင့်သုံးရေး၊ စက်ရုံ/အလုပ်ရုံများဆောက်လုပ်ရာမှာ လိုအပ်တဲ့မြေဧရိယာအနည်းဆုံးကိုသာ အသုံးပြုရေးတို့ကိုသာ အလေးထားစဉ်းစားဖို့လိုအပ်ကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။ စားကျက်မြေဧရိယာကြီးကြီးမားမားမလိုဘဲ အရည်အသွေးကောင်းမွန်တဲ့ နေပီယာမြက်စိုက်ပျိုးခြင်း၊ မြက်ချဉ်ဖတ်ပြုလုပ်ခြင်းတို့ဖြင့် ကျွဲ၊ နွားများအတွက် လတ်ဆတ်၍အာဟာရတန်ဖိုးမြင့်သော အစာများကို ရာသီမရွေးကျွေးမွေးနိုင်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ လိုအပ်တဲ့ရန်ပုံငွေနှင့်နည်းပညာများ ပံ့ပိုးဆောင်ရွက်ပေးသင့်ပါတယ်။ အရည်အသွေးပြည့်မီတဲ့ နေပီယာမြက် တစ်ဧကစိုက်ထားရင် ကျွဲ၊ နွား ၁၀ ကောင်ကို တစ်နှစ်ပတ်လုံး ကျွေးမွေးနိုင်ပါတယ်။ ၎င်းနေပီယာမြက်များစိုက်ပျိုးနည်း၊ မြက်ချဉ်ဖတ်ပြုလုပ်နည်းတို့နှင့်ပတ်သက်၍ တောင်သူလယ်သမားနှင့်မွေးမြူရေးသမားများအား ပညာပေးဟောပြောခြင်း၊ သင်တန်းများပို့ချခြင်းတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနက အလေးထားဆောင်ရွက်သင့်ကြောင်း အကြံပြုလိုပါတယ်။ ဒါ့အပြင် စားကျက်မြေကျူးကျော်မှုကိုလည်း ဥပဒေနှင့်အညီအရေးယူရန် လိုအပ်ပါက ပြဋ္ဌာန်းထားသည့် ဥပဒေကို ခေတ်နှင့်အညီပြုပြင်ကာ ထပ်မံ၍ပြဋ္ဌာန်းသင့်ပါကြောင်း အကြံပြုဆွေးနွေးအပ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့နိုင်ငံဟာ စက်မှုလယ်ယာသို့ကူးပြောင်းနေသော်လည်း ထွန်ယက်စိုက်ပျိုးခြင်းမှာ ကျွဲ၊ နွားများကိုသာ အဓိကထားအသုံးပြုနေရ၍ စားကျက်မြေဧရိယာ လုံလောက်စွာရှိဖို့လိုအပ်ခြင်း၊ စားကျက်မြေများပျောက်ကွယ်သွားပါက ကျေးလက်နေပြည်သူများရဲ့ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများဆိတ်သုဉ်းပြီး ကျေးလက်နေပြည်သူတို့ရဲ့ လူနေမှုဘဝတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကို ထိခိုက်နိုင်ခြင်းတို့ကြောင့် စားကျက်မြေများလျော့နည်း

ဆုံးရှုံးမှုမရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရန် အထူးလိုအပ်ပါတယ်။ စားကျက်မြေဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများတိကျစွာပြဋ္ဌာန်းထားသော်လည်း လိုက်နာကျင့်သုံးမှုအားနည်း၍ ၎င်းဥပဒေများ အသက်ဝင်မှုအားနည်းနေတာကို လေ့လာတွေ့ရှိရပါတယ်။ နိဂုံးချုပ်အနေဖြင့် ကျွန်တော်တို့နိုင်ငံဟာ ဈေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံးလျက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုဥပဒေကိုလည်း ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားပြီးပြီဖြစ်ပါတယ်။ မကြာမီကာလမှာပဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဝင်ရောက်လာမှာဖြစ်ပြီး နိုင်ငံအဝန်း စက်ရုံ၊ အလုပ်ရုံများ တည်ထောင်လာကြမှာဖြစ်ပါတယ်။ လက်ရှိ နိုင်ငံတော်ရဲ့လူဦးရေတိုးတက်မှုနှုန်းဟာ တစ်နှစ်ကို ၁.၈၉ ရာခိုင်နှုန်းဖြင့် တိုးတက်လျက်ရှိရာ တိုးတက်လာတဲ့လူဦးရေများအတွက် စားနပ်ရိက္ခာနှင့် နေထိုင်ရေးအတွက် လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ တိုးတက်လာတဲ့လူဦးရေအရ စားသုံးရန်အတွက် ကျွဲ၊ နွား၊ ဆိတ်စတဲ့တိရစ္ဆာန်များကို တိုးချဲ့မွေးမြူရမှာဖြစ်ပါတယ်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာကူးပြောင်းဆဲကာလမှာ လယ်ယာကဏ္ဍအတွက်အသုံးပြုရန် ကျွဲ၊ နွားလိုအပ်ချက်များဟာလည်း မြင့်မားနေဆဲဖြစ်ပါတယ်။ သို့ပါ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူတို့ရဲ့ လူမှုဘဝတိုးတက်မြင့်မားရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ကျွဲ၊ နွားများရဲ့စားကျက်မြေများမပျောက်ပျက်ရေး စသည်တို့ကို နိုင်ငံတော်အဆင့်သတ်မှတ်ကာ အဘက်ဘက်ကဝိုင်းဝန်းစဉ်းစားသုံးသပ်သင့်ပါကြောင်းနှင့် စားကျက်မြေများကို လက်တွေ့ကျကျအသုံးပြုနိုင်ရေးအတွက် မူဝါဒအသစ်တစ်ရပ်ရေးဆွဲဖို့ လိုအပ်နေပြီဖြစ်ကြောင်းအကြံပြုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးဖြစ်ပါတယ်။ လက်ပံတန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းရဲ့ စားကျက်မြေများနှင့်ပတ်သက်တဲ့ လက်တွေ့ကျကျဆောင်ရွက်နိုင်ရေးအဆိုကို ကျွန်တော့် သနပ်ပင်မဲဆန္ဒနယ်ရဲ့ ဖြစ်စဉ်နှင့်ယှဉ်ပြီးတော့ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြသွားသလိုပဲ နိုင်ငံတစ်ဝန်းမှာ ဥပဒေအရတည်ရှိတဲ့ စားကျက်မြေဧကပေါင်းဟာ ခုနစ်သိန်းကျော်ရှိသော်လည်း လက်တွေ့မြေပြင်မှာတော့ ရွာမြေတွေ၊ စိုက်ပျိုးမြေတွေ၊ ငါးမွေးကန်တွေ၊ ကုမ္ပဏီပိုင်မြေတွေနဲ့ အခြားနည်းအမျိုးမျိုးအသုံးပြုနေကြပြီးတော့ ကျွဲ၊ နွားများ စားစရာမရှိတော့လောက်အောင် ဖြစ်နေပါတယ်။ ကျွန်တော့်ရဲ့မဲဆန္ဒနယ် သနပ်ပင်မြို့နယ်မှာ မူလကစားကျက်မြေဧကပေါင်းမှာ ၁၅၂၂၇.၇၁ ဧက

ရှိပြီးတော့  ဧက ၈၀၆၇.၉၈ ဧကကို ပယ်ဖျက်ခဲ့တာကြောင့် လက်ကျန်စာရင်းမှာတော့ ၇၁၅၉.၇၃ ဧကရှိပါတယ်။ ဥပဒေအရ စာရင်းပေါက်တာက ဧက ၇၀၀၀ ကျော်ရှိပေမဲ့လည်း တကယ့်လက်တွေ့ မြေပြင်မှာတော့ စိုက်ပျိုးမြေတွေဖြစ်နေတာ ဧက ၅၄၀၆ ဧကရှိပြီးတော့ ရွာမြေ၊ ချောင်းမြေ၊ အခြား မြေတွေဖြစ်နေတာက ဧက ၉၉၀ ရှိပါတယ်။ ကမ်းပြိုသွားတဲ့မြေတွေလည်းရှိပါတယ်။ တကယ့် အခြေအနေမှာတော့ ကျွဲ၊ နွားများအတွက် ကွက်လပ်မကျန်တော့လောက်အောင်ရှိနေမှာဖြစ်ပါတယ်။ ကျွန်တော့်မြို့နယ်မှာ ဖျက်သိမ်းခဲ့တဲ့ စားကျက်မြေဧက ၈၀၀၀ ကျော်ကို လေ့လာကြည့်တဲ့အခါမှာ တိုင်းကျိုးပြည်ကျိုးအတွက် အများပြည်သူသဘောထားဆန္ဒရယူပြီး တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့ အညီဆောင်ရွက်ခဲ့ကြတာမဟုတ်ဘဲနဲ့ ကိုယ်ကျိုးစီးပွားအတွက် ဥပဒေကို လုပ်နည်းလုပ်ဟန်တွေကို မျက်ကွယ်ပြုဆောင်ရွက်ခဲ့တာကို တွေ့ရပါတယ်။ ဥပမာ- သနပ်ပင် မြို့နယ်က လှပကစ်စားကျက်မြေမှာ ရှိတဲ့ ဧက ၄၉၇.၇၉ ဧကကို ပယ်ဖျက်ပြီးတော့ ရန်ကုန်မှာနေတဲ့ တပ်မတော်အရာရှိကြီးဟောင်းတစ်ဦးကို အမည်ပေါက်ချပေးခဲ့ပါတယ်။ အဲဒီစားကျက်မြေကို အမည် ပေါက်ယူထားသူက မူလနှစ်ပေါင်းများ စွာကတည်းက လယ်ယာစိုက်ပျိုးလုပ်ကိုင်နေသူတွေ၊ ငါးရှာ၊ ဖားရှာလုပ်ကိုင်နေတဲ့ ရေလုပ်သားတွေနဲ့ ဒေသခံတွေကို အကြိမ်ကြိမ်ခြိမ်းခြောက်၊ အကြိမ်ကြိမ် တရားစွဲဆိုပြီးတော့ အကြိမ်ကြိမ်အရေးယူခံရပါတယ်။ နစ်နာမှုတွေဖြစ်နေကြပါတယ်။ ဒေသခံပြည်သူ တွေက စားကျက်မြေအတိုင်းပြန်ထားပေးဖို့ တောင်းဆိုကြတယ်။ ဒါမှမဟုတ်ရင်လည်း ဖျက်သိမ်းမယ် ဆိုလို့ရှိရင်လည်း ဒေသခံများကို ခွဲဝေချထားပေးဖို့ အစိုးရအဆက်ဆက်ကို အကြိမ်ကြိမ် တင်ပြ တိုင်ကြားခဲ့ပါတယ်။ သို့သော်လည်း အခုထိ ဒေသခံတွေနဲ့ မြေရယူထားတဲ့သူတွေဟာ  ပြဿနာဟာ အရေးယူခံရနေဆဲပဲဖြစ်ပါတယ်။ အစိုးရသစ်ရဲ့ အရေးယူဆောင်ရွက်မှုတွေဟာလည်း တုံ့နှေးနေတာ တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်မှာဖော်ပြခဲ့တဲ့ ကျွန်တော့်မြို့နယ်ရဲ့ဖြစ်စဉ်ဟာ နမူနာဖော်ပြခြင်းသာ ဖြစ်ပြီးတော့ နိုင်ငံ့အဝန်းမှာဖြစ်ပေါ်နေတဲ့ ပကတိအခြေအနေများပဲဖြစ်ပါတယ်။ မြေပြင်အခြေအနေနဲ့ ကိုက်ညီအောင်လို့ စနစ်တကျမူဝါဒများချမှတ်ပြီးတော့ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ အဆောတလျင်ဆောင်ရွက်ရန်လိုအပ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ တိုင်းပြည် အကျိုး၊ အများပြည်သူအကျိုး၊ ဒေသခံလူထုရဲ့အကျိုးဖြစ်ထွန်းမှုကို အဓိကရည်ရွယ်ပြီးတော့ ဒေသခံ တွေရဲ့သဘောထားဆန္ဒနှင့်အညီ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဆိုရှင်တင်ပြသလို ရွာမြေတွေ၊ လမ်း မြေ၊ ချောင်းမြေဖြစ်နေတာတွေကိုတော့ စားကျက်မြေအဖြစ်ကနေ ဥပဒေအရပယ်ဖျက်နုတ်ပယ်ပြီး

စိုက်ပျိုးမြေအဖြစ်သာ ပြောင်းလဲအသုံးပြုသင့်တဲ့မြေတွေကိုတော့ ပြန်လည်သိမ်းယူပြီးတော့ လုပ်ကွက်ငယ်တောင်သူလယ်သမားများအဖြစ် ယင်းစားကျက်မြေကျူးသူများအပါအဝင် လယ်ယာမဲ့တွေကို မျှတစွာခွဲဝေချထားပေးခြင်းဖြင့် ဆင်းရဲမွဲတေမှုကို တစ်နည်းအားဖြင့် လျှော့ချနိုင်မှာဖြစ်ပါတယ်။ စိုက်ပျိုးမြေအဖြစ်မသင့်လျော်တဲ့မြေတွေကိုတော့ စားကျက်မြေအဖြစ် ပြန်လည်ထားရှိပြီးတော့ မွေးမြူရေးအစာအဖြစ် မြက်မျိုးကောင်းမျိုးသန့်များစိုက်ပျိုးကာ အသားစား၊ နို့စားနွားများ၊ ခိုင်းကျွဲ၊ ခိုင်းနွားများ မွေးမြူရေးလုပ်ငန်းများကို နိုင်ငံတော်ကပါ စီမံကိန်းများရေးဆွဲ၍ ငွေအရင်းအနှီးနှင့် နည်းပညာများအထောက်အပံ့နဲ့ ဆောင်ရွက်သင့်ပါကြောင်းနှင့် အဆိုရှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းရဲ့အဆိုအတိုင်း စားကျက်မြေများနှင့်စပ်လျဉ်း၍ ဒေသခံပြည်သူတွေရဲ့ သဘောဆန္ဒနှင့်အညီ လက်တွေ့ကျကျအသုံးပြုနိုင်ရေးအတွက် ရှင်းလင်းတိကျတဲ့မူဝါဒများကို အဆောတလျင်ချမှတ်ဆောင်ရွက်သင့်ပါကြောင်း ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမြင့်သိန်း(ညောင်လေးပင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လက်ပံတန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းတင်သွင်းတဲ့ စားကျက်မြေနဲ့သက်ဆိုင်တဲ့အဆိုကို ကျွန်တော်တို့ ညောင်လေးပင်မြို့နယ်မှာရှိတဲ့ စားကျက်မြေများရဲ့အခြေအနေများကို တင်ပြရင်းနဲ့ ဆွေးနွေးထောက်ခံသွားမှာပဲ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ဒါက ကျွန်တော်တို့ ညောင်လေးပင်မြို့နယ်မှာရှိတဲ့ စားကျက်မြေများရဲ့အခြေအနေပဲ ဖြစ်ပါတယ်။ မူလစားကျက်မြေဧရိယာဟာ ဒီလောက်ရှိပါတယ်။ ဒီထဲကမှ ကျွန်တော်တို့ သီးနှံစိုက်ပျိုးတဲ့ဧကက ဒီလောက်ရှိပြီးတော့ ပယ်ဖျက်ပြီးတဲ့ဧကက ၂၃၇၈ ဧက ဖြစ်ပါတယ်။ ဒီပယ်ဖျက်ထားတဲ့ဧကဟာဆိုရင် ၁၉၉၂ ခုနှစ်ကနေ ၁၉၉၆ ခုနှစ်အတွင်းမှာ ပယ်ဖျက်ထားတာပဲဖြစ်ပါတယ်။ ဒါက စာစောကပြတဲ့ လက်ကျန်မြေဧရိယာမှာ အသုံးပြုထားတဲ့ဧကတွေပဲဖြစ်ပါတယ်။ မြို့/ရွာမြေဧရိယာကို ၃၉၄ ဧက၊ ဆည်၊ ကန်၊ တာတမံ ဧရိယာကို ၅၂ ဧက၊ သာသနမြေ၊ သုသာန်စသဖြင့် ဒါကို ၃၃ ဧကနှင့် တခြားကုန်းမြေချိုင့်ဝှမ်းများ အဖြစ်က ၅၇၆ ဧကရှိပါတယ်။ ဒါဟာ စာစောတုန်းက စာရင်းမှာပါတဲ့ စိုက်ပျိုးထားမှုအခြေအနေပဲ

ဖြစ်ပါတယ်။ ကျေးရွာအုပ်စုပေါင်း ၂၄ အုပ်စုမှာ တောင်သူပေါင်း ၁၂၃၀ ဦးဟာ ကျူးကျော်ပြီးတော့ စိုက်ပျိုးထားပါတယ်။ ဧရိယာပေါင်းက ၄၈၇၅ ဧကဖြစ်ပါတယ်။ ဒါဟာ ကျူးကျော်ထား တယ်ဆိုတဲ့အကြောင်းကို ကျူးကျော်မြေဆိုတဲ့ဟာကို ကျွန်တော်တို့တိုင်းထဲမှာ ဒီလိုပဲ ဆိုင်းဘုတ်တွေ ချိတ်ပြီးပြထားတာဖြစ်ပါတယ်။ အဲဒီလို စောစောတုန်းက ကျွန်တော်တို့ တောင်သူတွေ စိုက်ပျိုးထားတဲ့ ဟာဆိုလို့ရှိရင်လည်းပဲ နှစ်ပေါင်းမြောက်မြားစွာရှိနေပြီဖြစ်ပါတယ်။ ဒီလိုရှိနေပေမဲ့လည်း တရားဝင် ပိုင်ဆိုင်ခြင်းမရှိကြတဲ့အတွက် သူတို့မှာ စိုက်ပျိုးစရိတ်ချေးငွေများကိုလည်းပဲ မရရှိကြပါဘူး။ အဲဒီအခါ မှာ စားကျက်စာရင်းကနေပြီး ပယ်ဖျက်ပြီးတော့ စိုက်ပျိုးမြေအဖြစ် တရားဝင်ခွဲဝေသတ်မှတ်ပေးဖို့ ဆိုပြီး တောင်းဆိုလာကြပါတယ်။ ဒါပေမဲ့လည်း စောစောကပြောတဲ့ကျေးရွာအုပ်စုတွေမှာပဲ အချို့ကျွဲ၊ နွားမွေးတဲ့လူတွေကလည်းပဲ စားကျက်မြေတွေကို မပယ်ဖျက်လိုပါဘူး။ ဒါကြောင့်မို့လို့ မူလအတိုင်း ထားရှိဖို့ဆိုပြီးတော့ တောင်းဆိုလာကြပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ရွာတွေမှာ ကွဲပြားတဲ့ တောင်းဆိုမှုတွေရှိလာပါတယ်။ စားကျက်မြေကို တချို့ကလည်း မူလအတိုင်းထားလိုပါတယ်။ တချို့ ကလည်းပဲ စားကျက်မြေကို မြို့မြေ/ရွာမြေများအဖြစ် လုပ်လိုပါတယ်။ တချို့ကလည်း စားကျက်မြေကို စိုက်ပျိုးမြေအဖြစ် တရားဝင်ခွဲဝေပြီးတော့ ယူလိုကြပါတယ်။ တချို့ကလည်းပဲ စားကျက်မြေကို စောစောက ကျွန်တော်တို့ တင်ပြထားတဲ့အခြားနည်းများနဲ့ အသုံးချလိုတာတွေလည်း ရှိလာကြပါ တယ်။ အဲဒီလိုကွဲပြားလာတဲ့ ဆန္ဒသဘောထားတွေရှိလာတဲ့အခါမှာ ကျေးရွာတွေမှာ မြေယာ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အငြင်းပွားမှုတွေ၊ မြေလုမှုတွေ၊ မြေအရောင်းအဝယ် ရှုပ်ထွေးမှုတွေလည်းပဲ ဖြစ်ပေါ်လာကြပါတယ်။ ကျွန်တော်တို့မြို့နယ်မှာဆိုရင် မြေယာမှုခင်းများနှင့်ပတ်သက်ပြီးတော့ စားကျက်မြေနဲ့ပတ်သက်တဲ့ အမှုအခင်းတွေကလည်းပဲ ရှိလာပါတယ်။ ဒီလိုဖြစ်တဲ့အတွက် အငြင်းပွားမှု၊ ခိုက်ရန်ဖြစ်ပွားမှု၊ ရာဇဝတ်မှုများ စသဖြင့် အတည်ဖြစ်လာကြပါတယ်။ တစ်နည်းအားဖြင့် ပြောရရင် ရွာတွေမှာ စည်းလုံးညီညွတ်မှုပျက်ပြားလာတာတွေ၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားလာတာ တွေကိုလည်း ရှိပါတယ်။ ဒီဥပမာဟာ ကျွန်တော့်မြို့နယ်မှာတင်ရှိတာမဟုတ်ပါဘူး။ စောစောတုန်းက ကျွန်တော့်ရဲ့မိတ်ဆွေ ကိုယ်စားလှယ်များတင်ပြသွားသလိုပဲ မြို့နယ်များမှာ ဖြစ်ပျက်နေတာကိုလည်းပဲ ကိုယ်စားလှယ်ကြီးများအားလုံး ကြားသိပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရပ်/ကျေးများကို ဆင်းတဲ့အခါမှာ ကျေးရွာပြည်သူတွေကနေ ပြီးတော့ ဒီလိုစားကျက်မြေအရေးအခင်းတွေကို တင်ပြကြပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ပြည်သူ တွေရဲ့တင်ပြချက်တွေကို ရေးမှတ်ယူခဲ့ပြီးတော့ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေး မြေစာရင်းဌာန

စသည်တို့မှာ စုံစမ်းတဲ့အခါမှာ တိကျတဲ့၊ ရေရာတဲ့အဖြေမျိုးတွေမရရှိခဲ့ပါဘူး။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးအတွင်းမှာဆိုရင် တိုင်းအစိုးရအဖွဲ့မှ စားကျက်မြေပယ်ဖျက်ခွင့်ကို ဆိုင်းငံ့ထားဖို့ ညွှန်ကြားထားကြောင်းလည်း ပြည်ထဲရေးဝန်ကြီးဌာနမှလည်းပဲ စားကျက်မြေပယ်ဖျက်ခွင့် အမှုတွဲဖွင့်ခွင့်ကို ပြည်ထောင်စုဝန်ကြီးထံ တင်ပြပြီး ခွင့်ပြုမှ အမှုတွဲတည်ဆောက်တင်ပြရန်ဆိုတဲ့ ညွှန်ကြားမှုများသာ ရှိကြောင်းကို ကျွန်တော်တို့ စုံစမ်းကြားသိခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြသွားသလိုပဲ စားကျက်မြေဆိုင်ရာပြဋ္ဌာန်းထားတဲ့ဥပဒေ၊ နည်းဥပဒေများဟာဆိုရင် ၁၈၇၆ ခုနှစ်လောက်က ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက်ကြောင့် ယနေ့လက်ရှိအခြေအနေများနှင့်လည်း ဆီလျော်ကိုက်ညီမှုမရှိတာတွေကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အောက်ခြေကျေးရွာတွေမှာ စားကျက်မြေဆိုင်ရာ မြေယာပြဿနာတွေကို ဖြေရှင်းနိုင်ဖို့အတွက် လက်ပံတန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း တင်သွင်းထားတဲ့ စားကျက်မြေများနှင့်စပ်လျဉ်းပြီးတော့ ဒေသခံပြည်သူတွေရဲ့ဆန္ဒ၊ သဘောထားကိုလည်း ရယူမယ်။ ရယူပြီးတော့မှ ဒါကို စိုက်ပျိုးမြေအဖြစ် သို့မဟုတ်လည်း ရွာမြေအဖြစ် သို့မဟုတ် စားကျက်မြေအဖြစ် အခြားနည်းအသုံးပြုပြီး လက်တွေ့ကျကျသုံးနိုင်ရေးအတွက် ရှင်းလင်းတိကျတဲ့ မူဝါဒတွေကို ဆောလျင်စွာချမှတ်အကောင်အထည်ဖော်နိုင်ရေးကို ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုကို ကျွန်တော့်အနေနဲ့ လေးနက်စွာထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်အောင်(ဒီပဲယင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို ကျန်းမာပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင် ဖြစ်ပါတယ်။ လက်ပံတန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းတင်သွင်းတဲ့ စားကျက်မြေများနှင့်စပ်လျဉ်းပြီး ဒေသခံပြည်သူလူထုရဲ့ သဘောထားကိုရယူပြီး စိုက်ပျိုးမြေအဖြစ်လည်းကောင်း၊ ရွာမြေအဖြစ်သို့လည်းကောင်း၊ စားကျက်မြေအဖြစ်သို့လည်းကောင်း သို့မဟုတ် အခြားနည်းအသုံးပြုမှုတစ်ခုခုအတွက်လည်းကောင်း လက်တွေ့ကျကျအသုံးပြုနိုင်ရေးအတွက် ရှင်းလင်းတိကျသောမူဝါဒကိုဆောလျင်စွာချမှတ်အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရကို အကြံပြုထောက်ခံဆွေးနွေး

သွားမှာဖြစ်ပါတယ်။ ပထမဦးဆုံး အဆိုရှင်ကို ထောက်ခံလိုတဲ့အချက်ကတော့ ဒေသခံပြည်သူလူထုရဲ့ ဆန္ဒသဘောထားကို ရယူပြီးမှ စားကျက်မြေကို၊ စိုက်ပျိုးမြေ၊ ရွာမြေ၊ အခြားနည်းအသုံးချတဲ့မြေအဖြစ် ပြောင်းလဲလုပ်ပါဆိုတဲ့အချက်ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံရေးစနစ်ရဲ့အဓိက အနှစ်သာရကို အဆိုရှင်က ဖော်ထုတ်လိုက်တာဖြစ်ပါတယ်။ မြေယာနှင့်ပတ်သက်လို့ အာဏာပိုင်များ၊ မြေစာရင်းဦးစီးဌာန အရာရှိများ၊ ဝန်ထမ်းများနဲ့ ငွေရှင်ကြေးရှင်တို့ကို စီမံခန့်ခွဲခွင့်ပေးထားခဲ့ရတာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူလူထုကို မျက်ကွယ်ပြုခဲ့တဲ့အတွက် ယနေ့အထိဖြေရှင်းရန်ကြန့်ကြာနေခဲ့တဲ့ မြေယာပြဿနာတွေရှိနေတာပါ။ သို့ပါ၍ စားကျက်မြေများနှင့်စပ်လျဉ်းပြီး ဒေသခံပြည်သူလူထုရဲ့သဘောထားရယူပါဆိုတဲ့အချက်ကို လက်တွေ့ကျပြီးရှင်းလင်းတိကျတဲ့ အခြေခံမူအဖြစ် အကောင်အထည်ဖော်သင့်ပါကြောင်း ပြည်ထောင်စုအစိုးရကို တိုက်တွန်းအကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရိုးရာဓလေ့အရ မြေယာကိုစီမံခန့်ခွဲခဲ့တာ နိုင်ငံတစ်ဝန်းလုံးမှာ ကျင့်သုံးတည်ရှိခဲ့ပါတယ်။ ရိုးရာဓလေ့ထုံးတမ်းဥပဒေဖြင့် စားကျက်မြေ၊ စိုက်ပျိုးမြေ၊ ရွာမြေ၊ သစ်တောမြေစသည်ဖြင့် မြေအမျိုးအစားကိုရော ပိုင်ဆိုင်မှုကိုပါ ခွဲခြားဖော်ပြနိုင်တာကြောင့် စားကျက်မြေကိုအသုံးချသည့်အခါ ရိုးရာဓလေ့ထုံးတမ်းမြေယာဥပဒေကို မူတစ်ခုအဖြစ် သတ်မှတ်လက်ခံပါရန် ပြည်ထောင်စုအစိုးရကို အကြံပြုတိုက်တွန်းလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ နိုင်ငံတော်အခြေခံမူများရဲ့ ပုဒ်မ ၂၃ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်သည် တောင်သူလယ်သမားများ၏အခွင့်အရေး၊ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများကို ပြဋ္ဌာန်းဆောင်ရွက်မည်ဟု ဖော်ပြထားချက်နှင့်လည်း လိုက်လျောညီထွေရှိပြီး အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို အခြေခံတဲ့ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ရိုးရာဓလေ့ထုံးတမ်းမြေယာဥပဒေဟာ အထောက်အကူပြုတဲ့မူတစ်ရပ်ဖြစ်တယ်လို့ သဘောပေါက်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စားကျက်မြေနှင့် စိုက်ပျိုးမြေများနှင့်ပတ်သက်ပြီး ဆက်လက်ဆွေးနွေးအကြံပြုရမယ်ဆိုရင်မြို့ပြနှင့်ကျေးလက်သီးခြားစီခွဲခြားပြီး မြေစီမံခန့်ခွဲမှုပြုသင့်ပါတယ်။ ကျေးလက်ဒေသများမှာ နေထိုင်ကြတဲ့ တောင်သူလယ်သမားများရဲ့ ကျေးရွာများမှာ အိမ်ဝိုင်းဈေးတွေဟာ မြင့်မားနေပါတယ်။ ဘာကြောင့်လဲဆိုတော့ ရွာအနီးအနားက စားကျက်မြေများနှင့်စိုက်ပျိုးမြေပေါ်မှာ အိမ်ဆောက်လျှင် တည်ဆဲဥပဒေအရ ရွာမြေအဖြစ်ပြောင်းလဲအသုံးချဖို့ရန်အတွက် လ/ယ ၃၀ လျှောက်

ထားတဲ့အခါမှာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ထံ လျှောက်ထားရတဲ့အတွက် ပြည်သူနှင့်အလှမ်းကွာပါတယ်။ အချိန်တွေကြာမြင့်ပြီး မြေစာရင်းဦးစီးဌာနနှင့် မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနတို့ရဲ့ သဘောထားအပေါ်မှာသာ မူတည်နေပါတယ်။ ကျွန်တော်တို့ မြို့နယ်မှာဆိုရင် ကိုယ့်လယ်မြေပေါ်မှာ ကိုယ်အိမ်ဆောက်မိလို့ ထောင်ကျခဲ့ရတဲ့သူတွေတောင်မှ ရှိခဲ့ဖူးပါတယ်။ ဒါကြောင့် ကျေးရွာအတွင်းမှာရှိတဲ့ အိမ်များဟာ ခေါင်မိုးချင်းဆက်လုမတက် ပြွတ်သိပ်နေတတ်ပါတယ်။ မိသားစုများအတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အဆင်မပြေသလို မီးဘေးအန္တရာယ်လည်း ပိုပြီးစိုးရိမ်ရပါတယ်။ သို့အတွက် ကျေးရွာများနှင့်တစ်မိုင်အတွင်းမှာရှိတဲ့ စားကျက်မြေ၊ စိုက်ပျိုးမြေများကို ရွာမြေအဖြစ်ပြောင်းလဲအသုံးချနိုင်ရန် သက်ဆိုင်ရာကျေးရွာများရဲ့ အုပ်ချုပ်ရေးမှူးနှင့် ရပ်/ကျေးမြေပြန်လည်စိစစ်ရေးကော်မတီတို့ရဲ့ ထောက်ခံချက်ဖြင့် မြို့နယ်အဆင့်စီမံခန့်ခွဲမှုကော်မတီမှ အလွယ်တကူပြောင်းလဲအသုံးချခွင့်ပြုသင့်ပါတယ်ခင်ဗျား။ ခရိုင်နှင့်တိုင်းဒေသကြီးမြို့ကြီးများ၏ အနီးနားမှာရှိတဲ့ စားကျက်မြေများကိုတော့ နိုင်ငံတော်ရဲ့ရေရှည်၊ ရေတိုအကျိုးစီးပွားကို သုံးသပ်ကြည့်ရှုဆောင်ရွက်နိုင်ဖို့ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများကသာ စီမံခန့်ခွဲသင့်ပါတယ်။ ကျွဲ၊ နွားတိရစ္ဆာန်များအတွက် စိုက်ပျိုးမြေ၊ ရွာမြေ၊ မြို့မြေများနှင့် အနည်းငယ်အလှမ်းကွာဝေးတဲ့ နေရာတွေမှာသာ စားကျက်မြေဖြစ်သင့်ပြီး စီးပွားဖြစ်မွေးမြူသူများအတွက် သီးသန့်အကောင်အထည်ဖော်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ သို့အတွက် တည်ဆဲမြေယာဥပဒေများကို အပြန်ပြန်အလှန်လှန်သုံးသပ်သုတေသနပြုပြီး မြေယာဥပဒေ အသစ်ပြဋ္ဌာန်းတဲ့အခါမှာ ကျေးလက်နှင့်မြို့ပြကို သီးခြားစီခွဲ၍ပြဋ္ဌာန်းသင့်တယ်ဆိုတာ အခြေခံမူတစ်ခုအဖြစ် ပြည်ထောင်စုအစိုးရအနေဖြင့် သုံးသပ်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတိုက်တွန်းရင်း လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့အဆိုကို ထောက်ခံပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးကျော်မင်း၊ လက်ပံတန်းမဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်း မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း တင်သွင်းသွင်းထားတဲ့အဆိုအပေါ်မှာ ပြန်လည်ရှင်းလင်းတင်ပြသွားပါမယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတော် မြေနှင့်အခွန်တော် အမိန့်ဆင့်ဆိုချက်ပါ ညွှန်ကြားချက်များ အထက်မြန်မာနိုင်ငံတော် မြေနှင့် အခွန်နည်းဥပဒေ၊ အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေတို့မှာ စားကျက်မြေ တည်ထောင်ခြင်းကို ခရိုင်အုပ်ချုပ်ရေးမှူး ကောလိတ္တော်အရာရှိကိုလည်းကောင်း၊ ပယ်ဖျက်ခြင်းကို တိုင်းဒေသကြီး/ပြည်နယ်အုပ်ချုပ်ရေးမှူးများကိုလည်းကောင်း ဆောင်ရွက်ရန် တာဝန်အပ်နှင်းထားပြီး သက်ဆိုင်ရာနေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရဲ့ အတည်ပြုချက်များ နှင့် စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအခြေအနေမှာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တွေဟာ စားကျက်မြေအဖြစ်မှ နုတ်ပယ်ခြင်း၊ ပယ်ဖျက်ခြင်းများ ကို အလွယ်တကူခွင့်မပြုဘဲ ကာလကြာရှည်စွာဝင်ရောက်အသုံးပြုနေတဲ့အနေအထားအပေါ် မူတည်ပြီး နိုင်ငံတော်နှင့်အများပြည်သူအကျိုးငှာ မြို့မြေ၊ ရွာမြေတိုးချဲ့ရန် လိုအပ်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ သာသနာ့မြေ၊ သုသာန်မြေကိစ္စနှင့် လယ်မဲ့၊ ယာမဲ့များအတွက် စိုက်ပျိုးမြေများ ဖော်ထုတ်ပေးခြင်းတို့အတွက် စားကျက်မြေဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် အညီ စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ မလိုလားအပ်မှုများ မဖြစ်ပေါ်လာ စေရေးအတွက် ဒေသခံပြည်သူများရဲ့သဘောဆန္ဒနှင့်အညီ အဘက်ဘက်မှ ချင့်ချိန်ဆောင်ရွက်လျက်ရှိ ပါတယ်။ ဒါ့အပြင် ဒေသတစ်ခုနှင့်တစ်ခု ဖြစ်ပေါ်လိုအပ်ချက်တွေမတူညီတဲ့အတွက်ကြောင့်လည်း ပုံသေနည်းဖြင့် ဆောင်ရွက်နိုင်ဖို့အတွက်လည်း အခက်အခဲများဖြစ်ပေါ်နိုင်ကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါတယ်။

ထိုသို့ပယ်ဖျက်ရာမှာ စားကျက်မြေအဖြစ်မှ နုတ်ပယ်ခြင်း၊ ပယ်ဖျက်ခြင်းများကိုလည်း တည်ဆဲ ဥပဒေများအရ တိုင်းဒေသကြီး/ပြည်နယ်အုပ်ချုပ်ရေးမှူးများမှ ဆောင်ရွက်နိုင်ခွင့်ရှိသော်လည်း စားကျက်မြေပေါ်တွင် အမှီသဟဲပြုနေသော ပတ်ဝန်းကျင်ကျေးရွာများမှ ကျွဲ၊ နွားများအတွက် ကျန်ရှိ နေသော စားကျက်မြေ လုံလောက်မှုရှိ/မရှိ၊ သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရဲ့

မူကြမ်း

သဘောထားထောက်ခံချက်၊ တိရစ္ဆာန်ပိုင်ရှင်များနှင့် ဒေသခံပြည်သူတို့ရဲ့ သဘောတူညီချက် အမှန်တကယ်လိုအပ်ခြင်းရှိ/မရှိ၊ စိစစ်ချက်များနှင့်အတူ လက်ရှိ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရဲ့စိစစ်ထောက်ခံချက်များအပေါ်မှာ ပြည်ထဲရေးဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အုပ်ချုပ်ရေးမှူးများမှ စားကျက်မြေနုတ်ပယ် ခြင်း၊ ပယ်ဖျက်ခြင်းများကို အမိန့်ကြော်ငြာစာထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံ အတွင်းမှာတော့ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှာ စားကျက်မြေတည်ထောင်သတ်မှတ် ထားခြင်းမရှိဘဲနဲ့ နေပြည်တော်ကောင်စီနယ်မြေနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင်သာ ကွဲ၊ နွား စားကျက်မြေများတည်ရှိပါတယ်။ တစ်နိုင်ငံလုံးမှာ မူလစားကျက်မြေဧရိယာ စုစုပေါင်း ၈၆၅၇၇၂.၄၄ ဧက တည်ရှိခဲ့ပြီး တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဝင်ပယ်ဖျက်ခဲ့မှု များမှာ ၂၀၁၆ ခုနှစ် မတ်လအထိ ၁၃၄၀၄.၁၂ ဧက ဖြစ်ပါတယ်။ ယခု လက်ရှိအစိုးရလက်ထက်မှာ တော့ ၂၅၁၄.၂၂ ဧကကိုပယ်ဖျက်ခဲ့တဲ့အတွက် လက်ရှိအခြေအနေမှာ မြေဧရိယာ ၇၃၂၈၅၄.၁၀ ဧက စားကျက်မြေအဖြစ် စာရင်းအရ ကျန်ရှိပါတယ်။ အဆိုပါပယ်ဖျက်ပြီး စားကျက်မြေများကို လက်ရှိ အသုံးပြုနေမှုအခြေအနေမှာ လူနေအိမ်ရာမြေအဖြစ် မြေဧရိယာ ၅၀၉၅.၃၆ ဧက၊ စက်မှုဇုန်နှင့် လုပ်ငန်းသုံးမြေဧရိယာ ၁၆၈၂၈.၁၂ ဧက၊ စိုက်ပျိုးမြေဧရိယာ ၆၀၄၂၀.၂၀ ဧက၊ ငါးမွေးမြူရေးကန် မြေဧရိယာ ၈၇၃၆.၅၇ ဧက၊ ဌာနအသုံးပြုမြေ ၁၅၈၀.၂၁ ဧက၊ လမ်းမြေဧရိယာ ၂၉၆.၆၂ ဧက၊ ဌာနပိုင်မြေဧရိယာ ၃၄၂၉.၅၃ ဧက၊ သုသာန်မြေဧရိယာ ၄၀၃၀.၀၅ ဧက၊ အားကစားကွင်းဧရိယာ ၁၇၃.၁၂ ဧက၊ ကမ်းပြိုမြေဧရိယာ ၁၈၉.၂၉ ဧက၊ ရေအောက်မြေဧရိယာ ၁၁၁၈.၄ ဧကနှင့် အခြား မြေဧရိယာ ၄၂၀.၈၁ ဧကတို့ဖြစ်ပါတယ်။

လက်ရှိကျန်ရှိနေတဲ့ စားကျက်မြေများကို မြေပြင်အမှန်စိစစ်ခြင်း၊ ကျူးကျော်ဝင်ရောက်၍ စိုက်ပျိုးခြင်း၊ နေအိမ်ဆောက်လုပ်ခြင်းအပါအဝင် တရားမဝင်စားကျက်မြေကျူးကျော်မှုများကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ညွှန်ကြားချက်များထုတ်ပြန်၍ တားဆီးခြင်း၊ လိုအပ်ပါက တရားစွဲဆို ညစ်ယူခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် လက်ရှိအခြေ အနေအပေါ်မူတည်၍ ဒေသခံပြည်သူတို့၏ ဆန္ဒနှင့်အညီ ဆောင်ရွက်သင့်သည့်လုပ်ငန်းများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ခဲ့ရာမှာလည်း စားကျက်မြေပယ်ဖျက်ခဲ့တဲ့ လုပ်ငန်း စဉ်များအပေါ်မှာ မြေယာစီမံခန့်ခွဲမှုတွေ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် ကိုက်ညီမှုမရှိဘဲ ဆောင်ရွက်ခဲ့သည့်အတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများအပါအဝင် သက်ဆိုင်ရာတာဝန်ရှိ

မူကြမ်း

ဝန်ထမ်းများကိုလည်း ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့် အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စားကျက်မြေများနှင့်ပတ်သက်၍ စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိတဲ့အပြင် အချို့သောတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စားကျက်မြေပယ်ဖျက်ခွင့်တင်ပြမှုများအပေါ် လိုအပ်မည့်ဧရိယာကိုသာ ခွင့်ပြုနိုင်ဖို့နဲ့ တိကျမှန်ကန်စေရန် မြေယာပြဿနာများကို ဖြေရှင်းဆောင်ရွက်နေရခြင်းတို့ကြောင့် လက်ရှိစိစစ်ဆဲကာလအတွင်းမှာ စားကျက်မြေပယ်ဖျက်ခွင့်ကိစ္စရပ်များကိုလည်း ခေတ္တဆိုင်းငံ့ထားရှိကြောင်းလည်း သိရှိရပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လျက်ရှိရာမှာ ပြောင်းလဲလာတဲ့ခေတ်စနစ်နဲ့အညီ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ဖို့အတွက် စီမံဆောင်ရွက်လျက်ရှိသော်လည်းပဲ ကျွဲ၊ နွား တိရစ္ဆာန်များနေရာမှာ လယ်ယာသုံးစက်ကိရိယာများအဖြစ် အပြည့်အဝအစားထိုးနိုင်ခြင်းမရှိသေးဘဲ ကျွဲ၊ နွားများကို အသုံးပြုနေရဆဲဖြစ်တဲ့အတွက် ကျွဲ၊ နွားများ လွတ်ကျောင်းရန်နှင့် အစားအစာအတွက် စားကျက်မြေများကို ဆက်လက်ထားရှိရန်လည်း လိုအပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါ့အပြင် စားကျက်မြေများ ပပျောက်သွားပါက ဒေသအလိုက် မွေးမြူရေးလုပ်ငန်းများလည်း ထိခိုက်လာနိုင်ပြီး သဘာဝမြေဩဇာသုံးစွဲနိုင်ရေးအတွက် အရင်းအမြစ်များ လျော့နည်းနိုင်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကိုလည်း ထိခိုက်စေနိုင်တဲ့အတွက် စားကျက်မြေကို ဆက်လက်ထိန်းသိမ်းထားရှိရန်လည်း လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ စားကျက်မြေတည်ရှိမှုနှင့်လုံလောက်မှုဟာ ဒေသတစ်ခုနှင့်တစ်ခု တူညီမှုမရှိနိုင်တဲ့အတွက် ဒေသအလိုက် အမှန်တကယ်လိုအပ်မှုကို မြေပြင်အခြေအနေမှန်စိစစ်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရတို့မှ ဒေသခံပြည်သူများရဲ့ သဘောဆန္ဒနှင့်အညီ စားကျက်မြေပယ်ဖျက်ရေးနှင့်ပတ်သက်ပြီး အလေးထားကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာလည်း ဒေသတစ်ခုနှင့်တစ်ခု၏ လိုအပ်ချက်များ၊ တူညီမှုမရှိတဲ့အတွက်လည်း တစ်နေရာနှင့်တစ်နေရာ ပုံသေသတ်မှတ်ဆောင်ရွက်နိုင်ရန်လည်း အခက်အခဲများရှိနိုင်ကြောင်း လေ့လာသုံးသပ်တွေ့ရှိရပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ အများပြည်သူတို့ရဲ့ အကျိုးစီးပွားကိုရှေးရှု၍ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဒေသခံပြည်သူများရဲ့ သဘောတူညီချက်များ ရယူဆောင်ရွက်လျက်ရှိတဲ့အပြင် မလိုလားအပ်မှုများမဖြစ်ပေါ်စေရေးအတွက်လည်း ချိန်ဆဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ကျန်ရှိနေတဲ့စားကျက်မြေတွေကိုလည်း စနစ်တကျ

ထိန်းသိမ်းစီမံနိုင်ရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ အလားတူစားကျက်မြေနှင့် ပတ်သက်ပြီး ဆွေးနွေးတင်ပြချက်များအပေါ်မှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့လည်း နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့ရဲ့အကျိုးစီးပွားကို ရှေးရှုပြီး ဆွေးနွေးပြောကြားချက်များဖြစ်တဲ့ အတွက် ကျွန်တော်တို့ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာအစိုးရများအနေနဲ့လည်း အလေး ထားမှတ်သားဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း အလေးအနက်ထားတင်ပြလိုပါတယ်။

သို့ပါ၍ အဆိုရှင်ရဲ့ နိုင်ငံတစ်ဝန်းမှာရှိတဲ့ စားကျက်မြေများနှင့်စပ်လျဉ်းပြီး ဒေသခံပြည်သူတို့ရဲ့ ဆန္ဒသဘောထားတွေကိုရယူပြီး စိုက်ပျိုးမြေအဖြစ်သို့လည်းကောင်း၊ ရွာမြေအဖြစ်သို့လည်းကောင်း၊ စားကျက်မြေအဖြစ်သို့လည်းကောင်း သို့မဟုတ် အခြားနည်းအသုံးပြုမှုတစ်ခုခုအတွက်လည်းကောင်း လက်တွေ့ကျကျအသုံးပြုနိုင်ရေးအတွက် ရှင်းလင်းတိကျတဲ့မူဝါဒ ဆောလျင်စွာချမှတ်အကောင် အထည်ဖော်မှုနှင့်ပတ်သက်ပြီး လက်ရှိ နေပြည်တော်ကောင်စီနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရများအနေနဲ့ နယ်မြေဒေသအလိုက် အမှန်တကယ်ဖြစ်ပေါ်တည်ရှိနေမှုနှင့် လိုအပ်နေမှု များအပေါ် ဒေသခံပြည်သူတို့ရဲ့ဆန္ဒနှင့်အညီ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ အလေးထားကြပ်မတ်ဆောင်ရွက်လျက်ရှိတဲ့အပြင် မမှန်မကန်ဆောင်ရွက်မှုများအပေါ်မှာလည်း စိစစ်အရေးယူမှုများလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ လည်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့်လည်း စိစစ်ဆောင်ရွက်မှုများအပေါ်မှာ အပြည့်အဝပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့အတွက် အဆိုရှင်၏အဆိုအား မှတ်တမ်းတင်သင့်ပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အဆိုနဲ့ပတ်သက်လို့ ပါဝင်ပြီးတော့မှ ကျွန်တော်တို့ပြည်သူလူထုရဲ့အကျိုးစီးပွား အတွက်၊ နိုင်ငံ့အကျိုးစီးပွားအတွက် မိမိတို့လေ့လာထားသရွေ့ မိမိတို့ဒေသနဲ့တွေ့ကြုံရတဲ့ အခက် အခဲများကို တင်ပြပြီးတော့မှ ဆွေးနွေးသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများကိုလည်း ကျွန်တော့် အနေနဲ့ ဒီနေရာကနေ အများကြီးကျေးဇူးတင်တယ်လို့ ပြောကြားလိုပါတယ်။ အဲဒီတော့ ကျွန်တော့် အဆိုနဲ့ပတ်သက်လို့ ကျွန်တော်ဖြစ်စေချင်တဲ့ဆန္ဒ အဲဒါဘာလဲဆိုတော့ ကျွန်တော်တို့နိုင်ငံဟာ ဒီမို ကရေစီစနစ်နဲ့ အုပ်ချုပ်တဲ့နိုင်ငံဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံကို ဒီမိုကရေစီစနစ်အရ

ဥပဒေစိုးမိုးတဲ့နိုင်ငံအဖြစ် ကျွန်တော်ဖြစ်စေချင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံသူ နိုင်ငံသားတွေကိုလည်း ဥပဒေစိုးမိုးတဲ့လူတွေအဖြစ်၊ ဥပဒေကိုလေးစားလိုက်နာတဲ့လူတွေအဖြစ် ကျွန်တော်မြင်ချင်ပါတယ်။ အခု ပြည်ထောင်စုဝန်ကြီးလည်း တင်ပြသွားတာရှိတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များလည်း မိမိတို့ဒေသမှာရှိနေတဲ့အဖြစ်အပျက်များနဲ့ ပတ်သက်ပြီးတော့မှ တင်ပြသွားတာတွေကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံဟာ ခေတ်အဆက်ဆက်အစိုးရများဟာ ဒီလိုစားကျက်မြေတွေကို ကိုလိုနီခေတ်တုန်းက ထုတ်ပြန်ထားတဲ့ဥပဒေတွေအရသော်လည်းကောင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက်တုန်းက ထုတ်ပြန်ထားတဲ့ ဥပဒေများအရသော်လည်း ကောင်း တိတိကျကျပြဋ္ဌာန်းပေးပေမယ်လို့ တရားဥပဒေစိုးမိုးမှုကင်းမဲ့တဲ့အတွက်ကြောင့် ယနေ့မြေပြင် အခြေအနေမှာ စားကျက်မြေရယ်လို့မရှိတော့ဘူးဆိုတာ စောစာကတင်ပြဆွေးနွေးသွားတာကို တွေ့ရ ပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ တရားဥပဒေစိုးမိုးမှုကိုလည်း ကျွန်တော့်အနေနဲ့ ဒီလို စားကျက်မြေတွေကစပြီးတော့မှ တရားဥပဒေစိုးမိုးရေးကိုလည်းပဲ ကျွန်တော်ဖြစ်စေချင်ပါတယ်။

အဲဒီတော့ အခုကျွန်တော်တို့ပြည်ထောင်စုဝန်ကြီးကလည်းပဲ ဒီကိစ္စတွေကို နေရာဒေသအလိုက် ပုံသေကူးချတာမဟုတ်ဘဲနဲ့၊ တစ်ပုံစံတည်းမဟုတ်ဘဲနဲ့ ဒီလိုပယ်ဖျက်တာတွေ၊ ထိန်းသိမ်းတာတွေ လုပ်မယ်လို့လည်းတင်ပြသွားတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ကျေးဇူးတင်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ပြည်ထောင်စုဗဟိုလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ရဲ့ ထုတ်ပြန်ထားတဲ့ကြေညာချက်အရ ကြည့်မယ်ဆိုလို့ရှိရင် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့ကထုတ်ပြန်ထားတဲ့ကြေညာချက်ပါ။ အဲဒီ ကြေညာချက်အရဆိုလို့ရှိရင် သစ်တောမြေ၊ စားကျက်မြေတွေထဲမှာ ကျူးကျော်ပြီးတော့ဝင်ရောက် နေတဲ့ တောင်သူလယ်သမားများနဲ့ပတ်သက်လို့ ပုံစံ(၇)ဆောလျင်စွာထုတ်ပြန်ပေးရေးဆိုတဲ့ ညွှန်ကြား ချက်ရှိပါတယ်။ ဒါကိုပြန်ကြည့်မယ်ဆိုလို့ရှိရင် စားကျက်မြေထဲမှာ ကျူးကျော်နေတဲ့၊ စိုက်ပျိုး လုပ်ကိုင်နေတဲ့ တောင်သူများအားလုံးကို ပုံစံ(၇)စိုက်ပျိုးမြေအဖြစ်လုပ်ပေးရမယ်ဆိုတဲ့ အဓိပ္ပာယ် သက်ရောက်နေပါတယ်။ အဲဒီတော့ ကျွန်တော်တို့က တစ်ဖက်ကစားကျက်မြေများကိုလည်း ကာကွယ် ရမယ်ဆိုတဲ့ဥပဒေတွေရှိသလို ဒီမှာသူနဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ ညွှန်ကြားချက်တွေကလည်း စားကျက်မြေ အားလုံးကို ဒီလိုပုံစံ(၇)ဖြစ်အောင် လုပ်ပေးရမယ်ဆိုတဲ့ ညွှန်ကြားချက်တွေက ပြန်ကြည့်မယ်ဆိုလို့ရှိရင် ဒါတွေဟာ ဆန့်ကျင်ဘက်ဖြစ်နေပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဒီကိစ္စဟာ ရေရှည်သွားရမယ့် ကိစ္စပါ။ ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့အဆိုဟာ ချက်ချင်းလက်ငင်းဆောလျင်စွာလို့သာ ကျွန်တော် ပြောတာပါ။ မြေအသုံးချမှုကိစ္စနဲ့ပတ်သက်ပြီးတော့ ပြန်ပြီးတော့မှသုံးသပ်ဖို့ဆိုတဲ့အဆိုကို ကျွန်တော်

မူကြမ်း

တင်တာပါ။ တင်တဲ့နေရာမှာ စိုက်ပျိုးမြေအဖြစ်ကိုလည်းပဲ ကျွန်တော်တို့ကထားရမှာပဲ။ စားကျက်မြေအဖြစ်လည်းထားရမယ်ဆိုတာ စောစောကပြည်ထောင်စုဝန်ကြီးလည်း တင်ပြသွားတာရှိပါတယ်။ အဲဒီတော့ အဲဒီလိုလုပ်တဲ့နေရာမှာ ကာကွယ်ရမယ့်ဥပဒေတွေနဲ့ ဆက်လက်ပြီးတော့ ကာကွယ်ဖို့လိုသလို လက်တွေ့မြေပြင်နဲ့ မကိုက်ညီတဲ့ကိစ္စတွေမှာလည်းပဲ ကျွန်တော်တို့က ဥပဒေနဲ့အညီပယ်ဖျက်ရမယ့် ကိစ္စတွေရှိပါတယ်။ အဲဒီတော့ အဲဒီလိုပယ်ဖျက်ဖို့ကိစ္စများကို လုပ်တဲ့နေရာမှာ ဒေသခံပြည်သူလူထုရဲ့ သဘောထားဆန္ဒတွေနဲ့အညီ လုပ်ပါဆိုတဲ့ဟာကို ကျွန်တော့်အနေနဲ့တင်ပြတာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အခုကျွန်တော့်အဆိုနဲ့ပတ်သက်လို့ဆွေးနွေးသွားတဲ့ ကိုယ်စားလှယ်ကြီးများ အားလုံးကလည်းပဲ မြေပြင်အခြေအနေနဲ့ ကိုက်ညီတဲ့ကိစ္စများကို ဆွေးနွေးသွားပြီးဖြစ်ပါတယ်။ ဒါကြောင့်မိုလို့ ကျွန်တော်တို့အစိုးရသစ်လက်ထက်မှာ ပြုပြင်ပြောင်းလဲရေးတွေကို လုပ်တဲ့နေရာမှာ တရားဥပဒေစိုးမိုးရေးအတွက်လည်း ဖြစ်စေချင်တယ်။ ကျွန်တော်တို့ပြည်သူလူထုအကျိုးစီးပွား အတွက်လည်း ဖြစ်စေချင်တယ်။ အဲဒီတော့ အဲဒီလိုကိစ္စများဟာ အစိုးရတစ်ရပ်အနေနဲ့လုပ်ဖို့ရှိနေတယ်ဆိုတာကို ပြည်သူ့လွှတ်တော်ခန်းမထဲကနေပြီးတော့မှ ကိုယ်စားလှယ်များ အားလုံးကနေပြီးတော့မှ အကြံပြုတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အဆိုနဲ့ပတ်သက်လို့ ပြည်ထောင်စုဝန်ကြီးကလည်းပဲ စားကျက်မြေများကို ပြန်ပြီးတော့မှ ထိန်းသိမ်းရမယ်ဆိုတဲ့ကိစ္စကိုလည်းပဲ ပြောသွားတယ်။ ပယ်ဖျက်ပေးရမယ့်ကိစ္စကိုလည်း လုပ်ပေးပါမယ်လို့ ပြောသွားတဲ့အတွက်ကြောင့် ကျွန်တော်တို့ လွှတ်တော်ကနေပြီးတော့မှ ကျွန်တော့်အဆိုနဲ့ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ်များက ဝန်ကြီးရဲ့ ကတိအတိုင်း စောင့်ကြည့်လေ့လာဖို့အတွက်ကို ကျွန်တော်တို့ လွှတ်တော်ကနေပြီးတော့မှ စောင့်ကြည့်ပေးဖို့ ဒါကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကို တင်ပြပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးကျော်မင်း၊ လက်ပံတန်းမဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ် ၁၈ ဦးက ဆွေးနွေးပြီး ပြည်ထဲရေးဝန်ကြီးဌာနက အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း မှတ်တမ်းတင်စောင့်ကြည့်ပေးရန် ရှင်းလင်းပြောကြားခဲ့ပါတယ်။ ဒါကြောင့် ဒီအဆိုနဲ့စပ်လျဉ်းပြီး မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးကျော်မင်း တင်သွင်းတဲ့အဆိုကို လွှတ်တော်ကမှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုနဲ့စပ်လျဉ်းပြီး အဆိုရှင်ရဲ့ စေတနာ၊ ရည်ရွယ်ချက်၊ ဆွေးနွေးကြတဲ့ ပြည်နယ်/တိုင်းဒေသကြီးအသီးသီးက ကိုယ်စားလှယ်တွေ၊ မြို့နယ်အသီးသီးက မဲဆန္ဒနယ်မြေတွေ ကိုယ်စားပြုတဲ့ဒေသကွဲပြားတဲ့ ကိုယ်စားလှယ်တွေရဲ့ စေတနာနဲ့ရည်ရွယ်ချက်ကိုလည်း ဝန်ကြီးဌာနက သိပြီးဖြစ်မယ်လို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုကို အလေးအနက်ထားပြီးတော့ ဝန်ကြီးဌာန အနေနဲ့ဆောင်ရွက်ပေးပါ။ လွှတ်တော်အနေနဲ့လည်း မှတ်တမ်းတင်ရုံမဟုတ်ပါဘူး။ စောင့်ကြည့်သွား မယ်ဆိုတဲ့ အကြောင်းကို အသိပေးပါတယ်။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(၁၆)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(၁၇)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက်(ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၄း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၁၄း၃၀ နာရီ အချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ (၈.၃.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ကိုယ်စားလှယ်များနှင့် ဝန်ကြီးများ


ဦးမြင့်သိန်း (ဝက်လက်မဲဆန္ဒနယ်)


ဒေါ်ခင်သန်းနု (မင်းတုန်းမဲဆန္ဒနယ်)


ဦးအုန်းလွင် (ညောင်တုန်းမဲဆန္ဒနယ်)


ဦးအောင်စိုးမင်း (ရွှောင် မဲဆန္ဒနယ်)


ဒေါ်အေးမြမြမျိုး (ကျောက်တန်း မဲဆန္ဒနယ်)


ဦးမြင့်ငွေ (ကျောက်ကြီး မဲဆန္ဒနယ်)


ဒေါ်အေးအေးမူ (ခ) ဒေါ်ရှားဗီး (ကလေးမဲဆန္ဒနယ်)


ဦးကျော်မင်း (လက်ပံတန်း မဲဆန္ဒနယ်)


ဦးလှကျော် (စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး)

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်